

ဆန်းကြယ်လုံးချင်းဝတ္ထု
ကျောက်လက်ဝါးအမြှုတော

စာမူခွင့်ပြုချက် – ၅၀၁၂၈၈၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၂၉၃၀၅၁၀

အကြိမ် – ပထမအကြိမ်

၂၀၀၆–ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇၊ ၄၄–လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံး ပုံနှိပ်သူ – ဒေါ်မြင့်မြင့်ကြူ (မြဲ–၀၈၁၀၈)

မိုးကောင်းကင်အော့(ဖ်)ဆက်

၁၂၀၊ ၃၈–လမ်းအောက်၊

ကျောက်တံတားမြို့နယ်။



## စာရေးသူ၏ ရေးသားထုတ်ဝေပြီးစာအုပ်များ

၁။ စက္ကောပါလသံသေတား
၂။ ကျောက်စိမ်းနက်ဝက်ပါ
၃။ လောဘပင်လယ်မှ ပုလဲနက်ရန်စွယ်
၄။ မဟူရာကေရီ
၅။ နှင်းတလိုက်နှင့် တိမ်တိုက်ကမှောင်
၆။ ကျားသစ်နက်မာယာ
၇။ ယောကျ်ားတို့နေရာ
၈။ ကုမ္ဘီလရန်စွယ်
၉။ နဂါးခံတွင်း ကျားခံတွင်း
၁၀။ နှင်းတောင်သခင်မ
၁၁။ နဂါးဝိဉာဉ်ကျိန်စာ
၁၂။ ပျဉ်ဒရယ်ရွှေသိုက်နှင့်ဂမ္ဘီရဝတ္ထုများ
၁၃။ သံယောဇဉ်ရန်ငြိုး
၁၄။ မာလာအဆိပ်ကျွန်း
၁၅။ ဂမုန်းနက်ချစ်သူ
၁၆။ ရှမ်ဗဲလားနှင့် မရဏာကမ္ဘာ
၁၇။ ရတနာဒီပတောင်မှ မရဏာကျိန်စာ
၁၈။ မျောက်တဲစ်ရာမြေမှ ဝနေစောင့်ရန်စွယ်
၁၉။ စက္ကောပါလ သံသေတား (ဒုကြိမ်)
၂၀။ မရဏာဂယက်
၂၁။ မာယာကေရီ

ရွှေသမင်စာပေ

၂၂။ မြိုင်နန်းဝက်ဘာ
၂၃။ နဂါးနက်ကျော့ကွင်း
၂၄။ အတွင်းဒီပါစခန်းမှ ကုံကော်တစ်ထောင်လမ်း
၂၅။ လိပ်ပြာဝိညာဉ်အကျဉ်းသား
၂၆။ ရှမ်းဗဲလားမှ သစ္စာပါလအမွေ
၂၇။ ကန္တာရနှင်းဆီနက်
၂၈။ ကမ္ဘီရကျောက်ပျံနီ
၂၉။ ကညင်ကိုးပင် စင်ကိုးစင်
၃၀။ မနောမယနှင့် မကွရာရန်စွယ်
၃၁။ သိင်္ဂါပါလ သံယောဇဉ်
၃၂။ နဝင်္ဂရွှေစင်
၃၃။ မနုဇီဝရှာပုံတော်
၃၄။ ဝင်္ကန္တ ဒေဝီ
၃၅။ ပုလဲဝိညာဉ်နှင့် ကံကြမ္မာကလဲ့စား
၃၆။ ပါးကွက်ရန်စွယ်နှင့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ
၃၇။ မိုးမခဝက်ပါ
၃၈။ မဟူရာရန်စွယ်
၃၉။ သလင်းကျောက်နန်းတော်
၄၀။ နှင်းဖြူတောင်တန်း လွှမ်းသက်သေ
၄၁။ ကြယ်နဂါးနဲ့ ရွှေသားလိုဏ်ဂူ
၄၂။ ဇီဝစိုးကျိန်စာ
၄၃။ နဂါးတစ်ထောင်ဂူ
၄၄။ ဂမုန်းနက်ရန်စွယ်





၄၅။ မြနှင်းဖြူ မြသင်းကြူ မြဝင်းသူ
၄၆။ မောရမြိုင်မှ သောဠသဝက်ပါ
၄၇။ နဒီလှိုင်းဝိညာဉ်
၄၈။ နဂါးဖွက်အိုင်လမ်း
၄၉။ တစ္ဆေကျွန်း
၅၀။ ရှမ်ဘဲလား သို့ မဟာဂန္ဓာရီ
၅၁။ မရဏဘြိဂံ
၅၂။ **ကျောက်လက်ဝါးအမြုတေ (ယခုလထုတ်)**

**ဆက်လက်ထွက်ရှိမည့် စာအုပ်များ**

၅၃။ မရဏလိုဏ်ဂူ
၅၄။ ဘြိပဗ္ဗတ မြိုင်သေလာ
၅၅။ အရိုးတောင်ကျိန်စာ
၅၆။ ကျောက်စိမ်းဝိညာဉ်
၅၇။ တစ်ကျွန်းစံသရဖီ
၅၈။ ပျဉ်ဒရယ်မြနဒီ
၅၉။ ဝံပုလွေအသည်းနဲ့ချစ်သူ
၆၀။ မနုသသန္ဓယ်ရှင်တော
၆၁။ ဘီလူးမဂယက်
၆၂။ မဟူရာပုလဲနက်
၆၃။ အလွှမ်းဒီပါဝိညာဉ်
၆၄။ ကျိန်စာသင့်ဝိညာဉ်နှင့် သိင်္ဂါရမေတ္တာ

## ပါဝင်သောအခန်းများ


အမှာစာ...

အခန်း (၁) သစ်စုန်းပင်နှင့် ကံကြမ္မာဆိုး

အခန်း (၂) ကျွန်ုပ်နှင့် ထူးဆန်းသော ဂမုန်းကိန္နရာ

အခန်း (၃) ကျွန်ုပ်နှင့် ထူးဆန်းသော အဘိုးအို

အခန်း (၄) နန်းရွှေရည်နှင့် ပတ်သက်၍

အခန်း (၅) သံယောဇဉ် နှယ်တစ်ရစ်ကြောင့်

အခန်း (၆) ဦးဒီပ၏ အကြံအစည်

အခန်း (၇) နုနယ်သောအချစ်သည် မေတ္တာကို အကျည်း
တန်စေ၏

အခန်း (၈) ထူးဆန်းသော ကျောက်လက်ဝါး

အခန်း (၉) ကျောက်အမြုတေ(အမတေ)နှင့် သိဒ္ဓိရှိပုံများ

အခန်း (၁၀) မောင်အောင်နှင့် ရန်ငြိုးရန်ဖက်

အခန်း (၁၁) နေရစ်တော့ ချစ်သူရယ်

အခန်း (၁၂) စေတုတ္တရာတိုက်ပွဲ

အခန်း (၁၃) ထူးဆန်းသော ကိုဇော်ဂျီ

အခန်း (၁၄) တောနက်တွင်းမှ ဆန်းကြယ်မှုများ

အခန်း (၁၅) ကျောက်ချဉ်နက်ကို ရရှိခြင်း

အခန်း (၁၆) မောင်အောင်၏ လျှို့ဝှက်အကြံ

အခန်း (၁၇) ကျောက်အမြုတေနိဂုံး






## စာရေးသူ၏ အမှာစာ

ကျွန်တော့်အနေနှင့် ဂမ္ဘီရဆန်းကြယ် ဇာတ်လမ်းများကို ရှာဖွေ ရေးသားခဲ့တာ အုပ်ရေ လေးဆယ်ကျော်ခဲ့ပြီဖြစ်၏။ ထိုမျှများပြားလှသော အုပ်ရေကို တစ်အုပ်နှင့် တစ်အုပ် အကြောင်းအရာ မထပ်အောင်၊ ဇာတ်လမ်း မထပ်အောင် အားထုတ်ရသည်မှာ မလွယ်ကူလှပေ။

ကျွန်တော့်အနေနဲ့ စာအုပ်အတော်များများမှာ ဝန်ခံချက် ရေးသား ခဲ့ပါသည်။

ကျွန်တော်ရေးသားသော ဝတ္ထုများမှာ ဂမ္ဘီရဆန်းကြယ် ဝတ္ထုဖြစ်သောကြောင့် ကျွန်တော့်ရှေ့က ရေးသားသွားခဲ့သော ဆရာကြီး၊ ဆရာမကြီးများ၏ ဝတ္ထုဇာတ်လမ်းများကို အတု ယူရပါသည်။ မှီငြမ်း ကိုးကားရပါသည်။

ဂမ္ဘီရပဲရေးရေး၊ စုံထောက်ပဲရေးရေး၊ စွန့်စားခန်းပဲ ရေးရေး ၎င်းစာပေအမျိုးအစားကို ရေးသားမည်ဆိုလျှင် ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှား၊ ဆရာပိုလ်တာရာ (ရဲဘော်သုံးကျိပ်)တို့၏ အရိပ်အငွေ့နှင့်ကင်းအောင် ရေးသား၍ ရနိုင်မည်မဟုတ်ပေ။

ယခုအခါ ထိုအကြောင်းနှင့်ပတ်သက်၍ ကျွန်တော့်အား ဝေဖန် ရေးသားကြသော်လည်း ကျွန်တော့်အနေနှင့် မုဒိတာပွားရုံမှတစ်ပါး အခြားဘယ်လိုမှ မခံစားရပါ။

အဘယ်ကြောင့်ဆိုသော်...

အမြင့်ရောက်လေ လေတိုက်ခံရသော သဘောရှိသောကြောင့် ဖြစ်ပါသည်။

လေသည် တိုက်ပြီးသည်နှင့် ပြီးသွားတတ်ပေရာ သစ်ပင်အနေနှင့် ကြံ့ကြံ့ခံနိုင်ဖို့သာ ကြိုးစားရပါမည်။

ယခုဝတ္ထုနှင့်ပတ်သက်၍လည်း ဝန်ခံစာ ရေးရပါဦးမည်။

ဋင်းကျောက်လက်ဝါး အမြုတေ ဝတ္ထု၏ ကျောရိုးအချက်အလက်အချို့မှာ ဆရာမကြီး မဝင်းမြင့် ရေးသားခဲ့သော 'ရေပြာအိုင်မှ ဇာတ်လမ်းများ' ဝတ္ထုမှ အချက်အလက်အချို့ကို မှီငြမ်းရေးသားခဲ့ခြင်းဖြစ်ပါသည်။


၁၉၇၄ နှင့် ၁၉၇၅–ခုနှစ်၌ သွေးသောက်မဂ္ဂဇင်းတွင် အခန်းဆက်ရေးသားခဲ့သော ဝတ္ထုတိုများနှင့် ၁၉၇၅–ခုနှစ်တွင် ကဥ္စနစာပေမှ ထုတ်ဝေသော ရေပြာအိုင်မှ ဇာတ်လမ်းများ ဝတ္ထုမှ အချက်အလက်အချို့ကို မှီငြမ်းရေးသားပါကြောင်း ဝန်ခံပါသည်။

ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ...။

(တြိစက္က)







မိုးမရွာတာကို

တိုင်ပြီး စိတ်ညစ်နေမယ့်အစား

ရေ ဘယ်လိုရအောင်

ကြံဆတွေးတောခြင်းက

စိတ်ချမ်းသာမှုရစေရန်

ပိုမိုကောင်းမွန်သော အလုပ်ဖြစ်သည်။



စိတ်ကူးဖြင့်ဖောက်သော

နန်းတော်ထက်

လက်တွေ့ဆောက်နိုင်သော

ဝါးတဲတစ်တဲက

သင့်အတွက်

အထောက်အကူ ရနိုင်ပါသည်။







ဘဝတွင်

ထူးချွန်ပြောင်မြောက်နေသူများမှာ

လူသားများဖြစ်ကြသည်။

သူတို့လုပ်ရမည့်အလုပ်ကိုသာ

တစိုက်မတ်မတ်လုပ်လေ့ရှိပြီး

တခြား ဘာကိုမှ

ဂရုမစိုက်သောသူများ ဖြစ်ကြသည်။



သင်ပျော်ရမည့်ခရီးတွင်
လမ်း၌ အမှတ်မထင်တွေ့သော
ဆူးတစ်ချောင်းပင်
တစ်ခါတစ်ရံ
သင့်အတွက် အထောက်အကူရနိုင်ပါသည်။
ခြေထောက်ကို ဆူးနစ်ဝင်လာသော
အခြားဆူးတစ်ချောင်းကို
၎င်းဆူးသွားဖြင့်
ကော်ထုတ်ရသည့်အခါ ရှိပါသည်။







ကတိ
များများပေးသူသည်
တစ်ခုခုကို
လိမ်တော့မည့်သူဖြစ်သည်။
အမှန်တရားလုပ်သူမှာ
တစ်ပါးသူယုံအောင်
ကတိပေးစရာမလိုပေ။




သင်

ရောက်သွားသောအခါ

အလုပ်များနေသူသည်

သင်မလာခင်က

ထိုင်နေသူဖြစ်သည်။







အဖြူရောင်စာရွက်ပေါ်တွင်

ပထမဦးစွာ ထင်သောအရောင်သည်

ဖျက်မရနိုင်ပေ။

ထိုကဲ့သို့ပင်

ငယ်ရွယ်နုနယ်စဉ်

အသည်းနှလုံးပေါ်သို့

ဦးစွာရောက်လာသော အချစ်သည်

ဘယ်သောအခါမှ

မပျောက်ပျက်နိုင်တော့ပေ။

အလှကို သဘာဝကသာ ပိုင်ဆိုင်ပေသည်။

သဘာဝကို ဆန့်ကျင်သောအလှသည် တာရှည်မခံ နိုင်ပေ။

ပန်းတစ်ပွင့်ကို ရေသန့်ရှိပန်းအိုးထဲမှာ ဘယ်လောက်ပင် လှအောင် ထားစေကာမူ အပင်မှာပွင့်နေသော ပန်းလောက် တာရှည်မခံနိုင်ပါပေ။

ချစ်သူနှင့် ကွဲကွာခြင်းသည် ဘဝအတွက် ဆုံးရှုံးမှု မဟုတ်ပေ။

စာမေးပွဲကျခြင်းသည် ဘဝအတွက် ဆုံးရှုံးမှု မဟုတ်ပေ။

ချစ်ခင်လှသော မိသားစုနှင့် ခွဲခွာရခြင်းသည် ဘဝအတွက် ဆုံးရှုံးမှု မဟုတ်ပေ။

တကယ်တော့


သင့်စိတ်ကို သင် မနိုင်ခြင်းသာလျှင် ဘဝအတွက် ဆုံးရှုံးမှုတရားခံ ဖြစ်တော့သည်။







မိတ်ဆွေချစ်သောကြင်းများသည်
သင်တစ်ယောက်တည်းဆီကို
ရဖို့တိုးဝင်နေခြင်း မဟုတ်ပါ။
လောက တစ်ကမ္ဘာလုံးမှာရှိ
လူတွေအားလုံးကို ဖုံးအုပ်ထားသလို
မိတ်ဆွေချစ်သောသူ့ဆီက
လူအများရဲ့ ရင်ထဲမှာ
အလှည့်ကျ ဝင်နေတယ်လို့တွေးမိရင်
သင် ခံစားရတဲ့ဝေဒနာ သက်သာသွားမှာပါ။



သစ္စာဆိုတာ

စောင့်ထိန်းသူအတွက်သာ

ဖြစ်သည်။

ဖောက်ဖျက်သူအတွက်

မဟုတ်ပေ။





## အခန်း (၁)

## သစ်စုန်းပင်နှင့် တံကြွခွာဆိုး။

တစ်နေ့သ၌ ကျွန်ုပ်သည် ထူးဆန်းလှသော ရုက္ခဗေဒ အမျိုးအနွယ်ဝင် သစ်ပင်များအကြောင်းနှင့် ပတ်သက်သော စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုလျက်ရှိပေသည်။

လောက၌ လူတို့ ကုန်စင်အောင် မသိနိုင်သော ဆန်းကြယ်မှု များစွာရှိပေသည်။

သတ္တဗေဒ – တိရစ္ဆာန်များနှင့် ပတ်သက်သော ဆန်းကြယ်မှု များ။

ရုက္ခဗေဒ – သစ်ပင်မျိုးနွယ်တို့နှင့် ပတ်သက်သော ထူးဆန်း မှုများ။

ဘူမိဗေဒ – မြေ၊ ကျောက် အစရှိသည်တို့နှင့် ပတ်သက်သည့် ဆန်းကြယ်မှုများမှာ လူတို့အနေနှင့် အံ့ညြ၍မဆုံးနိုင်လောက်အောင် များပြားလှပေသည်။

ကျောက်နှင့်ပတ်သက်သော ဆန်းပြားမှုများအနေနှင့် ထူးဆန်းလှသော ကျောက်ပုံများ၊ အမြဲတေကျောက်များ၊ သိဒ္ဓိဝင်ကျောက်များရှိသလို...

သစ်ပင်များအနေနှင့်လည်း သစ်ပုံများ၊ နွယ်ရှင်များ၊ ထူးဆန်းလှသော ဂမုန်းမျိုးနွယ်များနှင့် မနုဿသစ်ပင်များ ရှိပေသည်။

သတ္တဗေဒဟု ခေါ်ဆိုအပ်သော သတ္တဝါလောက၌လည်း လူအပါအဝင် သတ္တဝါများစွာတို့၏ ထူးဆန်းလှသော အဖြစ်အပျက် အကြောင်းအရာတို့မှာ ရေးမကုန်၊ ပြော၍ မကုန်နိုင်အောင် များပြားလှပေသည်။

ထို့ကြောင့်...

ထိုအကြောင်းများအား လေ့လာရသည်မှာ ကုန်နိုင်ဖွယ်ရာ မရှိပေ။ ကျွန်ုပ် လေ့လာသော မှတ်တမ်းတစ်ခုတွင် လွန်စွာ ထူးဆန်းလှသော ရုက္ခဗေဒ သစ်မျိုးနွယ်အကြောင်းကို ဖတ်ရှုရပေသည်။

အညာကျေးရွာတစ်ရွာတွင် မသူဇာ ဆိုသော အမျိုးသမီးတစ်ယောက်မှာ စိတ်သဘော မနော ဖြူစင်ပါလျက် တစ်ရွာ





လုံးက စုန်း၊ကဝေအတတ် တတ်သည်ဟု ထင်ကြေးပေးကာ ပြောဆို ဆက်ဆံမှု မပြုကြပေ။

တကယ်တော့ မသူဇာမှာ မည်သည့် စုန်း၊ကဝေအတတ် ပညာမှ မတတ်သော သာမန်မိန်းမတစ်ယောက်သာ ဖြစ်သည်။

ရွာထဲမှလူများ ပြောပါများလာသောအခါ ယောကျ်ားဖြစ်သူကပါ နားယောင်လာပြီး မသူဇာအပေါ် သံသယရှိလာခဲ့သဖြင့် လင်မယားချင်း ကတောက်ကဆဖြစ်ကာ နောက်ဆုံးတော့ မသူဇာသည် မိဘဘက်မှ အမွေဆိုင်ခြံထဲတွင် တစ်ယောက်တည်း သွားရောက်နေထိုင်လေသည်။

ၿငင်းခြံမှာ ရွာအပြင်ဘက်မှာရှိပြီး သရဲခြောက်သည်ဟု နာမည်ကြီးလှသောကြောင့် မည်သူမှ မနေဝံ့သောခြံ ဖြစ်သည်။

အမွေဆိုင်ဖြစ်သော ညီအစ်ကို မောင်နှမများလည်း တစ်ဦးတစ်ယောက်မှ မနေဝံ့ကြသောကြောင့် မသူဇာက နေမည်ပြောသောအခါ မည်သူ တစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်မှု မပြုကြပေ။

ခြံမှာ အတော်အတန် ကျယ်ဝန်းပြီး ရှေးဟောင်းခြံဖြစ်သောကြောင့် ခြံအတွင်းမှ သစ်ကြီးဝါးကြီးပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။

ညအခါမဆိုထားနှင့် နေ့အခါမှာပင် တစ်ယောက်ချင်းနှစ်ယောက်ချင်း ဖြတ်သွားဖြတ်လာ မပြုဝံ့အောင် တိတ်ဆိတ်ခြိမ်သက်လျက်ရှိပေသည်။

မြကျယ်ကြီး၏ အလယ်လောက်မှာ ပျဉ်ကာ၊ သက်ကယ်မိုး တစ်ထပ်အိမ်တစ်လုံးရှိသည်။

အိမ်ခြေရင်းဘက်မှာ မည်သည့်သစ်ပင် အမျိုးအစားမှန်း မသိရသော ထီးထီးမားမားနှင့် သစ်ပင်ကြီးတစ်ပင်ရှိသည်။ ညောင်လန်းပင်နှင့် ခပ်ဆင်ဆင်တူလှသော ထိုသစ်ပင်ကြီးမှာ အသီးအရွက်များ မစားရသော်လည်း အရွက်ဖားဖားနှင့် အရိပ်ကောင်းသောကြောင့် ရှေးလူကြီးများက တကူးတကစိုက်ပျိုးခဲ့ကြဟန် ရှိပေသည်။

ထိုသစ်ပင်ကြီးမှာ လူတစ်ကိုယ်စာမျှ အလုံးအထည်ရှိပြီး အပွေး အခေါက်များရော အရွက်များပါ နီညိုရောင်အဆင်းရှိသည်။

သစ်ပင်, သစ်ခေါက်များကို ဓားဖြင့် ခုတ်ဖဲ့ကြည့်ပါက အညိုရောင် သွေးပုပ်များကဲ့သို့ ပျစ်ချွဲသော အစေးများစီးကျလာလေ့ရှိသည်။

အပေါ်ဘက်ရှိ ကိုင်းများတွင် ညောင်လန်းမြစ်ကဲ့သို့ အမြစ်ဖွားကလေးများ တွဲကျနေသည်။

ညအခါ အဝေးမှကြည့်လျှင် အဝတ်မည်းကြီးခြုံကာ ငုတ်တုတ်ထိုင်နေသော သတ္တဝါကြီးတစ်ကောင်နှင့်ပင် တူလှပေသည်။

ရွာသူရွာသားများ၏ အဆိုအရ ညအခါ တစ်ခါတစ်ရံ ထိုခြံအနီးမှ ဖြတ်သွားဖြတ်လာပြုခဲ့လျှင် ခြံအတွင်းမှ အဝတ်





နက်ကြီးခြုံထားသော မည်းမည်းသဏ္ဌာန်ကြီးတစ်ယောက်က ထွက်လိုက်လာတတ်သည်ဟု ပြောကြသည်။

သို့ကြောင့်...

ရွာသူရွာသားများမှာ ညဥ့်အခါများတွင် ထိုခြံကြီးအနီးမှ ဖြတ်သွားဖြတ်လာ ပြုရမည်ကို ရှောင်ကြဉ်ကြသည်။

အကယ်၍ မလွဲမရှောင်သာ သွားလာရမည့်ကိစ္စ ပေါ်ပေါက်ပါက တစ်ယောက်ချင်း နှစ်ယောက်ချင်း မသွားဝံ့ဘဲ အဖော်အပေါင်းနှင့်သာ သွားလာဝံ့ကြပေသည်။

ထန်းရည်သမား၊ အရက်သမားများပင် ထန်းရည်ဘယ်လောက်မူးမူး၊ အရက်ဘယ်လောက်မူးမူး ညဥ့်နက်သန်းခေါင် ထိုခြံအနီးမှ မပြန်ဘဲ တစ်နေရာရာမှာ ခွေအိပ်နေပြီး မိုးလင်းသောအခါမှ မိမိနေအိမ်သို့ ပြန်လေ့ရှိကြသည်။

ထို့မျှ ကြောက်မက်ဖွယ်ရာကောင်းသော ခြံကြီးထဲကို မသူဇာလို မိန်းမတစ်ယောက်တည်းက အဖော်မပါဘဲ သွားရောက် နေထိုင်သောအခါ အံ့သြမှုတော့ ဖြစ်မိကြသည်။

သို့သော်လည်း...

မလို မုန်းတီးသူတွေကတော့ ဤသို့ ပြောကြပြန်သည်။

"သူကတော့ နေဝံ့မှာပေါ့၊ စုန်း,ကဝေပညာ တတ်တဲ့သူတွေဆိုတာ မကောင်းဆိုးဝါးတွေ၊ တစ္ဆေသရဲတွေနဲ့က မိတ်ဆွေတွေပဲဟာ၊ ဘယ်ကြောက်မှာလဲ"

"ဟုတ်ပါ့တော်... ရုပ်ရည်ကလေး သနားကမားနဲ့ ဒီလောက်ယုတ်ညံ့တဲ့ ပညာကြီးကိုများ သင်ယူထားတာ အံ့ပါရဲ့တော်"

"သူက တကူးတက သင်ရတာမဟုတ်ဘဲ၊ မွေးရာပါတဲ့ ပညာဆိုလားပဲ၊ ဝမ်းတွင်းစုန်းဆိုတာ သင်တဲ့လူတွေထက် ပိုပြီး ကြောက်စရာကောင်းသတဲ့"

"ဘာပဲဖြစ်ဖြစ် ဒီမကောင်းဆိုးဝါးမ ရွာထဲမှာမရှိတာ တော့ ခပ်ကောင်းကောင်းပဲ၊ သူ ရွာထဲမှာရှိနေရင် နေ့တထိတ် ထိတ်၊ ည တထိတ်ထိတ်နဲ့ နေ့နေရတာ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူ မရှိတာ ရွာအေးတယ်၊ မဟုတ်ရင် ရွာထဲမှာ ထစ်ခနဲဖြစ်လိုက်ရင် သူ့လက်ချက် ချည်းပဲ၊ ကြာရင် တစ်ရွာလုံးမနေဝံ့အောင် ဖြစ်ကြလိမ့်မယ်"

ဟု အမနာပ စကားများဖြင့် ဝိုင်းဝန်း ပြောဆိုကြသည်။

မသူဇာမှာ အသက်သုံးဆယ်ကျော် အရွယ်ခန့်ရှိပြီး ရုပ်ရည် သနားကမားရှိသူ ဖြစ်သည်။

ခင်ပွန်းဖြစ်သူ ကိုထွန်းကျော်နှင့် အိမ်ထောင်ကျတာ သုံးနှစ်ကျော် လေးနှစ်နီးပါး ရှိပြီဖြစ်သော်လည်း ယခုတိုင် သားသမီးတစ်ယောက်မှ မထွန်းကားပေ။

သို့ကြောင့်...

"သားမစုံသည့် အမြုံမ" ဟု စွပ်စွဲကာ ကိုထွန်းကျော်က အချစ်တွေလျော့လာခဲ့ရာမှ နောက်ဆုံး ကတောက်ကဆ ဖြစ်ကာ လင်မယားချင်း ကွဲပြဲကြသည်အထိ ဖြစ်ခဲ့ကြသည်။





"သွား... သွား... မင်းလို လူတွေအတွက်ရော ငါ့ အတွက်ပါ ဘာမှအကျိုးမရှိတဲ့ မိန်းမတစ်ယောက်ကို ဆက် ပေါင်းနေလည်း အပိုပဲ၊ မင်းကြိုက်တဲ့နေရာမှာသာ သွားနေ တော့"

ဟု နှင်ချလေသည်။

တကယ်တော့...

မသူဇာမှာ အားကိုးစရာမိဘများ မရှိတော့သောနောက် တွင် လင်သားဖြစ်သူ ကိုထွန်းကျော်ကို အားကိုးသမှုပြုကာ လိုက်နေခဲ့ရာမှ ယခုကဲ့သို့ အဆင်မပြေဖြစ်သောအခါ ယောက္ခမ များကရော အခြား လင့်ဘက်မှဆွေမျိုး အသိုက်အဝန်းများ ကပါ ဝိုင်းဝန်းနှိပ်စက်ကြသဖြင့် မနေနိုင်တော့ဘဲ ယခုကဲ့သို့ အိမ်ပေါ်မှ ဆင်းခဲ့ရခြင်းဖြစ်၏။

ယောက်ျားအိမ်မှ ဆင်းလာပြီးနောက်တွင်လည်း တခြား ဆွေမျိုးသားချင်းများအိမ်တွင် နေထိုင်ရန် အခွင့်မရသော ကြောင့် "မသေဝံ့ စွန့်" ဆိုသောစကားလို နောက်ဆုံး နေစရာမရှိတော့သဖြင့် ထိုခြံကြီးထဲမှ အိမ်တွင် အရဲစွန့်ကာ လာရောက် နေထိုင်ရခြင်းဖြစ်သည်။

အားလုံးကတော့ မသူဇာတစ်ယောက် ထိုခြံကြီးအတွင်း သို့ သွားရောက်နေထိုင်သည်ကို စိတ်ထဲမှ ကြိတ်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

အဘယ့်ကြောင့်ဆိုသော်...

ငင်းတို့ ဒုက္ခတွေ့ရသလို မသူဇာတစ်ယောက်လည်း မကြာခင်မှာ ထိုခြံကြီးအတွင်းမှာ ဒုက္ခလှလှတွေ့ရလိမ့်မည်ဟု ထင်ကြသောကြောင့် ဖြစ်သည်။

မသူဇာကတော့ သူတို့ထင်ထားသလို မဟုတ်ပေ။

သူမသည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက မကောင်းမှုအကုသိုလ်အလုပ်များကို ရှောင်ကြဉ်၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူဖြစ်၏။

နေ့စဉ် ဘုရားရှိခိုး၊ မေတ္တာပို့ အမျှဝေလေ့ရှိသည်။

ထိုသို့ ပြုမူသည်ကြောင့်ပင် ယောက္ခမများနှင့် မသင့်မြတ်ခြင်းဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော်—

ကိုထွန်းကျော်၏ မိဘများက ခွားသတ်၊ ဝက်ပေါ်ကာ စီးပွားရှာကြသောကြောင့် ဖြစ်သည်။

မသူဇာသည် ထိုခြံထဲရောက်သောအခါ နေ့စဉ် မေတ္တာပို့ အမျှဝေကာ ခြံဝင်းထဲမှ မြေကွက်ကလေးများကို ရှင်းလင်းတူးဖော်၍ ရာသီထွက် အသီးအနှံများ စိုက်ပျိုးပြီး ဝမ်းရေးအတွက် လုပ်ကိုင်ခဲ့ရပေသည်။

ခြံထဲသို့ မသူဇာပြောင်းလာခဲ့ပြီး လ,အတန်ကြာသည်အထိ မည်သည့်အန္တရာယ် တစ်စုံတစ်ရာမှ မဖြစ်သောအခါ အားလုံးက အံ့သြနေကြသည်။

တိုက်ဆိုင်မှုဟု ဆိုရမည်လား မပြောတတ်ပေ။





ရွာထဲမှ မသူဇာအား မကောင်းကြံစည်သူများ၊ အမနာပပြောသူများကတော့ တစ်ယောက်ပြီး တစ်ယောက်၊ တစ်ဦးပြီး တစ်ဦး အန္တရာယ်ဆိုးများနှင့် တွေ့ကြုံရလေသည်။

အတော်များများမှာ မသူဇာနေထိုင်သော ခြံဝင်းအတွင်းမှ ထွက်လာသော မည်းမည်း သတ္တဝါကြီးတစ်ကောင်က သာရောက်အန္တရာယ်ပေးနေသည်ဟု ဆိုကြလေသည်။

ရွာထဲမှာတော့ ကောလာဟလ တီးတိုးစကားတွေက ပျံ့လွင့်လျက်ရှိလေသည်။

"ငါ ညက အိပ်မပျော်လို့ အိုက်စပ်စပ်ရှိတာနဲ့ တံခါးဖွင့်ပြီး ကွမ်းဝါးနေတုန်းမှာ မသူဇာနေတဲ့ခြံဝင်းထဲက မည်းမည်းကြီးကွယ် မားမား မားမားနဲ့ ထွက်လာပြီး ဘမောင်အိမ်ဘက် ထွက်သွားတာ တွေ့လိုက်ရတယ်၊ ငါလည်း ကြောက်တာနဲ့ တံခါးပြန်ပိတ်ထားလိုက်တယ်။

"ဟော... အခုမနက်တော့ အဲဒီအိမ်ကလူ နေမကောင်းဘူးလို့ သတင်းကြားရတော့တာပဲ"

ဟု လည်းကောင်း...

"ဟုတ်လိမ့်မယ်၊ အရပ် ဆယ်တောင်လောက်ရှိမယ် ထင်တယ်၊ အဝတ်နက်ကြီးကို ခေါင်းမြီးခြုံထားတဲ့ မည်းမည်းကောင်ကြီး သူ့ခြံဝင်းထဲမှာ ပျောက်သွားနေတာ မြင်ရတယ်"

ဟု တစ်ဖုံ...

"ဒါကြောင့် ဖြစ်မှာပေါ့၊ ညဘက်တွေမှာ သူ့ခြံထဲဘက်ကို ခွေးတွေ စူးစူးဝါးဝါးနဲ့ ထိုးဟောင်သံတွေ ကြားနေရတာပေါ့၊ ညဘက်တွေမှာ ခွေးတွေအူပြီဆိုတာနဲ့ နောက်တစ်နေ့ ရွာထဲမှာ တစ်ခုခုဖြစ်တော့တာပဲ"

ဟု တစ်မျိုး...

"ရွာထဲက မရွှေခင်ကြီးဆုံးတုန်းက ကြည့်ပါလား။ တစ်ညလုံး သူ့ခြံဝင်းထဲက ခွေးတွေ စူးစူးဝါးဝါး ဟောင်သံကြားရပြီး နောက်တစ်နေ့ အကောင်းကြီးကနေ ကောက်ကာငင်ကာနဲ့ ချက်ချင်းဖျားပြီး ဆုံးသွားတာမဟုတ်လား"

ဟု အမျိုးမျိုး ပြောဆိုနေကြသည်။

မသူဇာကတော့ ထိုအကြောင်းများကို မသိရှာပေ။

ရွာထဲမှာ သာရေးနာရေး၊ အကြောင်းကြီးငယ်ရှိလျှင် ရွာဓလေ့ထုံးစံအတိုင်း သွားရောက် သတင်းမေးလေ့ရှိသည်။

သို့သော်...

ရွာထဲမှ လူများကတော့ သူလာတာမြင်လျှင် ကြောက်ရွံ့သည့် အမူအရာ၊ မနှစ်မြို့သည့်အမူအရာ၊ စက်ဆုပ်သည့် အမူအရာများဖြင့် အဖက်မတန်သည်ကို သိလာရသောအခါ သူမအနေနှင့် အလိုလို စိတ်အားငယ်လာမိသည်။

နောင်သောအခါ သူမအနေနှင့် ရွာထဲကို အကြောင်းကြီးငယ် ကိစ္စမျိုးရှိမှသာ သွားလေတော့သည်။





တစ်ညသောအခါ မသူဇာအတွက် ကံကြမ္မာဝင်္ကပါကြားက ဝင်လာလေတော့သည်။

ထိုညတွင် ကောင်းစွာအိပ်မပျော်သဖြင့် ပုတီးကလေးကို ကိုင်ကာ ခြံဝင်းထဲသို့ ဆင်းလာခဲ့သည်။

ခြံဝင်းပတ်လည် လမ်းလျှောက်ကာ ပုတီးစိပ်၊ မေတ္တာပြီး အမျှဝေမည်ဟု စိတ်ကူးကာ ဆင်းလာခဲ့ခြင်းဖြစ်၏။

လပိုက်ရက်ဖြစ်သဖြင့် ပဏ္ဏဝန်းကျင်တစ်ပိုက်မှာ အမှောင်တုက ဖုံးလွှမ်းနေသည်။

သစ်ရိပ် ဝါးရိပ်များကြောင့် ခြံဝင်းထဲမှာ ပို၍မှောင်နေသည်။ သို့သော်လည်း...

သူမအနေနှင့် သွားလာနေကျမို့ ပိုးတဝါးရှိသော အလင်းရောင်ကလေးကိုပင် အားပြုကာ ခြံဝင်းထဲတွင် လမ်းလျှောက်နေရင်းမှ အိမ်ခြေရင်းဘက်သို့ ရောက်သောအခါ လှမ်းနေသော ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားလေသည်။

"ဟင်..."

သူမစိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

"ငါ့ခြေရင်းဘက်မှာရှိတဲ့ ဒီနေရာက သစ်ပင်ကြီး ဘယ်ရောက်သွားပါလိမ့်၊ ဒီနေရာမှာ ပြေကျင်းကြီးပဲ ကျန်နေခဲ့ပါလား။ ငါပဲ အိပ်ချင်မူးတူးနဲ့ မျက်စိမှောက်နေလို့လား၊ ဒါမှမဟုတ် တစ်နေရာကိုများ သူ့အလိုလို နေရာရွှေ့သွားတာလား။ ထူးဆန်းလိုက်တာ"

ထိုသို့စဉ်းစားနေစဉ် ရွာထဲဘက်မှ ခွေးဟောင်သံများ၊ လူသံများ ဆူဆူညံညံ အော်ဟစ်သံများကို ကြားလိုက်ရသည်။

အသံများက တဖြည်းဖြည်းနှင့် သူမခြံရှိရာဘက်သို့ နီးလာလေသည်။

"လိုက်ဟေ့… လိုက်ဟ… မလွတ်စေနဲ့ဟ"

ထိုအော်သံများကြောင့် မသူဇာမှာ ကြောက်ရွံ့လှသဖြင့် အိမ်ပေါ်ပြန်တက်ကာ အမှောင်ထဲမှာပင် ငုတ်တုတ်ကလေး ငြိမ်သက်စွာ ထိုင်နေရှာသည်။

"ဟေ့… ဟိုမှာ… ဟိုမှာ အိမ်နောက်ဘက်ထဲကို မည်းမည်းသဏ္ဍာန်ကြီး ဝင်ပြေးသွားပြီဟေ့၊ ဝင်လိုက်ဟေ့"

အော်ဟစ်သံ၊ ဆူညံသံများနှင့်အတူ မိမိခြံဝင်းအတွင်းသို့ ဓားလှံလက်နက်များ ကိုင်ဆောင်ထားသော ရွာသူရွာသားများ ဝင်လာကြသည်။

အချို့လက်ထဲမှာ မီးတုတ်များ ပါလာသောကြောင့် အလင်းရောင်များ အတန်အသင့်ရနေသည်။

"ဘယ်ရောက်သွားပြီလဲ"

"အိမ်အနောက်ဘက် ဝင်ပြေးသွားတာ တွေ့လိုက်တာပဲ"

"အိမ်ပေါ်တက်ပုန်းနေတာ ဖြစ်မှာပေါ့"

"ဟေ့… မိသူဇာ၊ နင် အိမ်ပေါ်ကဆင်းခဲ့စမ်း"





မိမိနာမည်ကို ခေါ်သံကြောင့် မသူဇာ အိမ်ပေါ်မှ အောက်သို့ ဆင်းလာသည်။

"ဘာဖြစ်လာကြတာလဲဟင်"

"အခုမှ လက်ပူးလက်ကြပ်မိတော့တယ်၊ သေပေတော့ နန်းမ"

ဟု ပြောဆိုကာ ဒေါသမထိန်းနိုင်သော လူများက လက်ထဲမှာ ကိုင်ဆောင်လာသော တုတ်,ဓားများဖြင့် ဝိုင်းဝန်း ရိုက်နှက်ကြလေရာ မသူဇာခမျာ အသံပင်မထွက်နိုင်တော့ဘဲ နေရာမှာ ပုံလျက်သား လဲကျသွားတော့သည်။

တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ကာ ဆူညံနေရုံမက အချို့က ရွာဦးကျောင်း ဆရာတော်ကြီးအား သွားရောက် လျှောက်ထားကြသောအခါ ဆရာတော်ကြီးမှာ မနေသာ တော့ဘဲ မသူဇာခြံဝင်းအတွင်းသို့ ကြွလာလေတော့သည်။

ဆရာတော်ကြီးမှာ လောကီ လောကုတ္တရာ နှစ်ဖြာ နှံ့စပ်ကျွမ်းကျင်ရုံမက တစ်ရွာလုံးက လေးစားကြည်ညိုကြ သဖြင့် ဆရာတော်ကြီး ကြွလာသည်ကို မြင်သောအခါ လူများမှာ နေရာဖယ်ပေးကြရုံမက ဆူညံသံများလည်း တိတ် ဆိတ် ငြိမ်သက်သွားလေတော့သည်။

"ဘယ်လိုဖြစ်နေကြတာလဲ"

ဆရာတော်ကြီးက မေးသဖြင့် ရွာသားတစ်ယောက်က အကျိုးအကြောင်း လျှောက်ထားလိုက်သည်။

"ဖြစ်မှ ဖြစ်ရပလေ… နင်တို့တစ်တွေ မဆင်မခြင်နဲ့ ထင်ရာလုပ်လိုက်ကြပလေ… အခုတော့ အပြစ်မရှိတဲ့ခမျာ အကြောင်းမဲ့ အသက်ဆုံးရရှာပြီ၊ သနားဖို့ကောင်းလိုက်ပါဘိကွယ်"

"သူက တပည့်တော်တို့ ရွာသူ ရွာသားတွေကို စုန်းအတတ်ပညာနဲ့ ပြုစားနေတာသိရလို့ အခုလို လုပ်လိုက်တာပါဘုရား"

"ဘာကြောင့် သူပြုစားတယ်လို့ အတပ်ပြောနိုင်ရတာလဲ"

"ညဘက်ရောက်ရင် သူနေတဲ့ခြံဝင်းထဲက မည်းမည်းသတ္တဝါကြီး တစ်ကောင်ထွက်၊ ထွက်လာပြီး ရွာထဲကိုလာပါတယ် ဘုရား။ ရွာထဲက အဲဒီသတ္တဝါကြီးဝင်တဲ့ခြံဆိုရင် အဲဒီမှာ နေတဲ့လူတွေဟာ သေရင်သေ၊ မသေရင်တောင်မှ ရောဂါတစ်ခုခုရပြီး ချက်ချင်း ဒုက္ခတွေ့တော့တာပါပဲ…

"ဒါကြောင့် ဒီညတော့ တပည့်တော်တို့ ရွာသူရွာသားတွေ စောင့်နေတုန်း မည်းမည်းသတ္တဝါကြီး ရောက်လာပြီး ဘိုးထွန်းရဲ့ခြံဝင်းထဲကို အဝင်မှာ လှံနဲ့ ထွက်ထိုးလိုက်တာ လှံတန်းလန်းကြီးနဲ့ ထွက်ပြေးသွားပါတယ် ဘုရား။

"တပည့်တော်တို့ နောက်ကလိုက်တော့ အဲဒီမည်းမည်းကြီးက သူ့ခြံထဲကို ဝင်ပြေးပြီး ပျောက်သွားပါတယ်ဘုရား၊ တရားခံက သူမှလွဲပြီး တခြားလူ မဖြစ်နိုင်ပါဘူး။

"ဒါကြောင့် တပည့်တော်တို့လည်း စိတ်မထိန်းနိုင်တာနဲ့ အခုလို ပြုမိတာပါ ဘုရား"





ဟု ရွာသားတစ်ယောက်က အကြောင်းစုံ လျှောက်ထားလေသည်။

"ကဲ… ထားပါတော့၊ ဒါဖြင့် မည်းမည်းသတ္တဝါကြီးဟာ မသူဇာလို့ထင်ရင် နင်တို့ထိုးလိုက်တဲ့ လှံချက် သူ့ကိုယ်ပေါ်မှာ တွေ့ကြရဲ့လား"

ဟု ပြောသဖြင့် ရွာသားအချို့က မြေပေါ်မှာ လဲကျသေဆုံးနေသော မသူဇာကိုယ်ပေါ်သို့ လိုက်ကြည့်သောအခါ ရွာသားများ ရိုက်နှက်ထားသော ဒဏ်ရာဒဏ်ချက်များမှလွဲ၍ လှံကိုသော် လည်းကောင်း၊ လှံချက်ကိုသော် လည်းကောင်း အလျဉ်းမတွေ့ကြရပေ။

ထိုအခါမှ တအံ့တသြ ဖြစ်နေကြသည်။

"နင်တို့ပြောသလို လှံချက်ထိထားတဲ့ မည်းမည်းသတ္တဝါကြီး ဒီခြံဝင်းထဲကို ဝင်ပြေးသွားတာမှန်ရင် ဒီခြံထဲမှာပဲ ရှိရမှာပေါ့၊ လိုက်ရှာကြည့်ပါလား"

ဟု မိန့်ကြားသဖြင့် ရွာသားအချို့က မီးတုတ်မီးတိုင်များကိုင်ကာ လိုက်ကြည့်ကြသောအခါ မသူဇာနေသော အိမ်ခြေရင်းဘက်တွင် လှံတစ်ချောင်း တန်းလန်းစိုက်ဝင်နေသော သစ်ပင်ကြီးတစ်ပင်ကို တွေ့ကြရလေသည်။

"ဒီမှာ တရားခံတွေ့ပြီဟေ့… လာကြည့်ကြပါဦး"

လူအချို့ အော်သံကြောင့် ထိုနေရာသို့သွားကြည့်ကြသောအခါ လူတစ်ယောက် အသားကဲ့သို့ ရှုံ့တွနေသော

သစ်ပင်ကြီး၏ပင်စည်မှာ လုံတစ်ချောင်း စိုက်ဝင်လျက်ရှိပြီး ထိုနေရာမှ ညိုပုပ်ပုပ်၊ မည်းနက်နက် အဆင်းရှိ သွေးကဲ့သို့ အစေးများ စီးကျလျက်ရှိသည်ကို အံ့ဩစွာ တွေ့ကြရသည်။

"ဒါက ဘယ်လိုဖြစ်တာလဲဟင်"

ထိုအခါ ဆရာတော်ကြီးက...

"ဒါ သစ်စုန်းပင်လို့ ခေါ်တယ်၊ မင်းတို့တစ်ရွာလုံးကို ဒုက္ခပေးနေတာ မသူဇာ မဟုတ်ဘူး။ ဒီသစ်ပင်ကြီးပဲ...။

"သစ်စုန်းပင်တွေဟာ ကောင်းကင်က နက္ခတ်တာရာ သင့်တဲ့အချိန်တွေမှာ အသက်ဝင်လာပြီး လူလိုပဲ သွားလာလှုပ်ရှားတတ်ကြတယ်၊ အထူးသဖြင့်တော့ မှောင်မိုက်တဲ့ ညအခါတွေမှာ အပြင်ထွက်ပြီးတော့ လူတွေကို အန္တရာယ် ပေးတတ်ကြတယ်"

"သူတို့က ဘယ်လိုတယ်ပုံ အန္တရာယ်ပေးတာလဲ ဘုရား"

"ညဘက် လူခြေတိတ်ဆိတ်တဲ့အချိန်မှာ ခြံဝင်းထဲ ရောက်လာပြီး အိပ်နေတဲ့လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ တစ်ဦးဦး ဆီက သွေးကို စုပ်ယူသွားတာပါပဲ၊ ဒီလိုစုပ်တဲ့အခါမှာလည်း အနီးကိုလာပြီး စုပ်တာမျိုးမဟုတ်ပါဘူး။ အိမ်နားမှာရပ်ပြီး စုပ်ယူတာပါပဲ၊ သွေးစုပ်ခံလိုက်ရတဲ့လူဟာ နောက်တစ်နေ့ မနက်လင်းရင် ရောဂါအကြီးအကျယ် ရတော့တာပါပဲ"

"ဟင်... ဒါဖြင့် ဒီခြံထဲမှာနေတဲ့ မသူဇာကျတော့ ဘာမှ အန္တရာယ်မပေးပါလား ဘုရား"





"မသူဇာရဲ့ ခြံဝင်းထဲမှာ နေတာဆိုတော့ သူ့ကိုတော့ သခင်တစ်ယောက်အနေနဲ့ ဘာမှ အန္တရာယ်မပြုတာပါ၊ နောက်ပြီး မသူဇာက ဘုရား တရား သံဃာ ရတနာသုံးပါး မြဲတဲ့လူဆိုတော့ အန္တရာယ်မပြုနိုင်ပေဘူးပေါ့...

"အင်း... လောကမှာ ဘဝဝဋ်ကြွေးဆိုတာ ကြောက်ရော ကောင်းလှတယ်၊ သူ့ခမျာ ဘယ်လိုပဲ ဘုရား တရား မြဲမြဲ... ကောင်းအောင်နေနေ ဘဝ ဝဋ်ကြွေးပါလာတော့လည်း ဥပစ္ဆေဒကကံနဲ့ သေရတာပါပဲလား"

ဆရာတော်ကြီးက ထိုသို့ရှင်းပြတော့မှ ရွာသူရွာသား များမှာ နောင်တ,တရားရကြကာ မသူဇာအတွက် ကြီးစွာ စိတ်မကောင်းဖြစ်ကြရသည်။

သို့သော်လည်း... အခြေအနေက လွန်သွားခဲ့ပေပြီ။

လုံချက်ထိထားသော သစ်စုန်းပင်ကြီးမှာလည်း နောက် တစ်နေ့မှစ၍ အရွက်များ တဖြည်းဖြည်းဝါကျင် ညှိုးလျော် လာကာ သေသွားလေတော့သည်။

ရွာသူရွာသားများလည်း သစ်စုန်းပင်ကြီးအား အမြစ်မှ လှန်၍ ထူးဖော်ဖျက်ဆီးပြီးနောက် ကံဆိုးရှာသော မသူဇာ အတွက် ထိုနေရာတွင် အုတ်ဂူလေးတစ်ခု ပြုလုပ်ထားပေး ကြလေသည်။

✿✦✿✦✿

## အခန်း (၂)

## ကျွန်ုပ်နှင့် ထူးဆန်းသော ဂဏန်းကိန်းရှာ

တစ်နေ့သောအခါ ရန်ကုန်စာတိုက်ကြီးမှ စာပို့လုလင် တစ်ဦးဖြစ်သူ မောင်အောင်မြင့် ရောက်လာပြီး ကျွန်ုပ်အတွက် ပါဆယ်အထုပ်ကြီးတစ်ထုပ် လာရောက်ပို့ပေးလေသည်။

အထုပ်မှာ အတော်အတန် ကြီးလှသောကြောင့် မောင် အောင်မြင့်မှာ လက်နှစ်ဖက်ဖြင့် မ,ယူလာရလေသည်။

"အထုပ်က ကြီးလှချည်လား မောင်အောင်မြင့်၊ ဘယ်သူ များ ပို့လိုက်တဲ့အထုပ်လဲ"

"ဆရာ့အတွက် စေတုတ္တရာဘက်က ပို့လိုက်တဲ့အထုပ်ပဲ၊ ပို့တဲ့သူလိပ်စာမှာတော့ ဦးဖေမုန်းထန်လို့ ရေးထားတာ တွေ့ တာပဲ"





ဟု ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်အား အထုပ်ကြီးကို ပေးသဖြင့် ကျွန်ုပ်လည်းလှမ်းယူကာ မောင်အောင်မြင့်အား ကျေးဇူးတင်သဖြင့် ငွေတစ်ကျပ် ထုတ်ပေးလိုက်ရာ သူသည် ကျွန်ုပ်အား ကျေးဇူးတင်လှစွာဖြင့် နှုတ်ဆက်ကာ ပြန်သွား လေသည်။

ထိုအချိန်က လက်ဖက်ရည်တစ်ခွက်မှာ တစ်မတ်မျှသာ ပေးရပြီး အောက်ခြေဝန်ထမ်းတစ်ဦး၏ လစာမှာ ၇၅ ကျပ်၊ ၈၀–မျှသာ ရသောကြောင့် ငွေတစ်ကျပ်၏တန်ဖိုးမှာ မနည်း လှပေ။ ကျွန်ုပ်သည် သူပြန်သွားသောအခါ ၎င်းပေးထားခဲ့ သော အထုပ်ကြီးအား သေချာစွာကြည့်လိုက်သည်။

အထုပ်ကို ဖျင်ကြမ်းအဝတ်စ,ဖြင့် အသေအချာချုပ်၍ ထုပ်ထားပြီး အစ,များကို ချိပ်ဖြင့် ဖိပိတ်ထားသည်။

အထုပ်ပေါ်၌...

စာရေးဆရာ အောင်မင်းအောင်
အမှတ်(......) ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားအနီး၊
ရန်ကုန်မြို့။

ဟူ၍ လိပ်စာတပ်ထားကာ အထုပ်၏ ဝဲဘက်ထောင့် ပို့သူ၏လိပ်စာကိုမူ "ဦးဖေမုန်းထန်၊ စေတုတ္တရာစာတိုက်" ဟူ၍ သာ ရေးသားထားသည်။

ကျွန်ုပ်သည် အထုပ်ပေါ်၌ ကပ်ထားသောချိပ်များကို စိတ်ရှည်လက်ရှည်ခွာကာ ဖွင့်ကြည့်လိုက်သောအခါ အတွင်း၌ စာရွက်ထပ်တစ်ထပ်နှင့် စက္ကူဖြင့်ပတ်ထားသော အရာဝတ္ထု တစ်ခုကိုတွေ့ရသည်။ ထိုအရာဝတ္ထုမှာ အတော်အတန်လေးလံ လှသဖြင့် ဖြေကြည့်လိုက်သောအခါ ကျောက်တုံးအပိုင်းအစ တစ်ခု ဖြစ်နေသည်ကို အံ့သြစွာတွေ့ရလေသည်။

"ဘာကျောက်တုံးကြီးပါလိမ့်"

ကျွန်ုပ်လည်း အံ့သြလှစွာဖြင့် ၎င်းကျောက်တုံးကြီးကို အသေအချာကြည့်သောအခါ ကျောက်မှာ လိပ်သည်းကျောက် ကဲ့သို့ အမျိုးအစားဖြစ်ပြီး တစ်စုံတစ်ခုမှ ကျိုးပဲ့ထွက်လာ သော အပိုင်းအစတစ်ခု ဖြစ်ဟန်ရှိပေသည်။

အသေအချာကြည့်သောအခါမှာ ၎င်းကျောက်အပိုင်း အစမှာ တခြားမဟုတ်ဘဲ လူ၏လက်တစ်ဖက်နှင့် တူသော အပိုင်းအစ တစ်ခုဖြစ်ပြီး ကျွန်ုပ်ထံသို့ ရောက်သောအရာမှာ အပြည့်အစုံမဟုတ်တော့ဘဲ လက်ကောက်ဝတ်၊ လက်မ၊ လက်ညှိုးနှင့်တူသော အရာသာ ရောက်လာခြင်းဖြစ်ပေသည်။

"ဟင်... ဒါကြီးဟာ ကျောက်လက်ဝါးကြီး တစ်ခုပါ လား။ အတော်ဆန်းကြယ်တာပဲ၊ ဇမုန်းထန် ဘယ်ကများ ရှာရှာဖွေဖွေရလို့ ငါ့ဆီ တကူးတက ပို့လိုက်တာပါလိမ့်"

ဟု တွေးတောကာ ဇမုန်းထန် ပေးလိုက်သောစာကို ဖတ်ကြည့်မိသည်။





"မိတ်ဆွေကြီး အောင်မင်းအောင်–

ကျွန်းမှာ ချမ်းသာစေရန် ဆုတောင်းမေတ္တာ ပို့သ လိုက်ပါတယ်၊ ယခု ဆရာကြီးထံသို့ ပေးပို့သောပစ္စည်း မှာ ကျောက်လက်ဝါး အပိုင်းအစတစ်ခု ဖြစ်ပါတယ်။

ထိုကျောက်လက်ဝါးမှာ သိဒ္ဓိရှိသော ပစ္စည်းဖြစ်ပါ တယ်၊ ၎င်းပစ္စည်းရရှိပုံမှာလည်း လွန်စွာမှ ဆန်းကြယ် လှပါတယ်။

မိတ်ဆွေကြီး ရေးသားသော စာများမှာ ထူးခြား ဆန်းကြယ်သော အကြောင်းအရာများဖြစ်သဖြင့် ယခု ကျွန်ုပ်ရရှိထားသော အကြောင်းအရာမှာလည်း လောက တွင် ထူးခြားဆန်းကြယ်လှပါသည်ဆိုသော အကြောင်း အရာများထဲတွင် တစ်ခုပါဝင်လောက်အောင် ပြောရမည့် အကြောင်းအရာတစ်ခု ဖြစ်ပါတယ်။

သို့ကြောင့်...

ယခု ရေးသားလိုက်သော စာကိုရရှိပါက ကျွန်ုပ် နေထိုင်ရာ စေတုဗ္ဗာရာသို့ တစ်ခေါက်လာစေလိုပါတယ်၊ အကယ်၍ မိတ်ဆွေကြီး ရောက်လာပါက ဂမုန်းမျိုးနွယ် များထဲတွင် လွန်စွာမှ ရှားပါးလှသော ဂမုန်းကိန္နရာ တော ရှိရာသို့ လည်းကောင်း၊ ရခိုင်ပြည်နယ် စွန်တောင် ဘက်မှ တခြားထူးဆန်းသော နေရာများသို့ လိုက်ပို့ ပေးပါမည်ဟု ကတိပေးပါတယ်...

အကယ်၍ မိတ်ဆွေကြီး လာမည်ဆိုပါက စေတုတ္တရာစာတိုက်မှတစ်ဆင့် ကျွန်ုပ်ထံသို့ စာရေးအကြောင်းကြားပါလျှင် ကျွန်ုပ်ကိုယ်တိုင် စေတုတ္တရာကားဆိပ်သို့ လာရောက်ကြိုဆိုပါမယ်...။

အကယ်၍ မိတ်ဆွေကြီး လာမည်ဆိုပါက ဆေးတံနှင့် ဆေးတံသောက်ဆေး ကောင်းကောင်းယူလာခဲ့ပါရန် မမေ့ပါနှင့်။

မိတ်ဆွေကြီး ကျန်းမာ ချမ်းသာပါစေ...။

မှဆိုးကြီး ဖမုန်းဝန်
ကျားဖြူတောင်ရွာ။

ဟူ၍ ဖြစ်ပေသည်။

ကျွန်ုပ်သည် မုဆိုးကြီးဖမုန်းထန်ဆီမှ စာကို ဖတ်ရသောအခါ ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိလေသည်။

ကျွန်ုပ်အား အလုပ်အပ်နှံထားသော စာပေတိုက်ပိုင်ရှင်များ သဘောကျစေရန် အတွက်သော် လည်းကောင်း။

တစ်ပြည်လုံးရှိ ကျွန်ုပ်၏ စာဖတ်ပရိသတ်များ နှစ်သက်စေရန် အတွက်သော် လည်းကောင်း။

ရှေးက ရေးသားခဲ့သော ဝတ္ထုဇာတ်လမ်းများထက် ပိုမိုဆန်းကြယ်သော အကြောင်းအရာ ဝတ္ထုတစ်ပုဒ် ရေးသား





န် အားထုတ်နေစဉ်မှာ ယခုကဲ့သို့ ဖမုန်းထန်ထံမှ စာကို ဖတ်ရှုရသောအခါ ဖော်မပြတတ်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေတော့သည်။

သို့ကြောင့်...

ရက်အနည်းငယ်အတွင်းမှာပင် ခရီးထွက်ရာတွင် လိုအပ်သော ပစ္စည်းများ၊ ဖမုန်းထန် မှာကြားသော ဆေးတံနှင့် ဆေးတံသောက်ဆေး အကောင်းစားများကို ရှာဖွေ ဝယ်ယူပြီးနောက် အိမ်မှုကိစ္စအဝဝကိုမူ တပည့်ဖြစ်သူ မောင်တိုးအောင်နှင့် စိတ်ချစွာ လွှဲအပ်ထားခဲ့ပြီးနောက် ရန်ကုန်မှ မကွေးသို့ ရောက်အောင် ခရီးထွက်ခဲ့သည်။

မကွေးသို့ ရောက်သောအခါ ခရီးတစ်ထောက်နား၍ မကွေးမြသလွန်စေတီတော်အား ဝင်ရောက် ဖူးမြော်ပြီးမှ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မင်းဘူးသို့ ခရီးဆက်သည်။

ထို့နောက်...

မင်းဘူးမှတစ်ဆင့် ရွှေစက်တော်နှင့် သစ်တောများကို ဖြတ်ကျော်ပြီး စေတုတ္တရာသို့ ရောက်အောင် ခရီးဆက်ခဲ့ရပြန်သည်။

စေတုတ္တရာမှာ မကွေးတိုင်း အနောက်ဘက်နယ်နိမိတ်ဆုံးရာ မြို့ဖြစ်ပြီး ရခိုင်ပြည်နယ်၏ အရှေ့ဘက်နယ်စပ်ဆိုလည်း မမှားပေ။

မင်းဘူးမှ စေတုတ္တရာသို့ ရောက်အောင် ခရီးအတန်တန် သွားရသဖြင့် များစွာပင်ပန်းလှသော်လည်း ကျွန်ုပ်မှာ ပင်ပန်းသည်ဟု မထင်မိပေ။

စေတုတ္တရာရောက်၍ ဇမုန်းထန်နှင့် တွေ့ရလျှင် ကျွန်ုပ်အတွက် စိတ်ဝင်စားဖွယ်ရာ ကောင်းသော ဇာတ်လမ်းများ ကြားရ တွေ့ရတော့မည်ဟူသော မျှော်လင့်ချက်တစ်ခုတည်းနှင့်ပင် ကျွန်ုပ်အတွက် အင်အားများ တိုးပွားစေခဲ့သည်။

စေတုတ္တရာ ကားဂိတ်သို့ ရောက်သောအခါ စာထဲမှာပါသည့်အတိုင်း ဇမုန်းထန် လာရောက် ကြိုဆိုနေသည်ကို တွေ့ရလေသည်။

ကျွန်ုပ်အဖို့ရာတွင် အသိအကျွမ်းလည်းမရှိ၊ နယ်မြေကျွမ်းကျင်မှု မရှိလှသော အရပ်ဒေသတွင် မိမိအား အကူအညီပေးမည့် မိတ်ဆွေရင်းချာတစ်ယောက်ကို တွေ့ရသဖြင့် စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေသည်။

"ဆရာကြီး ရောက်လာပြီလား။ ဆရာကြီးဆီက စာရကတည်းက ကျုပ် ဒီကားဆိပ်မှာ လာစောင့်နေတာ နှစ်ညအိပ်တောင်မှ ရှိနေပြီဗျ"

"ဒီရိယ ကောင်းလှချည်လား ဇမုန်းထန်ရယ်"

"မကောင်းလို့လည်း မရဘူးလေ၊ မတော်တဆ လွဲသွားရင် ဆရာကြီးအတွက် အခက်တွေ့သလို ကျုပ်လည်း ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ၊ ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို ဧည့်ဝတ်





ကျေချင်ကြတာ၊ ကျုပ်တို့ နယ်သူနယ်သားတွေရဲ့ အဓိကစေတနာပဲလေ"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် ဇမုန်းထန်ရယ်"

ဟု ပြောဆိုကာ စေတုတ္တရာမှတစ်ဆင့် ၎င်းနေထိုင်သော ကျားဖြူတောင်ရွာသို့ ခရီးဆက်ကြရသည်။

စေတုတ္တရာနှင့် ကျားဖြူတောင်မှာ ခရီးမဝေးလှသော်လည်း ကားလမ်းမပေါက်သောကြောင့် ဈေးဝယ်လာသော ဈေးလှည်းများဖြင့် လှည်းကြုံလိုက်ကြရသည်။

၎င်းလှည်းများမှာ မိုးမလင်းမီက ကျားဖြူတောင်မှ ထွက်ခဲ့ကြပြီး စေတုတ္တရာဈေးတွင် ဒေသထွက်ကုန်များ ရောင်းချပြီး အပြန်တွင် လိုအပ်သောပစ္စည်းများ ဝယ်ယူသွားကြသည်။

အသွားကုန်၊ အပြန်ကုန် ပါသည့်ကတစ်ကြောင်း။

လှည်းပေါ်မှာ ကျွန်ုပ်တို့ကဲ့သို့ လှည်းကြုံလိုက်သူအချို့ ပါသောကြောင့် ချောင်ချောင်ချိချိတော့ မရှိလှပေ။

ဈေးထုပ်များ။ ဈေးခြင်းတောင်းများကို မှေးထိုင်၍ လူးကာလိမ့်ကာနှင့် လိုက်ရခြင်းဖြစ်သည်။

သို့ဖြင့်...

လှည်းလမ်းကြောင်းများမှာ ဖုံတထောင်းထောင်း ထ,နေသောကြောင့် လှည်းပေါ်မှာ ပါလာသူများအားလုံး တစ်ကိုယ်

လုံး ထုံးမှုန့်များနှင့် ဖြူးချထားသလို ဖြူဖြူဖွေးလျက်ရှိနေတော့သည်။

"ရန်ကုန်မှာတော့ တစ်နေရာနဲ့တစ်နေရာ သွားချင်ရင် မော်တော်ကားပဲဖြစ်ဖြစ်၊ လံချားပဲဖြစ်ဖြစ် ငှားသွားလိုက်ရင် အလွယ်တကူ ရောက်တာပဲ၊ ဒီမှာတော့ မလွယ်ဘူး ဆရာကြီးရေ ဒီလိုပဲသွားကြရတာပဲဗျ၊ ဆရာကြီးကို အားနာဖို့ကောင်းလှတယ်ဗျာ"

ဖမုန်းထန်က ဆံပင်ဖွေး၊ မျက်ခုံးမွေးများပါ ဖွေးဖွေးဖြူနေသော ကျွန်ုပ်ကိုကြည့်ပြီး အားနာစွာ စကားဆိုသည်။

"ကျုပ်ကို ဘာမှအားနာစရာမရှိပါဘူးဗျာ၊ ဒီလှည်းနဲ့လိုက်ရတာ ကံကောင်းတယ်မဟုတ်လား၊ မဟုတ်ရင် ခြေကျင်လျှောက်ရမှာမဟုတ်လား"

ထိုအခါ ဖမုန်းထန်က မည်းနက်သောသွားများကိုပေါ်အောင် တစ်ချက်ပြုံးရင်း–

"ဟုတ်တယ် ဆရာကြီး၊ လှည်းကြုံနဲ့မှ မလိုက်ပြန်ရင်လည်း မဖြစ်ဘူး၊ စေတုတ္တရာနဲ့ ကျားဖြူတောင်ရွာနဲ့က ခြောက်မိုင်ကျော် ခုနစ်မိုင်လောက်ဝေးတော့ ခြေကျင်လျှောက်ရင် အနည်းဆုံး နှစ်နာရီ၊ သုံးနာရီလောက် ကြာအောင်လျှောက်ရတယ်၊ ကျုပ်တို့အတွက်က ဒီခရီးလောက်ကို အပန်းမကြီးလှပေမယ့် ဆရာကြီးအတွက်ကတော့ မလွယ်လှဘူး"





"ရပါတယ်ဗျာ၊ အခုလို လှည်းကြုံ လိုက်ရတာကိုပဲကျေးဇူးတင်လှပါပြီ"

မွန်းလွဲပိုင်းက စေတုတ္တရာမှ ထွက်ခဲ့သော ရေးလှည်းသည် ညနေစောင်းအချိန်တွင် ကျားဖြူတောင်ရွာသို့ ရောက်လေတော့သည်။

ကျားဖြူတောင်ရွာမှာ ကျားဖြူတောင်ခြေတွင် အလျားလိုက် တည်ထားသော ရွာကြီးတစ်ရွာဖြစ်သည်။

ဖမုန်းထန်၏ ပြောပြချက်အရ အိမ်ခြေပေါင်း နှစ်ရာကျော် သုံးရာနီးပါးရှိပြီး တစ်ရွာလုံး လက်လုပ်လက်စားများလေသည်။

ဖမုန်းထန်နေအိမ်မှာ ရွာလယ်လောက်တွင်ရှိပြီး ၎င်းအိမ်သို့ ရောက်သောအခါမှ ရေမိုးချိုးပြီး နားရလေတော့သည်။ ကျွန်ုပ်တို့နှစ်ယောက်မှာ မိတ်ဟောင်းဆွေဟောင်းများ ဖြစ်ကြသည့် အားလျော်စွာ ယခုကဲ့သို့ ပြန်လည်ဆုံတွေ့သောအခါ ရှေးဟောင်းနှောင်းဖြစ် အကြောင်းများကို ပြောမကုန်အောင် ရှိနေကြတော့သည်။

ဤသို့ဖြင့်–

ညဦးပိုင်းအချိန်သို့ ရောက်သောအခါ အရှေ့ဘက်မှ လရောင်က ပေါ်ထွက်လာတော့သည်။

တန်ဆောင်မုန်းလ ဖြစ်သောကြောင့် နှင်းမှုန်နှင်းခက်များ ရှိနေသည် ဆိုသော်လည်း ဆယ့်နှစ်လရာသီတွင်

လပြည့်ည အလင်းဆုံးဖြစ်သော တန်ဆောင်မုန်း လပြည့်နေ့၏ ညဦးပိုင်း လရောင်မှာ နှင်းမှုန်များကို ထိုးဖောက်ကာ ကျားဖြူတောင် ရွာပေါ်သို့ လှပစွာ ဖြာဆင်းကျလျက် ရှိနေတော့သည်။

လရောင် အတော်ကလေး မြင့်လာသောအခါ ဇမုန်းထန်က–

"ဆရာကြီးကို ထူးဆန်းတဲ့အပင်တစ်မျိုး ပြစရာရှိတယ်၊ ဒီကနေ့ နက္ခတ်စုံတဲ့ တန်ဆောင်မုန်းလပြည့်နေ့ ဆိုတော့ တိုက်တိုက်ဆိုင်ဆိုင် ထူးဆန်းတာတွေ တွေ့ရနိုင်ပါတယ်"

ဟု ပြောလေသည်။

"ဘယ်လို ထူးဆန်းတာမျိုးလဲ ဇမုန်းထန်ရဲ့"

"လာသာလာပါ ဆရာကြီးရယ်၊ ကျွန်တော် ပြပါ့မယ်"

ဟု ပြောကာ ကျွန်ုပ်အား ၎င်းခြံဝင်း တစ်နေရာသို့ ခေါ်လာသည်။ သူ၏ခြံဝင်းမှာ အတော်အတန် ကျယ်ဝန်းပြီး အရိပ်ရသော သစ်ပင်ကြီးများအောက်ဝယ် အမဲလိုက်ရင်းနှင့် တောတွင်းမှယူဆောင်လာသော သစ်ခွပန်းများ၊ ဂမုန်းပင်များ၊ ထူးဆန်းသော သစ်ပင်များကို နေရာအနှံ့ စိုက်ပျိုးထားလေသည်။

"သစ်ပင်တွေ အတော်စုံပါလား ဇမုန်းထန်"

"လောကမှာ ဆေးဖက်မဝင်တဲ့ သစ်ပင်ရယ်လို့ မရှိဘူး မဟုတ်လား၊ ဒါကြောင့် ရသမျှ စုဆောင်းထားတာပါ၊





အကြောင်းရှိတော့လည်း သုံးရတာပေါ့၊ လိုချင်တဲ့လူရှိတော့လည်း မျှရတာပေါ့ ဆရာကြီးရယ်"

"ကောင်းတာပေါ့ဗျာ"

ကျွန်ုပ်တို့နှစ်ယောက်သည် စကား တပြောပြောနှင့် လျှောက်လာကြရာ ခြံဝင်းတစ်နေရာသို့ ရောက်သောအခါ ရပ်လိုက်ကြသည်။

"ဒီနေရာကနေ ရှေ့ကိုသွားတဲ့အခါ ခြေသံလုံလုံ၊ စကားသံ လုံးဝမကြားရအောင် သွားကြရမယ် ဆရာကြီး"

"ဘာကြောင့်လဲဗျ"

"ကျုပ်ပြမယ့် ထူးဆန်းတဲ့အရာက လူသံ ခြေသံကြားရင် လုံးဝလှုပ်ဘဲ ငြိမ်နေရောဗျ"

"ထူးဆန်းပါ့ဗျာ"

"ရှေ့မှာ ဒီထက်ထူးဆန်းတာတွေ တွေ့ရလိမ့်ဦးမယ်၊ လာ သွားကြစို့ရဲ့"

ဟု ပြောဆိုကာ နှစ်ယောက်သား လရောင်မရှိသော သစ်ပင်ရိပ်များအောက်မှ ခြေသံလုံလုံဖြင့် သွားကြလေသည်။ တစ်နေရာသို့ ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်၏ အရိပ်အောက်တွင် ရပ်လိုက်ကြသည်။

ထိုနေရာနှင့် မလှမ်းမကမ်းတွင် လရောင်ကျနေသော ကွက်လပ်တစ်ခုရှိပြီး ထိုကွက်လပ်တွင် သစ်ပင်ပုကလေးများ ရှိနေလေသည်။

ထိုသစ်ပင်ကလေးများမှာ လရောင် ကျရာဘက်သို့ လှည့်ကာ လေမတိုက်ပါဘဲ ပြိုင်တူ လှုပ်ယမ်းလျက် ရှိနေကြသည်။

ကျွန်ုပ်မှာ အံ့ဩလွန်းသဖြင့် လရောင်ဖြင့်မြင်နေရသော သစ်ပင်ကလေးများကို အသေအချာကြည့်သောအခါ အပင်ကလေးများမှာ အပင်ကြီးမျိုးမဟုတ်ဘဲ အရွက်များမှာ စိမ်းပြာရောင်ရှိပြီး အရွက်ပုံသဏ္ဍာန်မှာ ဘဲဥပုံသဏ္ဍာန်ကဲ့သို့ လုံးဝန်းသောပုံ ရှိသည်။

အရွက်နုတ်ခမ်းပတ်လည်မှာတော့ လွှတို့ ကွပ်ထားသော ဇာပန်းခက်များသဖွယ် လှပစွာရှိသည်။

အပင်၌ အရွက်များများတော့ မရှိပေ။

တစ်ပင် တစ်ပင်၌ လေးရွက် ငါးရွက်မျှသာ ရှိပေသည်။

သို့သော်...

အပင်ကလေးများ၏ ထိပ်မှာတော့ ဖူးငုံကဲ့သို့ ထောင်နေသော သုံးပွင့်ဆိုင်အခက်များ ရှိပေသည်။

ထိုအပင်ကလေးများအပေါ်သို့ လရောင်က တဖြည်းဖြည်းနှင့် တည့်မတ်စွာဖြာကျလာရာ ခဏကြာသောအခါ ဖူးငုံကလေးများမှာ တဖြည်းဖြည်း ပွင့်အာလာကြသည်။

အပွင့်ကလေးများ ပွင့်အာလာသည်နှင့် သာယာသော တေးသံကဲ့သို့ တိုးညင်းသော အသံကလေးများ ကြားလာရသည်။





ပထမတော့ ကျွန်ုပ်စိတ်ထဲမှာ သစ်ရွက်များကို လေတိုးသံသလားဟု အတွေးဝင်မိသဖြင့် အသေအချာ သတိထားကြည့်ပြန်တော့ လေမှာ မီးခိုးငွေ့လှုပ်ရုံလောက်ပင် မတိုက်ဘဲ ငြိမ်သက်နေလျက်ရှိသည်။

သာယာသောတေးသံများနှင့်အတူ အပွင့်ကလေးများ ပွင့်အာလာကြပြီး အတွင်းမှ ဝတ်ဆံကဲ့သို့သော အရာများ တစ်ပြိုင်နက်တည်း ထွက်လာကြသည်။

အသေအချာကြည့်သောအခါမှ ထိုဝတ်ဆံများမှာ လူရုပ်ကလေးများနှင့် များစွာတူလှသည်ကို အံ့ဩဖွယ်ရာ တွေ့မြင်ရပေသည်။

ဝတ်ဆံထိပ်မှ အမွေးဖွားကလေးများက ဆံပင်များနှင့် တူလှပြီး ဦးခေါင်း၊ ခြေ လက် အင်္ဂါအစုံတို့မှာ ယောကျ်ား ခန်းမ ပုံစံများနှင့် တစ်ထေရာတည်း တူနေခြင်းဖြစ်သည်။

လရောင်အောက်မှာ ပွင့်လာသော ပန်းပွင့်ထဲမှ ထွက်လာသည့် လူရုပ်နှင့်တူသည့် ဝတ်ဆံကလေးများမှာ တေးသံနှင့်အတူ မြူးထူးစွာ က,ခုန်နေသည်ကိုတွေ့ရသည်။

သို့ကြောင့်...

ကျွန်ုပ်လည်း မနေနိုင်တော့ဘဲ လေသံတိုးတိုးဖြင့် မှုန်းထန်ကို မေးကြည့်ရသည်။

"အံ့ဩဖို့ကောင်းလိုက်တာ၊ ပန်းပွင့်တွေက လူလို သီချင်းဆိုပြီး က,နေကြပါလား၊ အဲဒါ ဘာပင်တွေလဲဗျ"

“အဲဒါ ဂမုန်းကိန္နရာပင်လို့ ခေါ်တယ် ဆရာကြီးရဲ့၊ ကျုပ် ရခိုင်နယ်ဘက်က စွန်တောင်ဘက်သွားရင်းနဲ့ အမှတ်မထင် တွေ့လို့ ယူလာပြီး ခြံဝင်းထဲမှာ စိုက်ထားတာ”

သူက လှသံတိတ်ဆိတ်ပြီး လရောင်ရှိတဲ့ညတွေမှ ပွင့်လာကြတယ်။ ပန်းပွင့်ကလေးတွေက ဘာနဲ့တူသလဲဆိုတော့ ကိန္နရီ ကိန္နရာ ရုပ်ကလေးတွေနဲ့ တူတယ်၊ လေမတိုက်ဘဲနဲ့ကို ယိမ်းထိုးပြီး က,နေကြတော့တာ”

ဇမုန်းထန်က လေသံတိုးတိုးဖြင့် ရှင်းပြလေသည်။

“ဒီဂမုန်းမျိုးက ဘယ်လို စွမ်းသလဲဗျ”

“ဆရာကြီးနှယ် ကိန္နရီ ကိန္နရာဆိုတာ အလွန်ချစ်ကြတဲ့ သူတွေမဟုတ်လား။ မျက်နှာပွင့်ဆေး၊ ပီယဆေးမှာတော့ ပထမတန်းပေါ့”

“ဟင်… ဒီလိုဖြင့် ရွာထဲက ကာလသားတွေက လာမတောင်းကြဘူးလား”

“သိရင်တော့ ဘယ်နေပါ့မလဲ၊ တောင်းယူလို့ မရရင်တောင်မှ ခိုးယူကြမှာသေချာတယ်၊ ဒါပေမယ့် ဒီဂမုန်းမျိုးကလည်း လူတိုင်းတော့ မရနိုင်ဘူး။ လွယ်လွယ်နဲ့လည်း မရနိုင်ဘူး။ အနှောင့်အယှက် အဖျက်အဆီးတော့ရှိတယ်။

“ကျုပ်တောင်မှ ဒီခြံထဲမှာစိုက်ထားပြီး အနားကို မသွားမိအောင် သတိထားနေရတာ”





“ခင်များရော ဒီအပင်တွေကို ပီယဆေးလေး ဘာလေး ဖော်ဖို့ အစီအစဉ် မရှိဘူးလား”

“ကျုပ်က ဒါတွေကို ဆေးတံ တစ်ချောင်းလောက်တောင်မှ စိတ်မဝင်စားပါဘူးဗျ။ လူငယ်တွေ ပြောပြောနေတဲ့ အချစ်ဆိုတဲ့ကိစ္စဟာ ခဏတော့ အေးသယောင်ရှိပေမယ့် ကြာရင် ပူလာတာမျိုးပါပဲ။

“နောက်ပြီး ပီယဆေးနဲ့ လုပ်ယူမှ ရမယ့်အချစ်ကရော တည်မြဲပါ့မလား ဆရာကြီးရယ်။

“သရက်သီးကို အချိန်မတန်ဘဲ အုပ်သလို မှည့်တော့မှည့်လာမှာပေါ့၊ ဒါပေမယ့် စားရင်တော့ ဘယ်အရသာရှိမှာလဲ၊ မဟုတ်ဘူးလား။

“ဒါတွေကို ကျုပ်တို့လို တောသူတောင်သားတွေထက် ဆရာကြီးတို့လို မြို့ပေါ်က စာရေးဆရာကြီးတွေက ပိုပြီးနားလည်မှာပေါ့၊ ကျုပ်တို့ကတော့ တောသားတွေဆိုတော့ ဒီလောက်နားမလည်ပါဘူး”

ပါးစပ်ကသာ နားမလည်ပါဘူးဟု ပြောနေသည်။

သူပြောနေသည့် စကားလုံးများက ကျွန်ုပ်လို စာရေးဆရာတစ်ယောက်ပင် လိုက်မမီနိုင်လောက်အောင် ဒဿနဆန်လှပေသည်။

ကျွန်ုပ်တို့ စကားပြောနေစဉ်မှာပင် လရောင်က တဖြည်းဖြည်းနှင့် ရွေ့လျားသွားလေရာ ဂမုန်းကိုနွယ်ရာပင်လေးများပေါ်သို့ သစ်ရိပ်များ ထိုးကျသွားသောအခါ ပန်းပွင့်ကလေးများမှာ ပြန်လည်ဖူးငုံသွားပြီဖြစ်သဖြင့် ကျွန်ုပ်တို့နှစ်ယောက်လည်း အိမ်ဘက်သို့ ပြန်လာခဲ့ကြသည်။





# အခန်း (၃)

## ကျွန်ုပ်နှင့် ထူးဆန်းသော အခိုးအငွေ့

နောက်တစ်နေ့ နံနက်လင်းသောအခါ ကျွန်ုပ်သည် ရန်ကုန်မှဝယ်ယူလာသော လက်ဆောင်ပစ္စည်းများကို ထုတ်၍ ဖမုန်းထန်အား ပေးသည်။

ဖမုန်းထန်သည် ကျွန်ုပ်ပေးသော ပစ္စည်းများထဲမှ 'လင်ကွန်း' တံဆိပ် ဆေးတံသောက်ဆေးမှုန့်ဘူးနှင့် ဆေးတံကို သဘောကျ မဆုံးအောင် ရှိနေတော့သည်။

ဗာဂျီးနီးယားဆေးမှုန့်ဖြင့် ပြုလုပ်ထားသော ဆေးတံသောက်ဆေးမှာ အပြင်အဖုံးနှင့် အတွင်းမှ တစ်ထပ်ပိတ်ထားသော ငွေရောင်ပြားကို မဖောက်ရသေးခင်မှာ ဆေးနံ့

တသင်းသင်း ထွက်နေလေရာ ဇမုန်းထန်မှာ တောသူ အပျိုမတစ်ယောက်က ပေါင်ဒါဘူး အသစ်အဆန်းရသကဲ့သို့ တရှုံ့ရှုံ့ဖြင့် နမ်းမဆုံးနိုင်အောင် ဖြစ်နေတော့သည်။

လူတစ်ကိုယ် အကြိုက်တစ်မျိုးစီရှိပေရာ ကျွန်ုပ်မှာ မိမိဝယ်ယူလာသော လက်ဆောင်ပစ္စည်းကို ထိုမျှ တစ်မက် တစ်မော ဖြစ်နေသည်ကို တွေ့ရသဖြင့် ရင်ထဲမှာ ဝမ်းသာ ကျေနပ်မှု ဖြစ်ရပေသည်။

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ဒီလိုဆေးမျိုး သာ အမြဲသောက်နေရရင် ဒီတစ်သက် မိန်းမ မယူရရင်လည်း နေပါစေတော့၊ ကျေနပ်လှပါပြီ"

ဟု မည်းနက်သောသွားများပေါ်အောင် ပြုံးရင်း ပွင့်ပွင့် လင်းလင်း ပြောလေသည်။

"အချင်းချင်းတွေပဲဗျာ ဒီလောက်လည်း ကျေးဇူးတင် စရာ မလိုပါဘူး။ ခင်ဗျား ကျုပ်အပေါ်မှာ အကူအညီပေးခဲ့ တာတွေက ဒီထက်မက ကျေးဇူးတင်စရာ ကောင်းတာတွေ ရှိပါတယ်၊ တခြားမကြည့်နဲ့၊ ခင်ဗျား ညကခေါ်ပြတဲ့ ဂမုန်း ကိန္နရာပင်ဆိုရင် ကျုပ်တစ်သက်မှာ တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးသေးဘူး။ ခင်ဗျားကောင်းမှုကြောင့်သာ မျက်မြင် ကိုယ်တွေ့ ကြုံရတာ မဟုတ်လား။

ကျုပ်ဆီကပေးတဲ့ လက်ဆောင်ပစ္စည်းမျိုးက ပိုက်ဆံ ရှိရင် အလွယ်တကူ ဝယ်လို့ရပေမယ့် ခင်ဗျားပေးတဲ့ အတွေ့





အကြုံတွေက တစ်သက်တစ်ခါတောင် တွေ့ရ မြင်ရခဲတဲ့ အတွေ့အကြုံတွေဆိုတော့ ပိုပြီး တန်ဖိုးရှိပါတယ်ဗျာ"

"အဲဒါတွေက ကျုပ်တို့အတွက် သိပ်ပြီးအရေးမကြီး ပါဘူး၊ အခုခေါ်သွားမယ့် နေရာရောက်မှ ဆရာကြီးအတွက် ထူးသက်ဆန်းကြယ်မှုတွေကို ထပ်တွေ့ရမှာပါ၊ ဒါထက် ကျုပ် ပြောလိုက်တဲ့ ကျောက်လက်ဝါးအပြုတ်ကြီး ဆရာကြီးဆီကို ချောချောမောမော ရောက်တယ်မဟုတ်လား"

"ရောက်ပါတယ်ဗျာ၊ အဲဒါကြီးကို မြင်ကတည်းကကို စိတ်ဝင်စားလွန်းလို့ ချက်ချင်းကြီးကို စီစဉ်ပြီးတော့ ထ,လာခဲ့ တာပါပဲ။

"ဒါထက် မေးပါရစေဦး။ ဒါကြီးကို ခင်ဗျားက ဘယ်က နေ ဘယ်လို ရလာသလဲဆိုတာကို ပြောပြပါဦး"

"ပြောပြပါ့မယ်၊ အားလုံးကို ပြောပြပါ့မယ်၊ အခုလို ပြောပြချင်လို့ကို တကူးတက စာရေးပြီး အကြောင်းကြားလိုက် တာပါပဲ၊ ဒါပေမယ့် ဒီဇာတ်လမ်းကို ပြောမယ့်လူကတော့ ကျုပ်မဟုတ်ဘူး ဆရာကြီး"

"ဒါဖြင့် ဘယ်သူကပြောပြမှာလဲ"

"ဟိုရောက်တော့ တွေ့ရမှာပေါ့၊ အခုပဲ သွားကြစို့လေ"

"ဘယ်ကို သွားမှာလဲ"

"ကျားဖြူတောင်ကို သွားရမှာ"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ခရီးထွက်ရာတွင် လိုအပ်သော ပစ္စည်းအချို့ကို လွယ်အိတ်တစ်လုံးထဲသို့ ထည့်ကာ ဖမုန်းထန်နှင့်အတူ ရွာမှထွက်ခဲ့ကြသည်။

ကျားဖြူတောင်မှာ ရွာ၏ အနောက်ဘက်ယွန်းယွန်းတွင်ရှိပြီး လှမ်းကြည့်လျှင် မြင်နိုင်ပေသည်။

ကားလမ်း၊ လှည်းလမ်း မပေါက်သောနေရာဖြစ်သဖြင့် နှစ်ယောက်သား ခြေကျင်လျှောက်ကြရသည်။

ဖမုန်းထန်မှာတော့ ဓားမြှောင်တစ်လက်၊ ဒူးလေးနှင့် မြားဘူးပါလာသည်။

မှဆိုးတို့၏ ထုံးစံအရ တောထဲ တောင်ထဲသွားမည်ဆိုသောအခါ ၎င်းအလွန်ကြိုက်လှသော ဆေးတံကိုပင် မယူဘဲ ကွမ်းယာထုပ်ကလေးများကိုသာ လွယ်အိတ်အတွင်းမှာ ထည့်ယူလာသည်။

ဆေးတံသောက်ဆေးကဲ့သို့ အနံ့ပြင်းသော ပစ္စည်းမျိုးမှာ တောတက်သည့်အခါ မယူကြပေ။

အဘယ်ကြောင့်ဆိုသော်–

အနံ့ခံကောင်းလှသော တောတိရစ္ဆာန်များက အတော်ဝေးဝေးနေရာမှ ထိုအနံ့များကိုရလျှင် အလွယ်တကူ ရှောင်တိမ်းသွားနိုင်သောကြောင့် ဖြစ်ပေသည်။

နံနက်စောစောကတည်းက ရွာမှထွက်ခဲ့သော ကျွန်ုပ်တို့နှစ်ယောက်မှာ ဆွမ်းခံပြန်ချိန်လောက် ရောက်သောအခါ တောင်ခြေသို့ ရောက်သွားကြသည်။





ကျားဖြူတောင်မှာ ရွာမှလူများ ထင်းခုတ်ခြင်းနှင့် အမဲလိုက်ခြင်းမှအပ အခြောက်အပေါက်နည်းသော နေရာဖြစ်သောကြောင့် သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိလေသည်။

တောင်မှာ မြေသားနှင့် ကျောက်တုံးများ ရောထွေးလျက်ရှိပြီး ပေပေါင်း သုံးထောင်ကျော်ခန့် အမြင့်ရှိနိုင်ပေသည်။

ဖမုန်းထန်က ကျွန်ုပ်အား တောင်စောင်း တစ်နေရာတွင်ရှိသော ကျောက်ဂူကြီး တစ်ဂူရှိရာသို့ ခေါ်ဆောင်သွားသည်။

"ကျုပ်တို့ အခုသွားမယ့်ဂူကြီးထဲမှာ တရားအားထုတ်နေတဲ့ လူ သူတော်စင်ကြီးတစ်ဦးရှိတယ်၊ သူ အဲဒီမှာရှိနေတာကို လူအတော်များများက မသိကြဘူး။

"ကျုပ်တောင်မှ အမဲလိုက်ရင်းနဲ့ မျက်စိလည် လမ်းမှားပြီး ရောက်သွားလို့ တွေ့ရတာ။

"အခု ဆရာကြီးဆီကို ပို့လိုက်တဲ့ ကျောက်လက်ဝါး အပြတ်ကြီးက အဲဒီသူတော်စင်ကြီးဆီက ရတာပဲ"

"အတော် စိတ်ဝင်စားဖို့ ကောင်းတာပဲ"

"သူ့ဆီက ဖာတ်လမ်းကိုသာကြားရရင် ဒီထက်ပိုပြီး စိတ်ဝင်စားရလိမ့်မယ်၊ သူနဲ့တွေ့ရင် အသက် ဘယ်လောက်ရှိပြီလဲဆိုတာ ခန့်မှန်းကြည့်ပါဦး"

"ဘာကြောင့်လဲ"

"သူကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေက ဟိုးနှစ်ပေါင်းတစ်ရာကျော် နှစ်ရာက အဖြစ်အပျက်တွေဆိုတော့ သူ့အသက်ကို ခန့်မှန်းရတာ ခက်နေလို့ပါ"

"သူ့အဘိုးအဘွား မိဘတွေဆီက ကြားတာကိုတစ်ဆင့် ပြန်ပြောပြတာလည်း ဖြစ်နိုင်တာပဲ"

"အဲဒီလို တစ်ဆင့် ပြန်ပြောပြတာလည်း မဟုတ်ဘူး။ အဲဒီအဖြစ်အပျက်တွေမှာပါတဲ့ ဇာတ်လိုက်က သူကိုယ်တိုင်ပဲ"

"ဘာကြောင့် ဒီလောက်အသက်ရှည်နေတယ်ဆိုတာရော ပြောမပြဘူးလား"

"သူပြောတဲ့ဇာတ်လမ်းထဲမှာတော့ ပါတယ်၊ ဟိုရောက်တော့ ဆရာကြီးကို တွေ့ရပါလိမ့်မယ်"

"ကောင်းပါပြီ"

ကျွန်ုပ်တို့နှစ်ယောက်မှာ စကားတပြောပြောနှင့် လျှောက်လာကြရာ အတန်ကြာသောအခါ တောင်စောင်းတစ်နေရာရှိ ကျောက်ဂူကြီးတစ်ဂူရှိရာသို့ ရောက်သွားလေတော့သည်။

အံ့ဩဖွယ်ကောင်းလှသည်မှာ ၎င်းတောင်စောင်းနေရာတစ်ဝိုက်မှာ အခြားသစ်ပင်ကြီးများ မရှိဘဲ ရာသီအလိုက်သီးပင် စားပင်များဖြစ်သော ငှက်ပျော၊ သရက်၊ ပိန္နဲ၊ မရမ်းချို၊ ဒူးရင်း၊ ကျွဲကော အစရှိသော သစ်ပင်များ ပေါက်ရောက်လျက်ရှိနေသည်ကို တွေ့ရသည်။





တောင်စောင်းတစ်နေရာမှာ ညီညာပြန့်ပြူးသော မြေပြင်တစ်ခုရှိပြီး ထိုနေရာတွင် ကိုးတောင်ပြည့်စေတီတစ်ဆူ ရှိလေသည်။ စေတီတော်မှာ အောက်ခံ လေးထောင့်ပုံသဏ္ဍာန် အုတ်ဖိနပ်ပေါ်မှာ တည်ထားပြီး ထုံးသကန်းများ သုတ်ထားလေသည်။

တောင်စောင်း တစ်နေရာမှာတော့ တသွင်သွင်စီးကျနေသော တောင်ကျ စမ်းတစ်ခုရှိပြီး ထိုနေရာမှ ရေများမှာ တောင်အောက်သို့ စီးဆင်းသွားလေသည်။

ယေဘုယျခြုံ၍ ပြောရလျှင် ကျားဖြူတောင်ပေါ်မှ ထိုကျောက်ဂူ စခန်းနေရာမှာ သဘာဝအတိုင်း လွန်စွာမှ လှပသာယာသော နေရာတစ်ခုဖြစ်ပေသည်။

ကျွန်ုပ်တို့နှစ်ယောက် ကျောက်ဂူဝသို့ ရောက်သောအခါ ဂူ၏ လက်ယာဘက် တစ်နေရာတွင် စကျင်ကျောက်ကဲ့သို့ ဖြူဖွေးသော ကျောက်တုံးဖြင့် ဆောင့်ကြောင့်ထိုင်နေသော ကျားဖြူတစ်ကောင်၏ အရုပ်ကို ထုလုပ်ထားသည်ကို တွေ့ရသည်။

ထုလုပ်ထားပုံမှာ လက်ရာမြောက်လှသောကြောင့် သက်ရှိကျားတစ်ကောင် ထိုင်နေသည်နှင့်ပင် တူလှသည်။

"ဒီကျားဖြူရုပ်ကြောင့် ကျားဖြူတောင်လို့ အမည်တွင်တာလား၊ ဒါမှမဟုတ် ကျားဖြူတောင်အမည်နဲ့ လိုက်ဖက်အောင် ဒီကျားဖြူရုပ်ကို ထုလုပ်ထားတာလားဗျ"

"အဲဒါကတော့ ကျုပ်လည်း သေသေချာချာမသိဘူး ဆရာကြီးရေ၊ ဒီကျားရုပ်ကြီး ဒီမှာရှိနေတာကတော့ နှစ်ပေါင်း အတော်ကြာနေပြီဗျ၊ ဆရာကြီးသိချင်ရင်တော့ သူတော်စင်ကြီးနဲ့ တွေ့တဲ့အခါ မေးကြည့်ပေတော့"

ကျွန်ုပ်တို့ ဂူအတွင်းသို့ ဝင်သွားသောအခါ ဂူအတွင်း တစ်နေရာတွင် တရားထိုင်နေသော အဘိုးအို တစ်ဦးကို တွေ့ရသည်။

အဘိုးအိုမှာ ဂူပေါက်ဝကို ကျောပေးထိုင်နေသောကြောင့် မျက်နှာကို မမြင်ရပေ။

ထို့ထက်…

ရုပ်အဆင်းအင်္ဂါ မည်သို့ရှိမည်၊ အသက်အရွယ် ဘယ်ရွေ့ ဘယ်မျှ ရှိလိမ့်မည်ကိုလည်း မခန့်မှန်းနိုင်သေးပေ။

ဂူမှာ ကျောက်ဂူ အမျိုးအစားဖြစ်ပြီး ဂူတွင်းမှာတော့ မီးဖိုတစ်ဖို၊ သောက်ရေအိုးစင်တစ်လုံး၊ ဝါးခေါင်းအုံးတင်ထားသော ကွပ်ပျစ်တစ်ခု၊ ကျောက်စင်မြင့်ပေါ်မှာ တင်ထားသော ရုပ်ပွားတော် တစ်ဆူနှင့် ထိုရုပ်ပွားတော်ရှေ့၌ ကျောက်ခွက်ဖြင့် တင်ထားသော သစ်သီးများ၊ ဝါးဆစ်အိုးဖြင့်ထိုးထားသော သစ်ခွပန်းများကို တွေ့ရသည်။ ဂူမှာ မကျယ်ဝန်းလှသဖြင့် အတွင်း၌ သစ်ခွပန်းရနံ့များက သင်းပျံ့လျက်ရှိသည်။

ထို့ထက်…





မီးပုံထဲမှာ စွဲနေသောသစ်တုံးဆီမှ တစ်ငွေ့ငွေ့ထွက်နေသော ရနံ့များမှာ နနွင်းမှိုင်းနံ့လိုလို၊ ကရမက်ရနံ့လိုလို ထိုအငွေ့ကို ရှူလိုက်ရသည်နှင့် ခေါင်းထဲမှာ ကြည်လင်သန်းဆန်းသွားလေသည်။

"ငါ့မြေးတို့ ရောက်လာကြပြီလား"

"ဟုတ်ကဲ့၊ ရောက်ပါပြီ အဘိုး"

အတန်ကြာသောအခါ အဘိုးအိုက တရားထိုင်နေရာမှ ကျွန်ုပ်တို့ရှိရာဘက်သို့ လှည့်လာသည်။

"ဟင်…"

ကျွန်ုပ်ရင်ထဲမှာ အသံမထွက်သော အာမေဋိတ်သံ တစ်ခု ထွက်သွားလေသည်။ အဘယ့်ကြောင့်ဆိုသော်…

ဂူအတွင်းရှိ မီးရောင်ဖြင့် ကောင်းစွာမြင်နေရသော အဘိုးအို၏ ရုပ်ဆင်းသွင်ပြင်မှာ ကျွန်ုပ်မျှော်လင့်ထားသလို အိုမင်း ရင့်ရော်ခြင်း မရှိသောကြောင့် ဖြစ်သည်။

ဦးခေါင်းမှဆံပင်၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများမှာ အဖြူရောင်မဟုတ်ဘဲ လူငယ်လူရွယ်များကဲ့သို့ အနက်ရောင်ပင်ဖြစ်သည်။

အသားအရေမှာလည်း အရွယ်နှင့်မမျှအောင် စိုပြည်ဝင်းဝါလျက် ရှိနေသေးသည်။

အထူးသဖြင့် အဘိုးအို၏ မျက်လုံးများမှာ အမှောင်ရိပ်သမ်းနေသော ဂူအတွင်းမှာပင် သီဝေခြင်း ရှိဟန်မတူဘဲ

ညအခါ တောက်ပသော ကြယ်ပွင့်များကဲ့သို့ အရောင်တလက်လက် တောက်ပလျက် ရှိနေလေသည်။

ကျွန့်ပ်ကိုမြင်လျှင် နှစ်လိုဖွယ်ရာပြုံး၍ နှုတ်ဆက်သော အခါ ပါးစပ်ထဲမှာ အစီအရီ ကျန်နေသေးသော သွားများကိုပါ တွေ့ရပြန်လေသည်။

ကျွန့်ပ်စိတ်ထဲမှာတော့...

"အင်း... ဇမှန်းထန် လမ်းမှာပြောခဲ့သလို အရွယ်ကို ကြည့်ပြီး သူ့ရဲ့အသက်ကို ခန့်မှန်းဖို့ကတော့ အတော်ခက်တယ်။

"ရှေးကလူကြီးတွေပြောသလို သိဒ္ဓိရှိတဲ့ ပြာတစ်မျိုးမျိုး ဒါမှမဟုတ် ပစ္စည်းတစ်မျိုးမျိုးကို စားထားလို့များ အခုလို အရွယ်နဲ့မမျှအောင် နုပျိုနေရော့သလား မသိဘူး"

ဟု တွေးနေမိသည်။

"အဘိုး...ဒါက ရန်ကုန်ကလာတဲ့ ကျွန်တော့်မိတ်ဆွေပါ၊ သူက စာရေးတဲ့အလုပ် လုပ်ပါတယ်၊ အဲဒါ ရွာကို ရောက်တုန်း အဘိုးနဲ့ တွေ့ရအောင် ခေါ်လာတာပါ"

ဟု ဇမှန်းထန်က ပြောပြသည်။

"ကောင်းပါတယ်ကွယ်၊ အဘိုးဆီမှာတော့ တခြား ဘာမှ စားစရာမရှိဘူး၊ ဒီငှက်ပျောသီးကိုပဲ စားကြပေတော့"

ဟု ပြောကာ ဝါးစင်ပေါ်မှာ တင်ထားသော ငှက်ပျော သီးမှည့်တစ်ဖီးကို ချပေးသည်။





ကျွန့်ပ်တို့နှစ်ယောက်လည်း ခရီးပင်ပန်းလာသောကြောင့် ငှက်ပျောသီးနှင့် သောက်ရေတစ်ခွက်စီ သောက်လိုက်သော အခါမှ အမောပြေသွားပြီး ရင်ထဲမှာ အေးသွားတော့သည်။

ကျွန့်ပ်စိတ်ထဲမှာတော့ သောက်ရေအိုးထဲမှ ရေသည် အရသာတစ်မျိုး ဖြစ်နေသောကြောင့် မေးကြည့်လိုက်သည်။

"အဘိုး... ဒီသောက်ရေထဲမှာ ဘာများထည့်ထားတာလဲ၊ ချဉ်သလိုလို၊ ဖန်သလိုလိုနဲ့"

"သောက်ရေထဲမှာ 'ကျောက်ချဉ်နက်' တုံး စိမ်ထားလို့ပါ"

"ကျောက်ချဉ်နက်... ဟုတ်လား အဘိုး၊ ကျွန်တော့် တစ်သက်မှာတော့ ကျောက်ချဉ်အဖြူပဲ မြင်ဖူး တွေ့ဖူးတာ ဆိုတော့ ကျောက်ချဉ်နက်ဆိုတာ တကယ်ရှိသလားဟင်၊ နောက်ပြီး ကျောက်ချဉ်နက်က ဘယ်လိုအစွမ်းသတ္တိမျိုး ရှိတာလဲဟင်..."

"ကျောက်ချဉ်နက်ဆိုတာ သိဒ္ဓိရှိတဲ့ ပစ္စည်းတစ်မျိုး ပေါ့ကွယ်၊ အခု ငါ့မြေးလာတာ ဒီအကြောင်းတွေကို သိချင်လို့ လာခဲ့တာမဟုတ်လား"

"ဟုတ်ပါတယ် အဘိုး... ဇမှန်းထန်ပို့လိုက်တဲ့ ကျောက်လက်ဝါး အပိုင်းပြတ်ကြီးတစ်ခုလည်း ကျွန်တော့်ဆီကို ရောက်လာပါတယ်၊ အဲဒါ အဘိုးရဲ့ပစ္စည်းလားဟင်"

"ဟုတ်ပါတယ်၊ ဇမှန်းထန်က ငါ့မြေးအကြောင်းကို ပြောပြလို့ အဘိုး ပို့ခိုင်းလိုက်တာပါ"

"ကျွန်တော်လည်း ဒီအကြောင်းကို တစ်စွန်းတစ်စ သိရပြီးတာနဲ့ ရန်ကုန်က ချက်ချင်းလိုက်လာတာပါ၊ အဲဒီ ကျောက်လက်ဝါးကြီးနဲ့ ကျောက်ချဉ်နက်အကြောင်းကို သိချင်ပါတယ် အဘိုး"

"ဒီလိုဆိုရင်ကော ငါ့မြေးကို အဘိုး စုဆောင်းထားတဲ့ မှတ်တမ်းတွေ ပေးပါ့မယ်"

ဟု ပြောဆိုကာ ကျောက်ဂူအတွင်းပိုင်းသို့ ပြန်ဝင်သွားသည်။

အတန်ကြာသောအခါ...

ကတ္တီပါအနီစ,ဖြင့် ပတ်ကာ ပိုးကြိုးဖြင့် ချည်ထားသော အထုပ်တစ်ထုပ်ကို ယူလာပြီး ကျွန်ုပ်အား ပေးလေသည်။

"ဒီအထုပ်ထဲမှာ အဘိုးရဲ့ဘဝတစ်လျှောက်မှာ တွေ့ကြုံခဲ့ရတဲ့ ထူးဆန်းတဲ့ အဖြစ်အပျက်တွေကို ရေးထားတယ်၊ ငါ့မြေး ဖတ်ကြည့်ပြီး လိုသလို အသုံးပြုပေါ့ကွယ်"

ကျွန်ုပ်လည်း အဘိုးအိုပေးသော အထုပ်ကိုလှမ်းယူပြီး ပိုးကြိုးကိုဖြုတ်၍ ကတ္တီပါစ,ကို ဖြေကြည့်လိုက်သောအခါ အတွင်း၌ ပေစာချပ်များကို တွေ့ရသည်။

ပေစာချပ်များမှာ အနံ့သင်းလှသော ဆီတစ်မျိုးသုတ်လိမ်းထားသဖြင့် ပြောင်လက်နေသည်။

ကျွန်ုပ်သည် အဘိုးပေးသော ပေစာချပ်များ၏ အပေါ်ဆုံးအရွက်ကို ဖတ်ကြည့်လိုက်သည်။





နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အောက်၌ ရေးသား ဖော်ပြထားသော အဖြစ်အပျက်များမှာ ကျွန်ုပ်တစ်သက်တာတွင် ကြုံတွေ့ခဲ့ရသော မမေ့နိုင်စရာ အကြောင်းများပင် ဖြစ်သည်။

လောကတွင် သာမန်လူတို့ ဉာဏ်တစ်ထွာတစ်မိုက်ဖြင့် လိုက်မမီနိုင်သော အဖြစ်အပျက်များစွာ ရှိပေရာ ကျွန်ုပ်တွေ့ကြုံခဲ့ရသော အကြောင်းအရာများမှာလည်း ကိုယ်တွေ့မျက်မြင်မဟုတ်ပါက ယုံကြည်နိုင်ရန် ခက်သော အဖြစ်အပျက်များဖြစ်ပေသည်။

ကျွန်ုပ်၏အမည်မှာ 'မောင်အောင်' ဖြစ်သည်။

ဆက်လက်၍ အောက်တွင်ရေးသား ဖော်ပြထားသော အကြောင်းအရာများမှာ 'အဘဦးအောင်' ကိုယ်တိုင် ရေးသားထားသည့် အတ္ထုပ္ပတ္တိ မှတ်တမ်းများဖြစ်သည်။

၎င်းမှတ်တမ်းများကို အခြေပြုလျက် လွန်စွာဆန်းကြယ်လှသော "ကျောက်လက်ဝါးအမြုတေ" မှတ်တမ်း ဇာတ်လမ်းကြီး ပေါ်ပေါက်လာရခြင်းပင် ဖြစ်ပေတော့သည်။

# အခန်း (၄)

## နန်းရွှေရည်နှင့် ပတ်သက်၍

ရှေးနှစ်ပေါင်းများစွာက ကျားဖြူတောင်ရွာမှာ ယခုကဲ့သို့ အိမ်ခြေများပြားပြီး စည်ကားလှသော ရွာကြီးတစ်ရွာတော့ မဟုတ်ပေ။

ထို့ပြင်...

ကျားဖြူတောင်ဘက်မှ သစ်တောများကလည်း ရွာနား အထိ ရှိနေပေရာ သစ်ရိပ်အောက်မှ ရွာကလေးတစ်ရွာမျှသာ ရှိပေသည်။ ထိုစဉ်က ရွာမှာ ယခုကဲ့သို့ မဟုတ်ဘဲ အိမ်ခြေ အနည်းငယ်သာရှိပြီး နေထိုင်ကြသူများမှာ တောင်ယာ လယ် လုပ်၊ တောခုတ် တောလိုက်သူများသာ ရှိသည်။





ထိုရွာတွင် စေတုတ္တရာဘက်မှ ပြောင်းလာသော မိသားစု တစ်စု ရှိလေသည်။

၎င်းတို့မှာ...

ဦးစိတ္တ၊ ဒေါ်မယ်ခနှင့် သားဖြစ်သူ မောင်အောင်တို့ ဖြစ်ကြပေသည်။

ဦးစိတ္တနှင့် ဒေါ်မယ်ခတို့မှာ အသက်လေးဆယ်ကျော် ငါးဆယ်ဝန်းကျင် အရွယ်ရှိကြပြီး သားဖြစ်သူ မောင်အောင်မှာ အသက် ဆယ့်ရှစ်နှစ် အရွယ်ခန့်မျှသာရှိသော လူပျိုပေါက် အရွယ်သာ ရှိသေးသည်။

ဦးစိတ္တမှာ မြန်မာဘုရင်လက်ထက်က သွေးသောက် ရဲဘော်ကြီးတစ်ဦးဖြစ်ခဲ့ပြီး ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူတစ်ဦး ဖြစ်သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့များက မတရားသိမ်းပိုက် ပြီး သီပေါဘုရင်ကို ဖမ်းဆီး ခေါ်ဆောင်သွားသောအခါ သူ့ ကျွန်မခံ စိတ်ဓာတ်ဖြင့် စေတုတ္တရာသို့ တိတ်တဆိတ်ပြန်လာ ပြီး မိမိနှင့် စိတ်တူသဘောတူ မျိုးချစ်ရဲဘော်များအား စုစည်း၍ ဗိုလ်စိတ္တဟု အမည်ခံကာ စေတုတ္တရာဘက်သို့ ကျူးကျော်လာသော နယ်ချဲ့များကို ပြန်လည်ခုခံ တိုက်ခိုက် ခဲ့လေသည်။

ထိုအချိန်က မောင်အောင်ကလေးပင် အသက်ဆယ်နှစ် ကျော် အရွယ်ခန့်သာ ရှိသေးသည်။

ဦးစိတ္တက...

"မောင်အောင်... ငါ့သားက အခု ဆယ်နှစ်ကျော် အရွယ်ရောက်ပြီဆိုတော့ အသက်မငယ်တော့ဘူး။ ကိုယ့်ကိုယ်ကို ပြုပြင်ရင် စိတ်ခတ်နိုင်တဲ့အရွယ် ရောက်နေပြီ။

"ငါတို့ရဲ့ မြန်မာ့အာဇာနည် မင်းရဲကျော်စွာဆိုတာ အသက်ဆယ့်ငါးနှစ်သားအရွယ်မှာ စစ်တပ်ကြီးတစ်တပ်ကို ကောင်းကောင်းအုပ်ချုပ်နိုင်နေပြီ...

"တိုက်ပွဲပေါင်းများစွာကိုလည်း အောင်မြင်အောင် တိုက်ခိုက်နိုင်ခဲ့တယ်...

"အခု တို့နိုင်ငံကို ကုလားဖြူတွေက မတရားကျူးကျော် သိမ်းပိုက်ကြတယ်၊ တို့ရဲ့အရှင်သခင် သီပေါဘုရင်ကိုလည်း ဖမ်းခေါ်သွားကြပြီ...

"ဒါကြောင့် ဒီကုလားဖြူတွေကို ရရာလက်နက်ဆွဲပြီး ခုခံတိုက်ခိုက်ရမယ်၊ တို့နိုင်ငံထဲက နှင်ထုတ်ပစ်ရမယ်...

"ဒါကြောင့် ငါ့သားလည်း သူရဲကောင်း မင်းရဲကျော်စွာလို စိတ်မျိုးမွေးပြီး အဘတို့နဲ့အတူ စစ်တိုက်ရမယ်"

ဟု ပြောဆိုကာ မောင်အောင်အား ဓားခုတ်၊ လှံထိုး၊ မြားပစ်၊ ဆင်စီး၊ မြင်းစီး အတတ်ပညာများကို သင်ကြားပေးသည်။

သွေးသောက်ရဲဘော်များကလည်း ၎င်းတို့တတ်သော ပညာများကို သင်ကြားပေးကြသဖြင့် မောင်အောင်မှာ အသက်





ငယ်ရွယ်စဉ်ကပင် လောကီနှင့် သက်ဆိုင်သော အတတ်ပညာများကို အနည်းနှင့်အများ သိရှိနားလည်ခဲ့ရသည်။

"ကောင်းကင်ပေါ်မှာရှိတဲ့ နက္ခတ်တွေဟာ လူတွေရဲ့ ကံကြမ္မာ၊ တိုင်းပြည်ရဲ့ ကံကြမ္မာတွေကို ကြိုတင် နိမိတ်ဖတ်ပြီး ဖော်ပြနေတဲ့ ကျောက်သင်ပုန်းကြီး တစ်ချပ်လိုပဲ...

"နက္ခတ်ပညာမတတ်ဘဲ မော့ကြည့်ရင်တော့ အကန်း စာဖတ်သလို ဘာမှ နားလည်မှာ မဟုတ်ဘူး။

"နက္ခတ်ပညာ ကျွမ်းကျင်တဲ့လူတွေ ကြည့်ရင်တော့ အရာအားလုံးရဲ့ ကံကြမ္မာတွေကို နိမိတ်ဖတ်လို့ရတယ်"

ဟု သွေးသောက် ရဲဘော်ကြီးတစ်ဦးက သင်ကြားပေးသည်။

"ဒါဖြင့် အခုလို တိုင်းပြည်ပျက်တဲ့ ကံကြမ္မာကို ကောင်းကင်ပြင်ပေါ်မှာ ကြည့်ရင် သိနိုင်တာပေါ့နော် အဘ"

"သိနိုင်တာပေါ့ကွ... ဟောဟို ကောင်းကင်ပြင်မှာ မော့ကြည့်လိုက်စမ်း ငါ့မြေး၊ လရဲ့ဘေးနား တစ်ဖက်တစ်ချက်နားမှာ ကြယ်နှစ်လုံး ရံနေတာကိုမြင်ရဲ့ မဟုတ်လား

"ဟုတ်ကဲ့၊ မြင်တယ် အဘ"

"အဲဒီကြယ်နှစ်လုံးဟာ တခြားတော့မဟုတ်ဘူး၊ မိဂသီနဲ့ ရောဟဏီဆိုတဲ့ နက္ခတ်နှစ်လုံးပဲ၊ ဒီနက္ခတ်နှစ်လုံးရဲ့ ကြားကို လ ရောက်သွားတာနဲ့ တိုင်းပြည်ပျက်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ အဖျားအနာများခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းဆိုတဲ့ ဒုဗ္ဘိက္ခန္တရကပ်ဆိုးတွေ ကျရောက်လေ့ရှိတယ်...

"သေသေချာချာ မှတ်သားထားပေတော့"

ဟု ပြောပြကာ အခြား နက္ခတ်တာရာများအကြောင်း၊ ဗေဒင်ပညာများအကြောင်းကို သင်ကြားပေးလေသည်။

ထို့ပြင်...

ဆေးဝါးပညာ ကျွမ်းကျင်သူများကလည်း...

"လူကလေး... လောကမှာ ဆေးဖက်မဝင်တဲ့ အပင်ဆိုတာ မရှိဘူး။ အဆိပ်ပင်ကိုတောင် အဆိပ်ဖြေတဲ့နေရာမှာ အသုံးပြုတယ်၊ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ်၊ သစ်ပင်ပဲဖြစ်ဖြစ် အသက်ရှိတဲ့အရာမှန်သမျှ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတာချည်းပဲ"

"ဟုတ်ကဲ့ အဘ"

"ဓာတ်လေးပါး ညီညွတ်နေရင် ကျန်းမာမယ်၊ ဓာတ်လေးပါးထဲက တစ်ခုခုပျက်တာနဲ့ မကျန်းမမာဖြစ်မှာပဲ...

"ဒီဓာတ်ကြီးလေးပါးမှာမှ အပူနဲ့အအေးဆိုတဲ့ ဓာတ်ကြီးနှစ်ပါးက အဓိကကျတယ်၊ အပူအအေးဆိုတဲ့ ဓာတ်ကြီးနှစ်ပါးကို နိုင်အောင်ညှိနိုင်ရင် မင်း ဆေးကုလို့ရပြီ"

"အပူအအေးကို ဘယ်လိုသိအောင် ရှာရမလဲ အဘ"

"ဒါက လွယ်လွယ်လေးပါကွာ၊ သဘာဝကို အကဲခတ်ကြည့်ရင် သိနိုင်ပါတယ်၊ သဘာဝကို ဥတုကချုပ်ကိုင်ထားတယ်၊ ဒါပေမယ့် ဥတုကလည်း မာယာက အများသားကွယ့်"

"ဘယ်လိုများတာလဲ အဘ"





"ဒီလိုကွာ... ဆောင်းဥတုမှာ ရာသီက အေးပေမယ့် သဘာဝက အရမ်းပူတယ်၊ ဒါကို သတိပြုရတယ်၊ အပြင်အေး အတွင်းပူပေါ့၊ အေးတယ်ဆိုပြီး အပူစာစားရင်၊ အပူဆေးပေးရင် ဒုက္ခဖြစ်ပြီ၊ တခြားမကြည့်နဲ့... သစ်ပင်တွေဟာ ဆောင်းတွင်းအခါမှာ ရွက်နုထွက်ရမယ့်အစား အရွက်တွေကြွေပြီး အရိုးပြိုင်းပြိုင်း ဖြစ်ကုန်ကြတာကို ကြည့်ရင် သိနိုင်တယ်"

"ဟုတ်တယ်နော် အဘ"

"ဒီလိုပဲ... နွေရာသီရောက်တဲ့အခါမှာ အပြင်မှာပူနေပေမယ့် အတွင်းမှာ အေးနေတယ်၊ ဒါကြောင့် နွေရာသီရောက်ရင် ဝမ်းပျက်ပြီးတော့ ဝမ်းလျှောတဲ့ရောဂါတွေ ဖြစ်ကြတာပဲ၊ အပူဆုံးအချိန်ဖြစ်တဲ့ တပေါင်း၊ တန်ခူးလတွေမှာ သစ်ပင်တွေ ရွက်နုကလေးတွေ ထွက်လာတာကို ကြည့်ရင် မြေအောက်မှာ ဘယ်လောက် အေးတယ်ဆိုတာကို သိသာပါတယ်...

"ဒါကြောင့် ငါ့မြေး ဆေးပညာကို သင်တော့မယ်ဆိုရင် သစ်ပင်တွေအကြောင်းကို သိအောင်လုပ်...

"ဓာတ်ကြီးလေးပါးကို နားလည်အောင်ကြိုးစား...

"အပူ အအေး နှစ်ခုရဲ့ ဖောက်ပြန်လှည့်စားတတ်တာကို ကျွမ်းကျင်အောင် လေ့လာမယ်ဆိုရင် ဆေးကုလို့ရပါပြီ"

ဟု ဆေးပညာနှင့်ပတ်သက်၍ သင်ပေးသည်။

လေးမြားအတတ် သင်ပေးသူကလည်း…

လေးညှို့ ဘယ်လိုတပ်ရတယ်၊ မြားဘယ်လိုတပ်ပြီး ဘယ်လိုချိန်ရတယ်၊ ဘယ်လိုပစ်ရတယ်၊ အဆိပ် ဘယ်လို ဖော်ရတယ်၊ စသည်ဖြင့် သင်ပြပေးသည်။

ဤသို့ဖြင့်…

မောင်အောင်ကလေးသည် အသက် ငယ်ရွယ်စဉ်ကပင် လောကီနှင့် သက်ဆိုင်သောအတတ်ပညာများကို အနည်းနှင့် အများဆိုသလို တတ်မြောက် ကျွမ်းကျင်ခဲ့ပေသည်။

ဦးစိတ္တ ခေါင်းဆောင်သော နယ်ချဲ့တော်လှန်ရေးသမား များမှာ စေတုတ္တရာနယ်ဘက်ကို ခြေကုပ်ယူပြီး နယ်ချဲ့များ ကို စွမ်းအားရှိသမျှနှင့် ခုခံ တိုက်ခိုက်ကြပါသော်လည်း လက်နက်အင်အား၊ လူအင်အား မမျှသည်ကတစ်ကြောင်း၊

အရေးနိမ့်လာသောအခါ စိတ်ဓာတ်မခိုင်သူ၊ အတွင်း သစ္စာဖောက်များ ပေါ်ပေါက်လာသည်က တစ်ကြောင်းကြောင့် အရေးနိမ့်ကာ တပ်ပျက်ခဲ့ရလေတော့သည်။

ထိုအခါ…

ဦးစိတ္တသည် ကျားဖြူတောင်သို့ ရုပ်ဖျက်ကာ ပြေးခဲ့ ရပြီး မထင်မရှားဘဝဖြင့် နေထိုင်ခဲ့ရသည်။

ထိုရွာသို့ရောက်သောအခါ မထင်မရှားဘဝဖြင့် ကြုံရာ ကျပန်း အလုပ်များလုပ်ကိုင်ရင်း အသက်မွေးဝမ်းကျောင်း ပြုရလေသည်။ သားဖြစ်သူ မောင်အောင်ကိုတော့ ရွာအရှေ့





းတွင် သီတင်းသုံးနေသော ကျားဖြူတောင်ကျောင်း ဆရာ ဘ်ကြီးထံ၌ လောကီ၊ လောကုတ္တရာပညာများကို သင်ကြား သည်။

တစ်နေ့သောအခါ ကျောင်းမှစာသင်ပြီး ပြန်လာသော ာင်အောင်သည် ရွာလယ်ဘက်ရှိ မန်ကျည်းပင်ကြီးတစ်ပင် ရိပ်အောက်တွင် ကစားနေကြသော ကလေးတစ်သိုက်ကို င်သဖြင့် ရှေ့သို့ဆက်မသွားသေးဘဲ ထိုနေရာသို့ ဝင်ကြည့် သသည်။

တစ်နေရာမှာတော့ မိန်းကလေးတစ်စု ဖယ်တောက် မ်း ကစားနေကြပြီး မလှမ်းမကမ်းမှာတော့ ယောကျ်ား လေးတစ်သိုက် ကြေးသားရိုက်တမ်း ကစားနေကြသည်။

မောင်အောင်မှာ တစ်နယ်တစ်ကျေးမှ ပြောင်းရွှေ့လာ ူ ဖြစ်သောကြောင့် ရွာခံကလေးများနှင့် ခင်မင်ရင်းနှီးမှု ရှိသေးပေ။ ထိုအချိန်တွင် ယောကျ်ားကလေးများဘက်မှ က်လိုက်သော မန်ကျည်းသား ကြေးသားသည် ရိုက်ချက်လွဲ ဖယ်တောက်နေသော မိန်းကလေးများရှိရာသို့ အရှိန်ဖြင့် ှင့်ထွက်လာသည်။ ဖယ်တောက်နေသော မိန်းကလေး စ်ယောက်မှာ ကျောခိုင်းနေသောကြောင့် ကြေးသား ဝင်လာ ည်ကို မမြင်ရှာပေ။

ကြေးသားမှာ နှစ်ဖက်ချွန်ဖြစ်သဖြင့် အကယ်၍သာ န်းကလေးကို ထိလိုက်ပါက မလွယ်ပေ။

ကြေးသား မိန်းကလေးအနီးသို့ ရောက်လာသည်နှင့် မောင်အောင်က လက်ထဲမှကိုင်ထားသော ကျောက်သင်ပုန်း ချပ်ဖြင့် ရိုက်ထုတ်ပစ်လိုက်သည်။

"ခွမ်း..."

ကျောက်သင်ပုန်းကွဲသံနှင့်အတူ ကြေးသားမှာ ဘေး ဘက်သို့ စင်ကျသွားလေသည်။

ထိုအခါ ကြေးသား ရိုက်လိုက်သော ကလေးက မောင်အောင်အနီးသို့ ပြေးလာသည်။

"မင်း ဘာဖြစ်လို့ ငါ့ကြေးသားကို ရိုက်ပစ်ရတာလဲ"

ဟု ဒေါသသံဖြင့် မေးသည်။

"ငါမရိုက်ရင် သူ့ကိုထိမှာပေါ့"

မောင်အောင်က ဖယ်တောက်နေသော မိန်းကလေးကို တစ်ချက်ကြည့်ကာ ပြောလိုက်သည်။

ထိုအခါ မိန်းကလေးများကလည်း နေရာမှထ,လာသည်။

"ဟုတ်တယ်... ဟုတ်တယ်၊ ငဇော် ရိုက်လိုက်တဲ့ ကြေးသားက ရွှေရည်ကို ထိတော့မလို့၊ သူရိုက်ပစ်လိုက်လို့ မထိတာ"

"ဒါကြောင့် သူ့ရဲ့ကျောက်သင်ပုန်းလေး ကွဲသွားပြီ"

ဤသို့ ဝိုင်းပြောကြသောအခါ ရွှေရည်ဟု အခေါ်ခံရ သော မိန်းကလေးက မောင်အောင်ကို မျက်လုံးလေးအဝိုင်း သားဖြင့် ကြည့်နေသည်။





"မင်း... ဘယ်သူလဲ၊ တို့ရွာကို နောက်မှ အသစ် ပြောင်းလာတာလား"

ကြေးသားရိုက်သော မျက်နှာပေါက်ဆိုးဆိုးနှင့် ကလေး က မေးသည်။

"အေး... ဟုတ်တယ်"

"မင်း... တို့နဲ့ကစားချင်လား"

မောင်အောင်က ခေါင်းညိတ်ပြလိုက်သည်။

"ကစားချင်ရင် ဒီအတိုင်းတော့ မကစားရဘူး၊ ငါရိုက် လိုက်တဲ့ ကြေးသားသုံးခုကို လက်နဲ့ ဒီအတိုင်းဖမ်းပြနိုင်မှ ကစားရမယ်၊ ဘယ်လိုလဲ..."

မောင်အောင်က အတန်ကြာအောင် စဉ်းစားနေသည်။

ကြေးသားမှာ မာကျောလှသော မန်ကျည်းသားကို တစ်ထွာခန့်ဖြတ်၍ နှစ်ဖက်ချွန်ထားသောကြောင့် ဖမ်းရတာ လွယ်ကူမည်မဟုတ်ပေ။

သို့သော်...

မိန်းကလေးများရှေ့တွင် 'မဖမ်းနိုင်ပါ'ဟု ပြောလိုက် လျှင် မိမိအား အထင်အမြင်သေးမည်ကိုလည်း စိုးရိမ်မိသည်။

"ဘယ်လိုလဲ၊ ဖမ်းမလား"

"နင်... မတရားမလုပ်နဲ့ ငဇော်၊ ကြေးနန်းရိုက်ရင် သူ့ကိုလည်း တုတ်တစ်ချောင်း ပေးထားလိုက်ပေါ့ဟ"

ရွှေရည်ဆိုသော မိန်းကလေးက ဝင်ပြောသည်။

"နင် အသာနေစမ်းပါ ရွှေရည်ရယ်... ကိုယ့်ရွာကို အသစ်ပြောင်းလာတဲ့လူဆိုတာ ဦးကျိုးသွားအောင် အခုလို လုပ်ပေးရတယ်ဟ၊ ငါရိုက်တဲ့ကြေးသားကို ဖမ်းနိုင်ရင်ဖမ်း မဖမ်းနိုင်ရင် မျက်နှာစုတ်ပြီသာမှတ်ပေတော့... ဘယ်လိုလဲ ဖမ်းမှာလား"

"ကောင်းပြီ... မင်းရိုက်တဲ့ ကြေးသား သုံးခုကို ငါ ရအောင်ဖမ်းပြမယ်၊ ဒါပေမယ့် ပြိုင်ပွဲဆိုတာ အပြန်အလှန် ရှိမှ မျှတမှာပေါ့၊ မင်းရိုက်တဲ့ ကြေးနန်းသားသုံးချောင်းကို ငါ ရအောင်ဖမ်းပြနိုင်ရင် မင်း ငါခိုင်းတာလုပ်မလား"

"အေး... လုပ်မယ်"

ဇော်ဟု အခေါ်ခံရသော ကလေးက ကြေးသား သုံးချောင်းနှင့် အထိရိုက်ရမည်ဆိုသဖြင့် ဝမ်းသာ ပျော်ရွှင်ကာ အလွယ်တကူ ကတိပေးလိုက်သည်။

"ကဲ... ဒါဖြင့် ရိုက်ပေတော့"

မောင်အောင်က လက်ထဲမှ ကျောက်သင်းပုန်းကွဲကို သေးချလိုက်ပြီး ကြေးသားရိုက်မည့်ဘက်သို့ မျက်နှာမူကာ ရပ်လိုက်သည်။

ဇော် ဆိုသောကလေးက ကြေးသားသုံးချောင်းကို ကျင်းနှုတ်ခမ်းပေါ်မှာ အသေအချာ တင်သည်။

မန်ကျည်းပင်အောက်၌ရှိသော ယောကျ်ားကလေးများရော မိန်းကလေးများမှာ လွန်စွာ စိုးရိမ်ကြောက်ရွံ့သော မျက်နှာဖြင့် မလှုပ်မကပ်နေရာမှ ငိုင်းကြည့်နေကြသည်။





"ရိုက်တော့မယ်ဟေ့... ရအောင်သာ ဖမ်းပေတော့"

ဟု ပြောပြောဆိုဆိုနှင့် ဇော်က ကြေးသားတစ်ချောင်းကို ရိုက်လွှတ်လိုက်သည်။

"ဒေါင်..."

"ဝိုး..."

ရိုက်ချက်က ပြင်းသည်။

နှစ်ဖက်ချွန် ကြေးသားက စကြာလို လည်ပတ်ပြီး မောင်အောင်ရှိရာ တည့်တည့်မတ်မတ် ဝင်လာလေသည်။

မောင်အောင်မှာ စေတုတ္တရာ၌နေစဉ်က ဖိုးဖိုးတို့အဖွဲ့ထဲမှ ပွဲကျောင်းဆရာတစ်ဦးထံတွင် အခြေခံပညာများကို စနစ်တကျ သင်ခဲ့ရသဖြင့် အရေးကြုံလာသောအခါ အရှုံးနှင့်မမှု စိတ်ကိုတည်ငြိမ်စွာထား၍ မျက်နှာအနီးသို့ ရောက်လာသော ကြေးသားကို ညာလက်ဖြင့် ဆုပ်ဖမ်းလိုက်သည်။

"ဟာ..."

"ဟင်..."

အာမေဋိတ်သံများ ထွက်လာသည်။

"မင်းကလည်း အလာကြီးပါလား။ ကိုင်း... နောက်တစ်လုံးလာပြန်ပြီဟေ့"

ဟု ပြောပြောဆိုဆိုဖြင့် နောက်တစ်လုံး ရိုက်လွှတ်ပြန်သည်။

ရှေးနည်းအတိုင်းပင် အနီးသို့ရောက်လာသော ကြေးသားကို ဘယ်လက်ဖြင့် ဖမ်းယူလိုက်ပြန်သည်။

ဇော်ဆိုသော ကလေးက တတိယမြောက်ကြေးသားကို အရှိန်ဖြင့် ရိုက်လွှတ်လိုက်ရာ မောင်အောင်က ဘယ်ညာလက်နှစ်ဖက်ထဲ၌ရှိသော ကြေးသားနှစ်ချောင်းဖြင့် ညှပ်ဖမ်းယူလိုက်သည်။

ကြေးသားသုံးခုစလုံး သူ့လက်ထဲ ရောက်သွားသည်။

ထိုအခါ ဇော် ဆိုသောကလေးက ကြေးသားရိုက်သော တုတ်ကိုကိုင်ကာ အနီးလျှောက်လာသည်။

"မင်းက ဘယ်ဆိုးလို့လဲ၊ ပြောတဲ့အတိုင်း ငါရိုက်တဲ့ကြေးသား သုံးလုံးစလုံးကို မိအောင်ဖမ်းနိုင်သားပဲ"

"မင်းနဲ့ငါ ပြောထားတဲ့အတိုင်း ငါနိုင်ပြီလေ"

"အေး... ငါဘာလုပ်ပေးရမလဲ"

"ငါ့ကို ဆရာလို့ခေါ်"

ဇော်က တုတ်ကို ကိုင်ရင်း အတန်ကြာအောင် စဉ်းစားနေသည်။

"မင်းကို ဆရာလို့ခေါ်ရမယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ... မင်းနဲ့ငါ လောင်းကြေးထပ်ထားတာပဲ၊ မင်းရိုက်တဲ့ကြေးသား သုံးခုစလုံးကို မိအောင်ဖမ်းနိုင်ရင် ငါခိုင်းတာ လုပ်ရမယ် မဟုတ်လား"

"မင်းပြောတာ အားလုံးကြားတယ်"





"သူပြောတာ ဟုတ်တယ်"

ရွှေရည်ဆိုသော မိန်းကလေးက အနားကပ်လာပြီး ပြောသည်။

"နင်တို့မိန်းကလေးတွေ ဝင်မပါစမ်းပါနဲ့ ရွှေရည်ရယ်၊ ငါ ပြောထားတာ ငါ မှတ်မိပါတယ်၊ မင်းက ငါ့ကို တခြားခိုင်းစရာ မရှိဘူးလား၊ မင်းကို ဆရာလို့ခေါ်ရအောင် မင်းက ငါ့ဆရာမှ မဟုတ်တာ၊ ဆရာလို့တော့ မခေါ်ချင်ပါဘူး"

"ပြောထားတဲ့ကတိမတည်ဘဲ မခေါ်ချင်လဲ ရပါတယ်၊ ကဲ... ငါသွားတော့မယ်"

မောင်အောင်က လက်ထဲမှ ကြေးသားသုံးလုံးကို ဇော်အားပေးပြီး ဘေးနားမှာချထားသော ကျောက်သင်ပုန်းကွဲလေးကို ပြန်ကောက်ယူကာ နေရာမှထွက်ရန် ပြင်လိုက်သောအခါ ဇော်က...

"ဟေ့ကောင်... နေဦး၊ ခဏနေဦး... ဒီလိုတော့ စကားနဲ့ အနိုင်ယူမသွားနဲ့၊ ပြောထားတဲ့အတိုင်း ငါ မင်းကို ဆရာလို့ခေါ်မယ်၊ ဒါပေမယ့် တစ်နေ့ကျရင် မင်း ငါ့ကို ပြန်ပြီး ဆရာလို့ခေါ်ရအောင် ငါလုပ်ပြမယ်"

"ဆရာ... ဆရာ... ဆရာ..."

ဟု အော်ခေါ်ပြီး မန်ကျည်းပင်ကြီးအောက်မှ ပြေးထွက်သွားလေတော့သည်။

"ဖေဖော် ဒီတစ်ခါတော့ခံရပြီ၊ လူတိုင်းကို အနိုင်လိုက်ကျင့်နေတာ အခုမှ ဝင့်လည်တော့တယ်"

ဟုပြောကာ ကလေးတစ်စုသည် မိမိတို့ကစားနည်းများအတိုင်း ဆက်လက်ကစားနေကြသည်။

မောင်အောင် မန်ကျည်းပင်ကြီးအောက်မှ ထွက်လာသောအခါ နောက်မှ ရွှေရည်ဆိုသော မိန်းကလေးက ပြေ လိုက်လာသည်။

"ဟဲ့... ဟဲ့... နေပါဦး၊ နင့်နာမည်က ဘယ်သူလဲဟင်"

"ငါ့နာမည် မောင်အောင်လို့ ခေါ်တယ်"

"နင်တို့က ဒီရွာကို နောက်မှပြောင်းလာတဲ့ လူတေ လားဟင်..."

"အေး... ဟုတ်တယ်၊ ရောက်တာမကြာသေးဘူး နင့်နာမည်ကရော ဘယ်သူလဲဟင်"

"ငါ့နာမည်က နန်းရွှေရည်လို့ခေါ်တယ်၊ ငါ့အဖေက ဒီရွာက ရွာလူကြီးလေ"

"ဪ..."

"ဒါထက် နင် ကျောက်သင်ပုန်းကိုင်ပြီး ဘယ်ကပြန်လာ တာလဲ ဟင်"

"ငါ့အဖေက ရွာဦးကျောင်းဆရာတော်ကြီးဆီမှာ ပညာ သင်ဖို့ အပ်ထားတာနဲ့ ပညာသွားသင်နေရတာ၊ အဲဒီက ပြန်လာတာ"





"ဟင်... တို့ရွာက ဆရာတော်ကြီးက စာမှမသင်တာ"

"ငါက စာသင်တာမဟုတ်ပါဘူး"

"ဒါဖြင့် ဘာသင်တာလဲဟင်"

"တခြားဟာတွေသင်တာပါ၊ ဥပမာ ဗေဒင်ပညာတို့၊ အယူတော်မင်္ဂလာပညာတို့၊ ဆေးပညာတို့ပေါ့"

"ဒါတွေတော့ နားမလည်ပါဘူး၊ ဒါထက် ငါ့ကြောင့် နင့်ရဲ့ကျောက်သင်ပုန်းလေး ကွဲသွားတော့ နင် စာသင်ဖို့ မရှိတော့ဘူးပေါ့နော်"

"ရပါတယ်ဟာ"

"ဘယ်ဟုတ်မလဲ၊ ငါ့ကြောင့်ကွဲသွားတာ ငါပြန်လျော် ပေးရမှာပေါ့၊ ငါ့မှာ အဖေဝယ်ပေးထားတဲ့ ကျောက်သင်ပုန်း တစ်ချပ် ရှိတယ်၊ ကျောက်တံတွေလည်း ရှိတယ်၊ ဘောင်မှာ တောင် သံချွန်နဲ့ဖောက်ပြီး ငါ့နာမည် ထိုးထားသေးတယ်၊ အဲဒါကို ငါ လက်ဆောင်ပြန်ပေးမယ်နော်"

"မပေးပါနဲ့ဟာ... ငါ့ကိုပေးလိုက်တော့ နင် စာသင်တဲ့ အခါ ကျောက်သင်ပုန်းမရှိဘဲ နေမှာပေါ့"

"ငါက စာမသင်ပါဘူး။ အားတဲ့အခါ အမေက နည်းနည်းပါးပါး သင်ပေးတာပဲရှိတယ်၊ ကျောက်သင်ပုန်းက အပိုဝယ်ထားတာပါ၊ ငါ လာပေးမယ်နော်၊ နင်တို့က ဘယ် နေရာမှာ နေတာလဲဟင်"

"ရွာဖျားဘက်မှာနေတယ်၊ တို့ခြံဝင်းထဲမှာ အင်ကြင်းပင် အကြီးကြီးတစ်ပင် ရှိတယ်"

"သိပြီ သိပြီ... ငါလာခဲ့မယ်၊ နင် စောင့်နေနော်"

မောင်အောင်က ခေါင်းညိတ်ပြလိုက်သောအခါ နန်းရွှေရည်က သူ့အနီးမှ သမင်ပျိုမလေးကဲ့သို့ ပေါ့ပါး သွက်လက်စွာ ပြေးထွက်သွားလေတော့သည်။

မောင်အောင်မှာ လက်ထဲမှာကိုင်ထားသော ကျောက်သင်ပုန်းကွဲကလေးကို တစ်လှည့်၊ ပြေးသွားသော နန်းရွှေရည်၏ ကျောပြင်ကိုတစ်လှည့် ကြည့်ရင်း ရင်ထဲမှာ လှုပ်ရှားမှုဖြစ်နေတော့သည်။

ရွှေသမင်အငယ်



# အခန်း (၅)

## သံယောဇဉ် နှယ်တစ်ရစ်ကြောင့်

နောက်တစ်နေ့တွင် မောင်အောင်သည် ဖခင်ဖြစ်သူ ဦးစိတ္တနှင့်အတူ ကျားဖြူတောင်ပေါ်သို့ တက်ခဲ့ကြသည်။

တက်လာသောရည်ရွယ်ချက်မှာ ဆေးမြစ် ဆေးဥများလည်း ရှာရင်း မိမိတို့နှင့် လျှို့ဝှက်စွာချိန်းထားသော တော်လှန်ရေး သမားများနှင့်လည်း တွေ့ဆုံရန်အတွက် ဖြစ်သည်။

ကျားဖြူတောင်မှာ တောတောင်ထူထပ်လှပြီး သားရဲတိရစ္ဆာန်များ ပေါလှသောကြောင့် တော်ရုံအကြောင်းကိစ္စအရေးမကြီးဘဲနှင့် မရောက်နိုင်သော နေရာဖြစ်သည်။

ရွှေသမင်အငယ်

ဦးစိတ္တသည် ဆေးဝါးကျွမ်းကျင်ရုံမက ဆေးဝါးဖော်စပ်ရန်လည်း ဝါသနာပါသောကြောင့် တစ်ခါတစ်ရံ တောင်ပေါ်တက်၍ ဂမုန်းပင်များနှင့် ထူးဆန်းသော ဆေးဖက်ဝင်အပင်များကို ရှာဖွေလေ့ရှိသည်။

ထိုသို့ရှာဖွေရန် သွားသည့်အခါတိုင်းလည်း မောင်အောင်ကိုပါ တစ်ပါတည်းခေါ်သွားပြီး လက်တွေ့သင်ကြားပေးလေ့ရှိသည်။

အထူးသဖြင့် ဂမုန်းမျိုးနွယ်များနှင့် ပတ်သက်၍ အထူးဂရုစိုက်ကာ သင်ကြား ပြသပေးလေ့ရှိသည်။

"သစ်ပင်ဆိုတာ ဆေးဖက်မဝင်တဲ့အပင် မရှိသလို မသုံးတတ်ရင် ဘေးဖြစ်စေနိုင်တဲ့ သစ်ပင်တွေလည်း အများကြီးရှိတယ်၊ တောထဲမှာ ပလောင်သေရွက်ဆိုတာ ရှိတယ်၊ လူစားမိရင် လူသေ၊ တိရစ္ဆာန်စားမိရင် တိရစ္ဆာန်သေပဲ"

"ပလောင်သေရွက်ဆိုတာ ဘယ်လိုပုံသဏ္ဌာန်မျိုးလဲ အဘ"

"ပလောင်သေရွက်ဆိုတာ လူ့တစ်ရပ်သာသာလောက်ရှိတဲ့ သဘော်မဲဇလီလို အပင်မျိုးပဲ၊ စားမိရင်သေတယ်၊ ဒါပေမယ့် အဆိပ်ပြေဆေးထဲမှာ ထည့်သုံးရင် ဘယ်လိုအဆိပ်မျိုးပဲဖြစ်ဖြစ် နိုင်တယ်"

"တယ်ဟုတ်ပါလား"





"အဲဒါ 'သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေး' ဆိုတာမျိုးပေါ့၊ ခွေးလေးယားသီးဆိုရင် ထိမိရင် ယားတတ်လွန်းလို့ ဘယ်သူမှ မထိချင်၊ မကိုင်ချင်ဘူးမဟုတ်လား။ ဒါပေမယ့် အတွင်းကအစေ့ကို အားဆေးအတွက် အသုံးပြုရင် အတော်ကို အစွမ်းထက်တာမျိုးကွယ့်"

ဟု ဦးစိတ္တက သားဖြစ်သူကို စိတ်ရှည်လက်ရှည် ရှင်းပြပေးသည်။ တောတွင်းတစ်နေရာသို့ ရောက်သောအခါ ဦးစိတ္တက ချိုးကူသံကဲ့သို့ အသံပေးလိုက်သည်။

"တကူ ကူးကူး... တကူ ကူးကူး..."

အတန်ကြာသောအခါ တောတွင်းတစ်နေရာဆီမှ ချိုးကူသံများ ပြန်ကြားရသည်။

ထိုအသံ ကြားရာဘက်သို့ လျှောက်သွားသောအခါ တောထဲမှာ ပုန်းအောင်းနေသော တော်လှန်ရေးရဲဘော်အချို့နှင့် တွေ့ရသည်။

သူတို့သည် တောတွင်းတစ်နေရာမှာ အတန်ကြာအောင် တော်လှန်ရေးကိစ္စများအား တိုင်ပင်ဆွေးနွေးကြပြီးမှ လူစုခွဲကြလေသည်။

ကိစ္စများပြီးသောအခါ ဦးစိတ္တတို့သားအဖလည်း ဟန်ဆောင်ဆေးမြစ်များ ပြန်လာခဲ့ကြသည်။

သို့သော်...

လမ်းခုလတ် ရောက်သောအခါ တောဆင်ရိုင်းအုပ်များနှင့်တိုးပြီး ထွက်ပြေးကြရလေတော့သည်။

တောဆင်ရိုင်းများကလည်း လူနံ့ရသည့်နောက်သို့ ထက်ကြပ်မကွာ လိုက်လာကြသည်။

ဦးစိတ္တတို့လည်း မြေပြင်မှာ ဆက်ပြေးနေလျှင် လွတ်လမ်း မမြင်၊ ကျောက်တောင် ကျောက်တုံးများ ထူထပ်သည့် တောင်စောင်းတစ်ခုပေါ်သို့ ပြေးတက်ခဲ့ကြသည်။

ထို့နောက်...

တောင်နံရံ၌ လူတစ်ကိုယ်စာ သွားသာရုံ ရှိသော လမ်းကလေးအတိုင်းသွားသောအခါမှ ဆင်များ ဆက်မလိုက်နိုင်ကြတော့ပေ။

လူနှစ်ယောက် ထိုင်၍ အနားယူနိုင်သော နေရာသို့ ရောက်သောအခါမှ သားအဖနှစ်ယောက် ခြေပစ်လက်ပစ် ထိုင်၍ အနားယူကာ ပါလာသော အစားအသောက်နှင့် ရေကို တဝ,စားသောက်ကြရလေသည်။

သူတို့ ရောက်နေသော နေရာမှာ တောင်နှစ်လုံးကြား ကမ်းပါးစွန်းတစ်နေရာဖြစ်ပြီး ထိုနေရာမှ အောက်သို့ငုံ့ကြည့်လျှင် တသွင်သွင် စီးနေသော တောင်ကျချောင်း တစ်ချောင်းကို လှမ်းမြင်ရသည်။

တောဆင်ရိုင်းများမှာ ထိုချောင်းရှိရာဘက်သို့ ဆင်းသွားကြခြင်းဖြစ်သည်။





အပေါ်စီးမှငုံ့ကြည့်လျှင် ဆင်ရိုင်းများ၏ ကျောပြင်မည်းမည်းများကို အတိုင်းသားမြင်နေရသည်။

ဆင်ရိုင်းများသည် ချောင်းထဲသို့ဆင်းကာ ရေချိုး ရေသောက် ပြုလုပ်ကြပြီး ကျောက်စွန်းတစ်နေရာဆီသို့သွားကာ ဦးခေါင်းနှင့်ပွတ်သပ်၊ နှာမောင်းဖြင့်ပတ်ကာ ပြုလုပ်နေကြသည်ကို သတိပြုမိကြသည်။

တစ်ကောင်ပြီး၍ ထွက်သွားလျှင် နောက်တစ်ကောင်က ဝင်လာပြီး ရှေ့ကဆင်အတိုင်း ပြုလုပ်သည်ကို တွေ့ရလေသည်။

"အဘ... ဆင်တွေက အဲဒီနေရာမှာ ဘာရှိလို့ အဲဒီလို လုပ်နေကြတာလဲဟင်"

"အဘလည်း အသေအချာတော့ မတွေ့ရဘူး။ ဒါပေမယ့် အဲဒီနေရာမှာ တိရစ္ဆာန်တွေနှစ်သက်တဲ့ အရာဝတ္ထု တစ်ခုခုရှိတာတော့ သေချာတယ်"

"ဘယ်လိုပစ္စည်းမျိုး ဖြစ်မလဲဟင်"

"ဆေးဖက်ဝင်တဲ့ပစ္စည်းလား။ ဒါမှမဟုတ် သိဒ္ဓိရှိတဲ့ ပစ္စည်းလား တစ်ခုခုရှိမှာပေါ့"

"ကျွန်တော်တို့ အနားသွားကြည့်ရင် မကောင်းဘူးလား"

"ဒီအချိန်မှာ သွားကြည့်ရင် ဆင်လိုက်ခံရမှာပေါ့သားရဲ့၊ အကောင်းဆုံးကတော့ ဒီနေရာကို အသေအချာမှတ်ထားပြီး နောက် အေးအေးဆေးဆေးမှ တစ်ခေါက်ထပ်လာကြည့်ကြတာ အကောင်းဆုံးပဲ"

ထိုသို့ပြောဆိုနေကြစဉ် ဆင်များ တစ်ကောင်ပြီး တစ်ကောင် ပြန်တက်သွား၍ အားလုံးရှင်းသွားတော့မှ အလုံးအထည် ကြီးမားလှသော စွယ်စုံဆင်ကြီးတစ်ကောင် ဆင်းလာပြီး ရှေးကဆင်များနည်းတူ ရေသောက်ရေချိုးပြီး ကျောက်နံရံမှ အရာဝတ္ထုကို နှာမောင်းဖြင့် ပွတ်သပ်ပြီးမှ ပြန်တက်သွားသည်။

အတန်ကြာသောအခါ...

တောထဲမှ နောက်ထပ်ဆင်ကြီးတစ်ကောင် ထွက်လာပြီး ချောင်းထဲ ဆင်းသွားပြန်သည်။

ထိုဆင်ကြီးမှာ သင်းကွဲဆင်းမျိုးဖြစ်သော အစွယ်မရှိသည့် ဟိုင်းဆင်ကြီးဖြစ်သည်။

ထိုဆင်ကြီးလည်း ရှေးကဆင်များအတိုင်း ပြုလုပ်ပြီးမှ ချောင်းထဲမှ ပြန်တက်သွားလေသည်။

ဟိုင်းဆင်ကြီးပြန်တက်သွားပြီးသောအခါ နောက်ထပ်မည်သည့်သတ္တဝါမှ ဆင်းမလာတော့ပေ။

ထိုအခါမှ သားအဖနှစ်ယောက် ချောက်ကမ်းပါးမှ ပြန်ဆင်းကာ ရွာသို့ပြန်ခဲ့ကြသည်။

သူတို့ ရွာပြန်ရောက်တော့ နေညိုချိန်ရောက်နေပြီပဲ။

အိမ်ပြန်ရောက်တော့ မိခင်ဖြစ်သူ ဒေါ်မယ်ခက မောင်အောင်ကို သတင်းတစ်ခုပြောသည်။





"နေ့လယ်တုန်းက ကလေးမလေးတစ်ယောက် ရောက်ာပြီးတော့ ကျောက်သင်ပုန်းတစ်ချပ်နဲ့ ကျောက်တံတွေ ာပေးသွားတယ်၊ သားရဲ့သူငယ်ချင်းလား။ ဒီရွာရောက်တာ တောင် မကြာသေးဘူး။ ငါ့သားက သူငယ်ချင်းတွေ ဘာတွေ တောင် ရနေပါပေါ့လား"

ဟု ပြောကာ ကျောက်သင်ပုန်းတစ်ချပ်နှင့် ကျောက်တံများကို ပေးသည်။ မောင်အောင်က တွေတွေထူးထူး ပြန်မပြောဘဲ ကျောက်သင်ပုန်းနှင့် ကျောက်တံကို လှမ်းယူပြီး ကြည့်လိုက်သည်။

ကျောက်သင်ပုန်း၏ ထိပ်ဘောင်ပေါ်မှာ သံချွန်ဖြင့် ခြောက်ရေးထားသော 'နန်းရွှေရည်' ဆိုသော စာလုံးကို တွေ့ရလေသည်။

"သူ ဘာမှာသွားသေးလဲ အမေ"

"တခြား ဘာမှတော့ ပြောမသွားဘူး။ မင်းလာရင်သာ အဲဒီကျောက်သင်ပုန်းလေး ပေးလိုက်ပါဆိုပြီး ပြန်သွားတာပဲ"

ဟုသာ ပြောသည်။

မောင်အောင်လည်း နန်းရွှေရည် ပေးထားခဲ့သော ကျောက်သင်ပုန်းကလေးကို မိမိအိပ်ရာခေါင်းရင်းဘက်တွင် ထင်ထားလိုက်သည်။ နောက်တစ်ရက် နှစ်ရက်ကြာသောအခါ တောတက်ရန် အလုပ်မရှိသဖြင့် မောင်အောင် ဆရာတော်ကြီးကျောင်းသို့ သွားလေသည်။ ကျောင်းသို့ရောက်သော

အခါ ဆရာတော်ကြီးက သူ့အား ကျက်သရေခန်းအတွင်းသို့ ခေါ်ကာ ဤသို့မိန့်ကြားလေသည်။

"မောင်အောင်… ငါ မင်းရဲ့ဇာတာကို တွက်ကြည့်တဲ့အခါမှာ တစ်နေ့ကျရင် မင်းဟာ ထူးဆန်းတဲ့ အရာဝတ္ထုတစ်ခုကြောင့် ကြီးမွားချမ်းသာတဲ့ဘဝကို ရောက်လိမ့်မယ်…

"ဒါပေမယ့်… ကြားကာလမှာ ခက်ခဲကြမ်းတမ်းတဲ့ အနှောင့်အယှက်တွေကို တွေ့ရလိမ့်မယ်…

"ဒီအခက်အခဲတွေကို ကျော်ဖြတ်တဲ့အခါမှာ စိတ်ဓာတ်ကြံ့ခိုင်ဖို့လိုတယ်၊ ပညာပြည့်စုံဖို့ လိုတယ်…

"ဒါကြောင့် ငါ့ဆီက တတ်သင့် တတ်အပ်တဲ့ ပညာတွေကို ကြိုးစားပြီးတော့ သင်ယူပေတော့"

"မှန်ပါ ဘုရား"

"နောက်ပြီး မင်းက တိုင်းပြည်နဲ့လူမျိုးတွေရဲ့ အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်တဲ့ လူတစ်ယောက်လည်း ဖြစ်ရမယ်၊ ငါ မင်းကို ဒီပညာတွေ သင်ပေးနေတာ အဲဒီအတွက် ရည်ရွယ်ပြီးတော့ သင်ပေးနေတာပဲ"

မောင်အောင်မှာ အသက်အရွယ် ငယ်သေးသောကြောင့် ဆရာတော်ကြီး ပြောပြနေသော စကားဦးတည်ချက်၏ အဓိပ္ပာယ်ကို ပြည့်ပြည့်စုံစုံ နားမလည်ရှာပေ။

"မင်းကို ဘာကြောင့် ငါ့ရဲ့ပညာအမွေတွေ ပေးနေရသလဲဆိုတော့ ငါဟာ တခြားမဟုတ်ဘူး၊ တချိန်က မြန်မာဘုရင်လက်အောက်မှာ အမှုထမ်းခဲ့တဲ့ သွေးသောက်ရဲဘော်တစ်ဦးပဲ…





"အခု ကာလဟာ တို့ရဲ့နိုင်ငံကို ကုလားဖြူနယ်ချဲ့တွေက မတရားသိမ်းပိုက်ပြီး တို့လူမျိုးတွေအားလုံးကို ကျွန်ဇာတ်သွင်းနေတာကွယ့်…

"ဒါကြောင့် ခင်းတို့ကို ဖြစ်တဲ့နည်းနဲ့ရအောင် တိုက်ထုတ်ပစ်ရမယ်"

"မှန်ပါ ဘုရား"

"ငါက သာသနာ့ဘောင် ရောက်နေတော့ ဒီကိစ္စတွေကိုလုပ်ဖို့ မသင့်လျော်တော့ဘူး…

"မင်းက ငါ့ကိုယ်စား ဒီတာဝန်တွေကို ဆောင်ရွက်ပေတော့၊ ဒါပေမယ့် အခုအချိန်ကတော့ အသက်အရွယ်ငယ်သေးတယ်၊ ပညာပြည့်စုံအောင် သင်ယူပေဦးတော့"

ဟု မိန့်ကြားကာ လောကီနှင့်သက်ဆိုင်သော အတတ်ပညာများကို သင်ကြားပေးလေသည်။

မောင်အောင်မှာ အသက်ပင် ငယ်သေးသော်လည်း ဇေတုဗ္ဗရာဘက်တွင် ရှိစဉ်က သွေးသောက်ရဲဘော်များ သင်ကြားပေးသော ပညာရပ်များကို ရခဲ့သည်ကတစ်ကြောင်း၊

ယခုအခါ ကျားဖြူတောင်ရွာကျောင်း ဆရာတော်က ထပ်မံ သင်ကြားပေးပြန်သဖြင့် အတန်အသင့် ပညာစုံလင်သော အခြေအနေသို့ ရောက်ရှိခဲ့ပေပြီ။

ကျောင်းမှပြန်လာသောအခါ ရွာလယ်ရှိ မန်ကျည်းပင်ကြီးအောက်သို့ ရောက်သောအခါ ကစားနေကြသော ကလေးများကို တွေ့ရသဖြင့် နန်းရွှေရည်ကို တွေ့လိုတွေ့ငြား ရပ်ကြည့်မိသည်။

သို့သော်...

ကစားနေသော ကလေးများထဲမှာ နန်းရွှေရည်ကို မတွေ့ရပေ။

ထိုအချိန်မှာပင် ငဇော် ဆိုသော ကလေးက သူ့ရှိရာသို့ ပြေးလာသည်။

"မင်း ငါတို့နဲ့ ကစားမလား"

မောင်အောင်က ခေါင်းခါပြလိုက်သည်။

"ဘာဖြစ်လို့လဲဟင်"

"ငါက ဒီကပြန်သွားရင် အမေ့အလုပ်တွေကို ဝိုင်းကူလုပ်ပေးရသေးတယ်ကွ"

"မင်းကလည်းကွာ၊ ကိုယ်မရှိတော့လည်း တခြားလူတွေ လုပ်မှာပေါ့"

"အိမ်မှာက ငါတစ်ယောက်ပဲရှိတာကွ"

"အေး... နောက် အားတဲ့အခါ ကစားချင်ရင်လာခဲ့လေ၊ ငါ့နာမည်က ဇော်လန်းလို့ ခေါ်တယ်၊ ငါ့အဖေက ဒီရွာက ဆေးဆရာကြီးပဲ၊ နာမည်က ဦးဒီပတဲ့"





"အေး... အေး... ငါ့နာမည်က မောင်အောင်လို့ ခေါ်တယ်"

"မင်းက ဘုန်းကြီးကျောင်းမှာ စာသင်နေတာဆိုတော့ ဘုန်းကြီးကျောင်းသား မောင်အောင်ပေါ့ကွာ၊ ဟား...ဟား...ဟား...ဟား"

ဇော်လန်းက ရယ်ရယ်မောမော ပြောဆိုပြီး ကလေးများဆော့ကစားနေကြသော မန်ကျည်းပင်ကြီးအောက်သို့ ပြန်ပြေးသွားလေတော့သည်။

မောင်အောင်လည်း ထိုနေရာမှ လှည့်ထွက်လာခဲ့သည်။

ရွာလမ်းတစ်နေရာ ရောက်သောအခါ မိမိနှင့် မျက်နှာချင်းဆိုင်ဘက်မှ လျှောက်လာသော မိန်းကလေးနှစ်ယောက်ကို လှမ်းမြင်ရသည်။ သူ ကောင်းစွာမှတ်မိသော နန်းရွှေရည်နှင့် အဖော်မိန်းကလေးတစ်ယောက်တို့ ဖြစ်ကြသည်။

အနီးသို့ ရောက်သောအခါ ခြေလှမ်းများ တုံ့ခနဲရပ်လိုက်ကြသည်။

"နင် ကျောင်းက ပြန်လာတာလားဟင်"

"ဟုတ်တယ်"

"ငါတောင် ဟိုတစ်နေ့က နင့်အိမ်ရောက်သေးတယ်၊ ငါပေးခဲ့တဲ့ ကျောက်သင်ပုန်းလေး ရလားဟင်"

နန်းရွှေရည်က မောင်အောင့်ချိုင်းကြားမှာ ညှပ်ထားသော ကျောက်သင်ပုန်းကို တစ်ချက်ကြည့်ရင်း မေးသည်။

"အေး... ရပါတယ်၊ ဒီမှာလေ... နင့်ရဲ့ကျောက်သင်ပုန်း"

မောင်အောင်က ချိုင်းကြားမှ ကျောက်သင်ပုန်းကို ထုတ်ပြလေသည်။

ထိုအခါ...

နန်းရွှေရည်၏ နုနယ်လှပသော မျက်နှာလေးပေါ်မှာ ကျေနပ်မှုအပြုံးရိပ်ကလေးများ ပေါ်လာသည်။

နန်းရွှေရည်မှာ ရှမ်းသွေးစပ်သော မိန်းကလေးတစ်ဦး ဖြစ်ပြီး ရယ်လိုက်သောအခါ ပါးနှစ်ဖက်ပေါ်မှာ ပါးချိုင့်ကလေးများ ပေါ်လာလေသည်။

"ကိုအောင်... နင် အခု ဘယ်ပြန်မှာလဲ"

"ကျောင်းကပြန်လာတာလေ၊ အိမ်ကိုပြန်တော့မှာ"

"အချိန်ရရင် ငါတို့နဲ့ အဖော်ခဏ လိုက်ခဲ့ပေးပါလား"

"နင်တို့က ဘယ်သွားကြမှာလဲ"

"ဟိုတောင်စောင်းက ကညင်ပင်ကြီးပေါ်မှာ သစ်ခွပန်းတွေ ပွင့်နေတာ အများကြီးပဲတဲ့၊ အဲဒါ နင်ခဏ လိုက်ခဲ့ပေးပါလား"

မောင်အောင်မှာ အတန်ကြာအောင် စဉ်းစားနေပြီးမှ–

"အေး... သွားချင်သွားလေ၊ ငါလိုက်ခဲ့ပါမယ်"

ထိုစကားကြောင့် နန်းရွှေရည် မျက်နှာပေါ်မှာ ကျေနပ်မှုကလေးများ ဖြစ်ပေါ်သွားသည်။





ထို့နောက်...

မောင်အောင်နှင့် နန်းရွှေရည်တို့ နှစ်ယောက်မှာ ရွာလမ်းမှ တောင်စောင်းဘက်သို့ လာခဲ့ကြသည်။

ကျားဖြူတောင်ရွာနှင့် မလှမ်းမကမ်းတွင် တောင်ကုန်းများရှိပြီး ထိုတောင်ကုန်းများပေါ်မှာ ကညင်ပင်၊ ပျဉ်းမပင်နှင့် ကျွန်းပင်ကြီးများ အပြိုင်းအရိုင်း ပေါက်ရောက်လျက်ရှိသည်။

ထိုသစ်ပင်ကြီးများပေါ်မှာ ရာသီအလိုက်ပွင့်သော သစ်ခွပန်းများ ရှိလေသည်။

နန်းရွှေရည်ပြောသော ကညင်ပင်ကြီးမှာ အပင်အိုကြီးဖြစ်ပြီး သက်တမ်းရင့်လှပြီဖြစ်သောကြောင့် ပင်စည်မှာ လုံးချော ကြီးဖြစ်ကာ အပေါ်ပိုင်းမှာသာ အကိုင်းအခက်များရှိလေသည်။

ထိုကိုင်းများ၏ အဖျားဘက်တွင် သစ်ခွပန်းခိုင်များ အပြိုင်းအရိုင်း ပွင့်လျက်ရှိသည်။

သစ်ခွများမှာ လေဒီစလစ်ပါး သစ်ခွအမျိုးအစားများ ဖြစ်သည်။

"ဟင်... သစ်ခွပန်းတွေတော့ရှိပါရဲ့၊ သစ်ပင်က ဒီလောက်အမြင့်ကြီး ဘယ်လို ခူးရမလဲ"

နန်းရွှေရည်က ညည်းညည်းညူညူ ပြောလိုက်သည်။

"ဟုတ်ပါရဲ့နော်... တံချူနဲ့ ချူရင်တောင် မမီနိုင်ဘူး"

အဖော်ပါလာသော မိန်းကလေးကပါ သစ်ပင်ပေါ် မော့ကြည့်ရင်း ပြောနေသည်။

"နင်လိုချင်ရင် ငါတက်ခူးပေးမယ်လေ"

မောင်အောင်က ပြောလိုက်သည်။

"မဖြစ်ပါဘူးဟယ်... သစ်ပင်က ဒီလောက်အမြင့်ကြီး ရယ်၊ နောက်ပြီး တက်ဖို့ကလည်း ခက်တယ်... မတော် တဆ လိမ့်ကျနေပါဦးမယ်"

ထိုသို့သာပြောနေသော်လည်း နန်းရွှေရည်မျက်လုံး များက သစ်ခွပန်းခိုင်များဆီမှ မခွာပေ။

"ရော့... ငါ့ကျောက်သင်ပုန်းကို ခဏယူထား၊ ငါ တက်ခူးပေးမယ်"

"သစ်ပင်ပေါ်ကို နင် ဘယ်လိုတက်မှာလဲဟင်"

"ဒီလိုပဲ ရောက်အောင်တက်ရမှာပေါ့"

ကညင်ပင်ကြီး၏ပင်စည်မှာ ဖယောင်းတိုင် တစ်တိုင် ထောင်ထားသလို လုံးချောကြီးဖြစ်နေသောကြောင့် သည် အတိုင်း ဖက်တက်ဖို့ကတော့ မလွယ်ကူလှပေ။

မောင်အောင်က ဘေးပတ်ဝန်းကျင်ကို တစ်ချက် မော့ကြည့်သည်။

ကညင်ပင်ကြီးနှင့် အရွက်ချင်း၊ ကိုင်းချင်းဆက်နေသော နေရာတွင် ကျွန်းပင်ကြီးတစ်ပင်နှင့် ပျဉ်းမပင်တစ်ပင် ရှိသည်။

ပျဉ်းမပင်ဆိုတာ အဖုအထစ်များသဖြင့် တက်ရတာ လွယ်သည်။





မောင်အောင် ဘာမှစဉ်းစားမနေတော့ဘဲ ပုဆိုးကို းတောင်းကျိုက်ကာ ပျဉ်းမပင်ပေါ်မှ အပေါ်ရောက်အောင် ာက်သည်။ အပေါ်ရောက်သွားတော့မှ ကျွန်းပင်ပေါ်သို့ ူးသွားသည်။

ကျွန်းပင်ခွဆုံသို့ ရောက်သောအခါ သစ်ခွပန်းများ ှင့်နေသောကိုင်းနှင့် တစ်တန်းတည်းဖြစ်သွားသည်။

သိပ်လည်း မဝေးလှတော့ပေ။

သို့ကြောင့်...

အရွယ်တော် ကျွန်းကိုင်းများကိုချိုးယူပြီး နွယ်ကြိုးဖြင့် ည်၍ ဆက်ကာ တံချူပြုလုပ်သည်။

သစ်ခွပန်းများကား မီလောက်သော အနေအထားသို့ ရောက်သောအခါ ထိုတံချူဖြင့် သစ်ခွပန်းအုံကို အမြစ်မှ အောင် ထိုးခွာချလေသည်။

တံချူပြုလုပ်ထားသော သစ်ကိုင်းမှာ အနည်းငယ် ျော့နေသဖြင့် တစ်ကြိမ် နှစ်ကြိမ် ထိုးချရုံနှင့် သစ်ခွပန်းအုံက ကွာပေ။

စိတ်ရှည်လက်ရှည်နှင့် အတန်ကြာအောင် ကြိုးစားခွာချ တော့မှ ပြုတ်ကျသွားလေတော့သည်။

သစ်ပင်အောက်မှ မော့ကြည့်နေသော နန်းရွှေရည်က သစ်ခွပန်းအုံများကို ဆီးဖမ်းလေသည်။

မောင်အောင် သစ်ပင်ပေါ်မှ ပြန်ဆင်းလာပြီး အောက်ကို ရောက်တော့ နန်းရွှေရည်က ဝမ်းသာအားရ အမူအရာနှင့်...

"ငါလိုချင်တာ ရအောင်လုပ်ပေးတဲ့အတွက် နင့်ကို သိပ်ပြီး ကျေးဇူးတင်တာပဲ ကိုအောင်ရယ်"

ဟု ပြောလေသည်။

"ဒီလောက်လည်း ကျေးဇူးတင်ဖို့ မလိုပါဘူးဟာ၊ ငါ တတ်နိုင်တာ အကူအညီပေးရတာပဲ၊ အပန်းမကြီးလှပါဘူး"

"ဒါပေမယ့် နင်က တခြားလူတွေနဲ့မတူဘူး၊ အရွယ်နဲ့ မမျှအောင် သိပ်ပြီးတော်တာပဲ၊ ဟိုတစ်နေ့က ငဇော်ရိုက်တဲ့ ကြေးသားသုံးခုစလုံးကို မိအောင်ဖမ်းပြကတည်းက ငါ ကြည့် နေတာ၊ အခုလည်း သစ်ပင်ပေါ်တက်သွားတာ သိပ်ပြီးပေါ့ပါး တာပဲ၊ မျောက်တစ်ကောင်အတိုင်းပဲ"

"ဒီလောက်လည်း မချီးကျူးပါနဲ့ ရှေ့ရည်ရယ်... နေရင် ထိုင်ရင်း ငါ လူစင်စစ်က မျောက်တော့ မဖြစ်ပါရစေနဲ့"

"ဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး ကိုအောင်ရယ်"

ထိုသို့ပြောဆိုကာ ရယ်မောလိုက်သံများက တောင်နံရံ ပတ်ဝန်းကျင်တစ်ခုလုံး ပျံ့နှံ့သွားလေသည်။

ထိုအချိန်မှစ၍ သူတို့နှစ်ဦး၏ ရင်ထဲမှာလည်း သံယောဇဉ် အမြစ်ကလေးများ တွယ်ခဲ့ကြသည်ကို နှစ်ဦးစလုံးက မသိခဲ့ ကြပေ။

❀✦❀✦❀





## အခန်း (၆)

## ဦးဒီဝ၏ အကြံအစည်

နောက် တစ်လ၊ နှစ်လခန့် ကြာသောအခါ ကျားဖြူ တောင် ရွာသို့ မျက်နှာဖြူအလိုတော်ရိများနှင့် ဂေါ်ရခါးစစ်သား အချို့ ရောက်လာလေတော့သည်။

တစ်ရွာလုံးမှာ အေးအေးချမ်းချမ်း နေကြသူများဖြစ်လေ ရာ ယခုကဲ့သို့ လက်နက်ကိုင်စစ်သားများ ရောက်လာသော အခါ များစွာ ကြောက်ရွံ့ကြလေသည်။

ဂေါ်ရခါးစစ်သားများက ရွာလူကြီး ဦးဇော်ခွန် ခြံဝင်း ထဲသို့ သွားကြသည်။

ရှင်းခြံဝင်းသို့ ရောက်သောအခါ ရွာသူရွာသားများက မောင်းထု ခေါ်လိုက်သဖြင့် တစ်ရွာလုံးရှိ လူများလာကြ သည်။

"ဒီမှာသူကြီး... ဒီရွာကို ဗမာတပ်သားတွေ ရောက်ေ တယ်လို့ ကြားရတယ်၊ အဲဒါ ဟုတ်သလား"

စကားပြန်လုပ်သူက မေးသည်။

"မဟုတ်ပါဘူး။ ကျုပ်တို့ရွာမှာ တခြားလူစိမ်း ဘယ်သူ မှ မရှိပါဘူး။ ဒီကရွာသူ ရွာသားတွေပဲ ရှိပါတယ်"

"သေချာရဲ့လားဗျ... ကျုပ်တို့က သတင်းအတိအက ရထားတာနော်၊ ကျုပ်တို့စစ်ဆေးလို့မှ ပေါ်လာရင် ခင်ဗျား မလွယ်ဘူးဖြစ်သွားမယ်နော်"

"ကြိုက်သလိုစစ်ပါ မောင်ရင်... တကယ်လို့ တွေ့တယ် ဆိုရင် ကျုပ်ကို ကြိုက်သလိုအပြစ်ပေးနိုင်ပါတယ်၊ ဒီမှာတော့ ကျုပ်တို့ရွာသားတွေပဲ ရှိပါတယ်..."

"နေပါဦး မောင်ရင်လည်း ဗမာတစ်ယောက် မဟုတ်ဘူး လား။ ဘာကြောင့် တိုင်းတစ်ပါးသားတွေအားကိုးနဲ့ ကိုယ့် အချင်းချင်းတွေကို ဘာကြောင့် နှိပ်စက်ချင်နေရတာလဲ"

"ဒါက ခင်ဗျားအပူ မဟုတ်ပါဘူး။ ခင်ဗျားရွာမှာ ဗမာ တပ်က လူတွေမရှိရင် ပြီးတာပဲ၊ အကယ်၍ တွေ့ခဲ့ရင် သတင်းကြားခဲ့ရင် ကျုပ်တို့ဆီကို အကြောင်းကြားဖို့ မမေ့နဲ့ နော်"





စကားပြန်လုပ်သူက သူ့ဘက်သို့ စကားဦးတည်လာ သောကြောင့် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

ဦးဇော်ခွန်က ဘာမှပြန်မပြောတော့ပေ။

"ခင်ဗျားရွာက လူတွေကို ပြောလိုက်ပါ၊ စစ်သားတွေ က ဒီရွာမှာ မနက်စာ စားကြလိမ့်မယ်၊ အဲဒီတော့ ခင်ဗျား တို့ရွာမှာရှိတဲ့ အကောင်းဆုံး အစားအစာတွေကို ချက်ပြုတ် ကျွေးမွေးဖို့ အမြန်ဆုံးစီစဉ်ပေတော့ဗျာ"

"ဒီအတွက် မပူပါနဲ့၊ ကျုပ်ကိုယ်တိုင် ဖွယ်ဖွယ်ရာရာ ဖြစ်အောင် စီမံချက်ပြုတ်ပေးပါ့မယ်"

ထိုစကားကို ဝင်ပြောသူမှာ ဆေးဆရာကြီး ဦးဒီပ ဖြစ်လေသည်။

ထို့နောက်...

ရွာသူရွာသားများ ယူဆောင်လာသော ဆန်၊ အသား ငါး၊ ဟင်းသီးဟင်းရွက်များကို ဦးဒီပကိုယ်တိုင် စီစဉ်ချက်ပြုတ် ကာ စကားပြန်နှင့် ဂေါ်ရခါး စစ်သားများအား ကျွေးမွေး လေသည်။

ရှင်းတို့မှာ စုစုပေါင်း ဆယ့်ငါးယောက်ခန့်ရှိပြီး ဗမာ စကားတတ်သူဆို၍ စကားပြန်တစ်ယောက်သာ ပါလေသည်။

ရှင်းတို့သည် ဦးဒီပ ချက်ကျွေးသော ထမင်းဟင်းများ ကို စားလိုက်၊ အရက်သောက်လိုက်နှင့် ရှိနေကြစဉ် ရွာထဲမှ လူတစ်ယောက် ရွာအပြင်သို့ ထွက်သွားသည်ကိုတော့ သတိ မထားမိလိုက်ကြပေ။

ထမင်းစားပြီးသောအခါ အရက်ကလေးတွေတွေနှင့် ပြန်သွားကြသော ဂေါ်ရခါးစစ်သားအဖွဲ့မှာ ရွာအပြင်ထွက်ပြီး မကြာမီ တောလမ်းတစ်နေရာသို့ ရောက်သည်နှင့် မိမိတို့ ခြေထောက်ကို ဘယ်လိုမှ မသယ်နိုင်အောင်ဖြစ်လာပြီးနောက် သေနတ်တခြား လူတခြားဖြစ်ကာ အသီးသီး သစ်ချုံများအတွင်းသို့ လဲကျသွားကြလေတော့သည်။

အားလုံး တစ်ယောက်မှ မလှုပ်နိုင်သောအခါ တောထဲမှ တော်လှန်ရေးတပ်သားများ ထွက်လာပြီး စစ်သားများထံမှ လက်နက်များကို ယူပြီး မလှုပ်မယှက်ဖြစ်နေသော ၎င်းတို့ အားလုံးကို လက်စဖျောက်ပစ်လိုက်ကြသည်။

ဤနည်းအတိုင်းပင်...

ကျားဖြူတောင် နယ်တစ်ဝိုက်သို့ ရောက်လာသော နယ်ချဲ့စစ်သား အတော်များများမှာ ဘယ်နေရာပျောက်သွားမှန်း မသိရလောက်အောင် တစ်ဖွဲ့လုံး တစ်အုပ်စုလုံး ပျောက်ပျောက်သွားလေရာ မျက်နှာဖြူ အရာရှိ အတော်များများပင် မျက်လုံးပြူးကာ အထိတ်တလန့်ဖြစ်ကြရလေတော့သည်။

လိုက်လံရှာဖွေပါသော်လည်း အစအနမျှပင် မတွေ့ရတော့ပေ။

ထူးဆန်းမှုမှာ ထိုနေရာတစ်ဝိုက်တွင် တော်လှန်ရေးစစ်သားများ မရှိပါဘဲ ထိုကဲ့သို့ ပျောက်ချင်းမလှ ပျောက်ကုန်သဖြင့် ဝိုမိုအံ့ဩနေရသည်။





အင်္ဂလိပ်စစ်တပ်များတွင် ဗမာစကားပြန် အတော်များ များရှိရာ အချို့ကလည်း...

ထိုကျားဖြူတောင်နယ်တစ်ဝိုက်မှာ ပြူစားတတ်သော ညာများ ထွန်းကားလေရာ ထိုပညာဖြင့် ပြူစားလိုက်သည် ဟု စွပ်စွဲပြောကြားသော်လည်း ထိုအယူဝါဒကို လက်မခံသော အင်္ဂလိပ်မျက်နှာဖြူများက လက်မခံကြပေ။

သို့တိုင်အောင်လည်း သူတို့ကိုယ်တိုင်ပင် တိကျသော အဖြေကို ရှာမရသောကြောင့် ခေါင်းခဲနေကြတော့သည်။

သို့ကြောင့်...

နောက်ပိုင်းတွင် ကျားဖြူတောင်နယ်ဘက်သို့ လာတော့ ည်ဆိုလျှင် လူနည်းစု မလာဝံ့ကြတော့ဘဲ တပ်စု တစ်စု စ်စု ပေါင်းလာကြတော့သည်။

တစ်နေ့တွင် မေဂျာစမစ် ခေါင်းဆောင်သော အင်္ဂလိပ် စ်တပ်တစ်တပ် ရောက်လာပြီး ကျားဖြူတောင်ရွာ၌ စခန်းချ လသည်။ ထုံးစံအတိုင်း စားနပ်ရိက္ခာအတွက် ရွာသူရွာသား များက တာဝန်ယူကြရသည်။

ရွာသူရွာသားများမှာ မိုးစာအတွက် စုဆောင်းထားသော ိက္ခာကလေးများအား မသဒ္ဓါရေစာ ပို့ပေးကြရသည်။

ချက်ပြုတ်ရေးတာဝန်ကိုမူ ထုံးစံအတိုင်း ဦးဒီပတို့အဖွဲ့မှ တာဝန်ယူကြရပြီး ၎င်းတို့စခန်းချရာ အနီးမှာပင် ချက်ပြုတ် ေသည်။

ချက်ပြုတ်နေစဉ် အတွင်းမှာလည်း စကားပြန်များက အလစ်မပေးဘဲ မျက်စိဒေါက်ထောက်၍ စောင့်ကြည့်နေကြသည်။

"ဒီနယ်တစ်ဝိုက်က ချက်ကျွေးတဲ့ အစားအသောက်တွေထဲမှာ အဆိပ်တွေပါတယ်လို့ သတင်းကြားနေရတယ်၊ ဟုတ်–မဟုတ်တော့ စောင့်ကြည့်မှပဲ သိရမှာပဲ၊ မင်းတို့ကို အလစ်ပေးလို့ မဖြစ်ဘူး"

"ကျုပ်တို့ရွာသားတွေမှာ ဒီလိုစေတနာမျိုး မရှိပါဘူးဗျာ၊ မယုံရင် ကျုပ်တို့ အရင်စားပြပါ့မယ်"

"စားရမှာ... စားရမှာ... မင်းတို့ချက်တဲ့ အစားအစာတွေကို မင်းတို့အရင်စားပြပြီးမှ တို့စားမှာ"

ထိုကဲ့သို့ပြောဆိုနေပြီး ဦးဒီပက မီးဖိုနံဘေးမှာ တည်ထားသော ရေနွေးကြမ်းအိုး ဆူလာပြီဖြစ်သောကြောင့် လက်ဖက်ခြောက် အချို့ကိုခပ်ကာ ခွင်ပေါ်မှချသည်။

ထို့နောက်...

"တို့ထမင်းဟင်းချက်တဲ့ အဖွဲ့တွေအားလုံး အမောပြေ ရေနွေးကြမ်းတစ်ခွက်စီ လာသောက်ကြဟေ့"

ဟု အော်ပြောလိုက်သောအခါ ထမင်းဟင်းချက်သူများ အားလုံး ဦးဒီပ ဝါးဆစ်ပိုင်းဖြင့်ဆည့်ပေးသော လက်ဖက်ရည်ကြမ်း တစ်ခွက်စီကို သောက်ကြလေသည်။





ထမင်းဟင်းများ ချက်ပြုတ်ပြီးသောအခါ ဦးဒီပအပါအဝင် ထမင်းဟင်းချက်ပြုတ်သူများက အရင်စားပြရသည်။

၎င်းတို့ ဘာမှမဖြစ်သောအခါမှ စကားပြန်များနှင့် အင်္ဂလိပ်မျက်နှာဖြူစစ်သားများက စားကြသည်။

အချို့ အင်္ဂလိပ်အရာရှိနှင့် စစ်သားများကတော့ အမဲကြော်၊ ကြက်ကြော်များနှင့် အရက်ကိုသာ သောက်ကြသည်။

စားသောက်ပြီး၍ မကြာမီမှာပင် ၎င်းတို့အားလုံးမှာ တစ်ကိုယ်လုံး မသယ်ချင် မလှုပ်ချင်လောက်အောင် လေးလံထိုင်းမှိုင်းလာလေတော့သည်။

အဖွဲ့ခေါင်းဆောင် မေဂျာစမစ်ကိုယ်တိုင် မဟန်နိုင်တော့ဘဲ လက်ထဲမှာကိုင်ထားသော အရက်ခွက် လွတ်ကျသွားပြီး နေရာမှ လဲကျသွားလေတော့သည်။

အတန်ကြာသောအခါ စစ်သားများရော စကားပြန်များပါ ဘယ်လိုမှ မလှုပ်နိုင်တော့ဘဲ လဲကုန်တော့သည်။

ဖြစ်ပုံက...

၎င်းတို့အားလုံးမှာ မျက်လုံးကြီးများ ပွင့်လျက်သားနှင့် သတိရနေသေးသော်လည်း လူကတော့ တစ်ကိုယ်လုံး အကြောများဆိုင်းကာ လုံးဝ မလှုပ်နိုင်တော့ပေ။

သူတို့အရင်စားပြသော ဦးဒီပတို့အဖွဲ့ကတော့ ဘာမှ မဖြစ်ကြပေ။

အတန်ကြာသောအခါ ဦးစိတ္တ သွားရောက် အကြောင်းကြားထားသော မျိုးချစ်တော်လှန်ရေး ရဲဘော်များ ရောက်လာကြသည်။

သူတို့သည် မေဂျာစမစ်နှင့် ကုလားဖြူစစ်သားများထံမှ လက်နက်များကို သိမ်းယူ၍ အားလုံး သုတ်သင်ပစ်လိုက်သည်။

ထို့နောက်...

တစ်ရွာလုံး တက်ညီလက်ညီ မြေကျင်းများတူး၍ မြေမြှုပ်ကာ လက်စ ဖျောက်လိုက်ကြသည်။

"ဒါထက် မသိလို့ မေးပါရစေဦး... သူတို့ကိုကျွေးမယ့် အစားအစာတွေထဲမှာ ဘယ်လိုဆေးမျိုးတွေများ ထည့်လိုက်လို့ အခုလို ဖြစ်သွားကြရတာလဲ"

ဦးဇော်ခွန်က မေးလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူး။ အာရုံကြောတွေကို သေသွားစေတဲ့ ဆေးတစ်မျိုးပါပဲ"

"ဒီဆေးထည့်ထားတဲ့ ထမင်းဟင်းတွေကို ခင်ဗျားတို့ အရင်စားပြရတာ မဟုတ်လား။ ခင်ဗျားတို့တော့ ဘာမှမဖြစ်ပါလား"

"ဘယ်ဖြစ်မှာလဲ၊ ကျုပ်တို့က အဆိပ်ဖြေဆေး ကြိုသောက်ထားတာကိုးဗျ"





"ဘယ်အချိန်များ သောက်လိုက်ကြပါလိမ့်"

"ခင်ဗျားရှေ့မှာပဲ သောက်တာပဲလေ၊ စောစောက ရေနွေးကြမ်းတစ်ခွက်စီ သောက်လိုက်ကြတာ အဲဒါ ဖြေဆေးပဲပေါ့။ ရေနွေးကြမ်းထဲမှာ လက်ဖက်ခြောက်မခတ်ဘဲ အဆိပ်ဖြေဆေး ထည့်ခပ်ထားတာပါ"

"တတ်လည်း တတ်နိုင်ပါပေ့ ဦးဒီပရယ်၊ ဒါပေမယ့် ခင်ဗျားရဲ့နည်းကတော့ အတော့်ကို ကောင်းတယ်ဗျို့၊ သေနတ်တစ်ချက်မပစ်ရ၊ ဓားတစ်ချက် မခုတ်ရဘဲနဲ့ကို မိစ္ဆာကောင်တွေကို အစုလိုက် အပြုံလိုက် သုတ်သင်ပစ်နိုင်တာ ဟန်ကျတာပဲ"

ဦးဇော်ခွန်က အားရပါးရ ပြောလိုက်သည်။

"ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်ပေါ့ဗျာ၊ အဓိက,က ဒီမိစ္ဆာတွေကို ကျုပ်တို့မြေပေါ်က သုတ်သင်ပစ်နိုင်ဖို့က အဓိကပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် တစ်ခုတော့ သတိထားရလိမ့်မယ်ဗျို့၊ နယ်ချဲ့တွေက ဒီနယ်ဘက်မှာ သူတို့လူတွေ အစုလိုက် အပြုံလိုက် ပျောက်ပျောက်သွားတာကို သိရင် ဘယ်နည်းနဲ့မှ ငြိမ်နေကြမှာမဟုတ်ဘူး။

တစ်နည်းနည်းနဲ့တော့ ကျုပ်တို့ကို လာပြီးရန်ရှာလိမ့်မယ် ထင်တယ်"

"ဘာများ ပူစရာရှိသလဲ ဦးဖော်ခွန်ရယ်၊ အခုလည်း ဒီမိစ္ဆာကောင်တွေက ကျုပ်တို့ပြည်သူ ပြည်သားတွေကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်နေတာပေါ့ဗျာ"

"ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ဒီဘဝမှာ သူ့ကျွန်အဖြစ်နဲ့ နေရတာနဲ့စာရင် တိုက်ခိုက်ရင်းနဲ့ သေသွားရင်တောင်မှ မြတ်တယ်လို့ သတ်မှတ်ရမှာပဲ"

ထိုအခါ ဦးစိတ္တကပါ ဝင်ပြောလေသည်။

"ဒီအတွက် ဘာမှ ပူမနေကြပါနဲ့၊ အခုဆိုရင် ကုလားဖြူတွေ အတော့်ကို အထိနာနေကြပါပြီ၊ တစ်နိုင်ငံလုံးမှာ ရှိကြတဲ့ မျိုးချစ်တော်လှန်ရေးသမားတွေရဲ့ ဒဏ်ကို သူတို့ ကောင်းကောင်းခံနေရပါပြီ။

အထက်ဘက်တွေမှာဆိုရင် သူတို့ နာလံမထူနိုင်အောင် ခံနေကြရတာဗျ"

"ကောင်းတယ်ဗျို့၊ ဒီသတင်းကြားရတာ အားတက်စရာပဲ... ကျုပ်တို့ကလည်း ကိုယ့်တိုင်းပြည် သူတစ်ပါးလက်ထဲ ရောက်သွားကတည်းက မခံနိုင်ဖြစ်နေကြတာ၊ ဒါပေမယ့် လူနည်းစုလေးသာ ရှိတော့တယ်၊ ဘယ်လိုလုပ်ရမှန်း မသိဘဲ ရှိနေကြတာ...

"ဒီအချိန်မှာ ဆရာတော် အဆက်အသွယ်နဲ့ ဦးစိတ္တတို့ ရောက်လာတာ သိပ်ပြီးဟန်ကျတာပဲ"





"ကိုင်း... ဒါက အရေးမကြီးဘူး၊ ဒီကုလားဖြူတွေ အလုံးအရင်းနဲ့ ချီတက်လာခဲ့ရင် ဘယ်လို လွတ်အောင် ရှောင်ကြမယ်၊ ဘယ်လိုခုခံ တိုက်ခိုက်မယ်ဆိုတာတွေ တိုင်ပင်ကြဦးစို့တဲ့"

ဟု ပြောကာ ရှေ့အစီအစဉ်များအား ပြောဆိုတိုင်ပင်ကြလေတော့သည်။

# အခန်း (၇)

## နူးနယ်သောအချစ်သည် မေတ္တာကို အကျည်းတန်စေ၏

မောင်အောင်တို့ ကျားဖြူတောင်ရွာသို့ ရောက်ပြီး နှစ်အနည်းငယ်ကြာသောအခါ မောင်အောင်ရော နန်းရွှေရည်ပါ လူပျိုပေါက် အပျိုပေါက်အရွယ်များ ရောက်ခဲ့ကြပြီး တစ်ယောက်ရင်ထဲမှ သံယောဇဉ်ကို တစ်ယောက်က နားလည်သော အခြေအနေသို့ ရောက်နေကြသည်။

သို့စေကာမူ...

အရွယ်အခြေအနေအရရော၊ ပတ်ဝန်းကျင် အခြေအနေအရပါ တစ်ယောက်နှင့်တစ်ယောက် ပွင့်လင်းမှုတော့ မရှိကြသေးပေ။





လူကြီးများအနေနှင့်လည်း တိုင်းပြည် လွတ်လပ်ရေးအတွက် အတူတကွ လက်တွဲလုပ်ကိုင်နေကြသဖြင့် လူငယ်ချင်း ဖြစ်သောကိစ္စအတွက် ကန့်ကွက်ရန် မရှိကြသော်လည်း အသက်အရွယ်အရ အချစ်ရေးကို ဦးစားပေးရမည့်အချိန် ဟုတ်သဖြင့် ရင်ထဲမှ ဆန္ဒကို မျိုသိပ်ပ းရလေသည်။

သူတို့နှစ်ယောက်အတွက် အခြေအနေမှာ ဖြောင့်ဖြူးသာယာဟန်ရှိသော်လည်း လောကသဘာဝ၏ ဓမ္မတာအတိုင်း အတားအဆီး အနှောင့်အယှက်ကတော့ ရှိစမြဲပင်။

သူတို့နှစ်ယောက်အတွက် အနှောင့်အယှက်မှာ အခြားဟုတ်ပေ။ ဇော်လန်းပင် ဖြစ်သည်။

ဆယ်ကျော်သက်အရွယ် အပျိုဘော်ဝင်စ,တွင် နန်းရွှေရည်၏ အလှမှာ စွဲမက်ဖွယ်ရာအလှမျိုး ဖြစ်သည်။

သို့ကြောင့်လည်း ဇော်လန်းမှာ နန်းရွှေရည်၏ အလှကို ပိုင်ဆိုင်ခွင့်ရစေရန် သဲကြီးမဲကြီး ကြိုးစားလေတော့သည်။

"ဇော်လန်း... နင် ဘယ်လိုပဲ ဖွဲကောင်းကောင်းနဲ့ လိုက်ပေမယ့် ငါ နင့်အပေါ်မှာ သူငယ်ချင်းတစ်ယောက်အနေနဲ့ပဲ ခင်နိုင်မယ်၊ ဒီထက်မပိုနိုင်ဘူး"

"အဲဒီလို စိမ်းစိမ်းကားကား စကားမျိုး မပြောပါနဲ့ ရွှေရည်ရယ်၊ ငါ နင့်အပေါ်မှာ ဟိုး... ငယ်ငယ်ကလေးကတည်းက သံယောဇဉ်တွယ်ခဲ့တာ နင်အသိဆုံးပါ...

"ငါ့မေတ္တာကို လက်ခံပါဟာ၊ ငါ နင့်ကို ဘယ်လိုနည်းနဲ့မှ လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူး ရွှေရည်"

"ဒါကတော့ နင့်သဘောပဲ၊ ငါ့ဘက်ကတော့ နင်မျှော်လင့်တဲ့အချစ်မျိုး ဘယ်တော့မှ ပြန်ပေးနိုင်မှာမဟုတ်ဘူးဆိုတာ တစ်ခါတည်း အပြတ်ပြောထားလိုက်မယ် ဇော်လန်း"

"နင့်လေသံတွေက မာလှချည်လား ရွှေရည်၊ ဘာလဲ နင်က ငအောင်နဲ့တွေ့မှ ငါ့အပေါ်မှာ စိမ်းကားသွားတာ မဟုတ်လား"

"ဒါက ငါ့သဘောပါ"

"အေး... နင်သိအောင် တစ်ခါတည်း ပြောထားလိုက်မယ်၊ ဇော်လန်းဆိုတဲ့ကောင်က ငယ်ငယ်ကတည်းက ကိုယ်လိုချင်တာကို မရ,ရအောင် ယူတတ်တယ်၊ နင့်ကို ငါ မရ,ရအောင် ယူပြမယ် ရွှေရည်..."

ဟု ပြောဆိုကာ ဇော်လန်း ထွက်သွားလေသည်။

နန်းရွှေရည်မှာ ဇော်လန်းနှင့် တစ်ရွာတည်းနေ တစ်ရေတည်းသောက် ငယ်ပေါင်းကြီးဖက်များဖြစ်ကာ တစ်ယောက်အကြောင်း တစ်ယောက်သိသူတွေမို့ ပြောမယ့်သာပြောရသည်။ ရင်ထဲမှာ နည်းနည်းတော့ စိုးရိမ်သွားမိသည်။

မိမိအတွက် စိုးရိမ်ရသလို မောင်အောင်ကို တစ်စုံတစ်ရာ အန္တရာယ်ပေးမှာကိုလည်း ပူပန်နေရသည်။

ထို့ကြောင့်...





"ကိုအောင်... နင် ဇော်လန်းနဲ့တွေ့ရင် သတိ ဝီရိယ ထားနော်"

"ဘာဖြစ်လို့လဲ ရွှေရည်ရဲ့"

"ဒီကောင်က ငယ်ငယ်ကတည်းက သူတစ်ပါးအပေါ်မှာ အမြဲစိတ်ယုတ်မာရှိတယ်၊ တော်ကြာ နင့်ကို မကောင်းကြံစည်နေမှာစိုးလို့ သတိပေးတာပါ"

"သူနဲ့ငါနဲ့က ဘာရန်ငြိုးရန်စမှ မရှိဘဲနဲ့ သူက ငါ့ကို ဘာအတွက် ရန်ရှာမှာလဲ"

"နင်ကလည်းဟယ်... အပြောရ ခက်လိုက်တာ၊ ငါ ဒီလောက်ပြောနေတာတောင် သဘော မပေါက်သေးဘူးလား"

"ဟင့်အင်း..."

"မသိရင်လည်း မပြောတော့ဘူးဟာ၊ နင့်ဘာသာ သိအောင်လုပ်ပေတော့၊ ငါသွားတော့မယ်"

နန်းရွှေရည်က စိတ်ဆိုးမာန်ဆိုး အမူအရာဖြင့် အနီးမှ လှည့်ထွက်သွားရန် ဟန်ပြင်သောအခါ မောင်အောင်က...

"နေပါဦး ရွှေရည်ရယ်... ငါက တမင်စ,တာပါ"

ဟု ပြောကာ နန်းရွှေရည်၏ လက်ကလေး တစ်ဖက်ကို ဖမ်းဆွဲထားလိုက်သည်။

"အို... လွှတ်ပါ၊ သူများလက်ကို ပိုင်စိုးပိုင်နင်းနဲ့ မကိုင်ပါနဲ့"

ပါးစပ်ကသာ ပြောနေသော်လည်း လွတ်အောင်မရုန်း သဖြင့် မောင်အောင်က ကိုင်မြဲကိုင်ထားသည်။

"ငါ သိပါတယ် ရွှေရည်ရယ်... ဇော်လန်းက နင့်ကို ငယ်ငယ်လေးထဲက သဘောကျနေတာ၊ အခု အရွယ်ကလေး ရလာတော့ ငါက ကြားထဲက ကန့်လန့် ကန့်လန့် ခံနေတော့ သူ့အတွက် အနှောင့်အယှက် ဖြစ်နေတာမဟုတ်လား"

"ဟုတ်တယ်... ဟုတ်တယ်"

နန်းရွှေရည်က နှုတ်ခမ်းလေးကို တမင်စူကာပြောလိုက် သည်။

ဒါကပင် မောင်အောင်မျက်စိထဲမှာ တစ်မျိုးချစ်စရာ ကောင်းနေသည်ဟု ထင်မိသည်။

"သူကသာ တစ်ဖက်သတ် အထင်လွဲနေတာပါ၊ တကယ်တော့ နင်နဲ့ငါနဲ့က ဘာမှဖြစ်ကြသေးတာမှ မဟုတ် တာ၊ သူ ကြိုးစားမယ်ဆိုရင် ကြိုးစားပိုင်ခွင့်ရှိသေးတာပဲ"

ထိုစကားကြောင့် နန်းရွှေရည်၏ ဖြူဖွေးသောမျက်နှာ ပြင်ပေါ်မှာ ပန်းနုရောင် သမ်းသွားတော့သည်။

"ဒီစကားက ဘာသဘောလဲ... ငါ့ကို သူတစ်ပါး လက်ထဲ ရောက်သွားမှာကို မြင်ချင်နေတယ်ပေါ့လေ၊ ဟုတ် လား ကိုအောင်..."

"ဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး ရွှေရည်ရယ်... သူ့အတွက် လွတ်လပ်ခွင့်ရှိတယ်ဆိုတဲ့ သဘောကို ပြော





တာပါ၊ ဒါကလည်း စကားအဖြစ်ပြောတာပါ၊ တကယ်တော့ နင့်ကို ဘယ်သူ့လက်ထဲမှ မရောက်စေချင်ပါဘူး...

"အဲဒါ ဘာကြောင့်လဲဆိုတာ သိရဲ့လားဟင်..."

"ဘယ်သိမှာလဲ..."

နန်းရွှေရည်က မျက်နှာလွှဲ၍ ပြောသည်။

"နင့်ကို သိပ်ချစ်လို့ပေါ့ ရွှေရည်ရယ်... ငါလေ ဟို ငယ်ငယ်ကတည်းက စ,တွေ့တွေ့ချင်းကို သံယောဇဉ်ဖြစ်နေ ခဲ့တာ၊ အခုလို အရွယ်ကလေးရလာတော့ ပိုပြီးချစ်လာမိ တယ်၊ နင့်ကို တစ်သက်လုံးပိုင်ဆိုင်ထားချင်တယ်"

"ဘယ်သူက လက်ခံမယ်ပြောသေးလို့လဲ"

"တခြားအကြောင်းကိစ္စတွေကိုသာ ပါးစပ်နဲ့ ပြောဖို့ လိုပေမယ့် ရင်ထဲကအချစ်အကြောင်းကိုတော့ ပါးစပ်က ဖွင့်ပြောတာထက် မျက်လုံးမှာ အဖြေရှာကြည့်တာ ပိုပြီးသိသာ သာပါတယ်၊ နင့်မျက်လုံးတွေက ငါ့မေတ္တာကို လက်ခံပါတယ် ဆိုတဲ့အဖြေ ပေးနေကြတယ်လေ"

"ကိုအောင်... လူကြည့်တော့ ရိုးမလိုလိုနဲ့ နင် အတော်လည်ပါလား။ ကိုယ့်ဘက် ကိုယ်ယက်တတ်တဲ့ လိပ် ချိုးပဲ၊ ငါ့ကို ဒီလိုနည်းနဲ့တော့ အကြွပ်မကိုင်နဲ့နော်"

"အကြွပ်ကိုင် ပြောနေတာ မဟုတ်ပါဘူး ရွှေရည်ရယ်၊ ငါ့ရင်ထဲမှာ ရှိတာတွေကို ဖွင့်ပြောနေတာပါ၊ လက်ခံဖို့ မခံဖို့ ကတော့ နင့်သဘောအတိုင်း ဆုံးဖြတ်ပါ"

"တကယ်လို့ ငါက ငြင်းလိုက်မယ်ဆိုရင်ရော..."

"အကောင်းဆုံး အရှုံးသမား တစ်ယောက်အနေနဲ့ နောက်ဆုတ်ပေးလိုက်ရုံပေါ့၊ ဒါပေမယ့် ချစ်သူတစ်ယောက်အဖြစ် ပိုင်ဆိုင်ခွင့် မရခဲ့ရင်တောင်မှ နှမလေးတစ်ယောက်လို တစ်သက်လုံး ကူညီစောင့်ရှောက်သွားပေးမှာပါ"

"ယုံပါပြီ ကိုအောင်ရယ်... ရွှေရည် ကိုအောင့်မေတ္တာကို လက်ခံပါ့မယ်၊ ရွှေရည်တို့နှစ်ယောက် သစ္စာရှိရှိနဲ့ တစ်သက်လုံး ချစ်သွားကြမယ်နော်"

"စိတ်ချပါ... ဘယ်လိုဘဝမျိုးရောက်ရောက် ရွှေရည်ကို သစ္စာရှိရှိနဲ့ ချစ်သွားပါ့မယ်လို့ ကိုယ် ကတိပေးပါတယ်"

ဘဝအတွက် နှလုံးသားချင်း ဖလှယ်မိကြသော ချစ်သူနှစ်ယောက်အတွက်တော့ အခိုက်အတန့်မှာ သာယာချမ်းမြေ့မှုများနှင့် ကြည်နူးဖွယ်ရာ ဖြစ်တော့သည်။

သို့စေကာမူ...

ဘဝတစ်ခုဆိုသည်မှာ ပန်းခင်းလမ်းကဲ့သို့ ဖြောင့်တန်းသာယာမှုချည်းမရှိဘဲ ကြမ်းတမ်းလှသော အခက်အခဲများနှင့်လည်း ရင်ဆိုင်ရတတ်ပေသည်။

ယခုလည်း သူတို့နှစ်ယောက်အတွက် ကြီးစွာသော အနှောင့်အယှက်က ပေါ်လာလေတော့သည်။

ထိုကား အခြားမဟုတ်ပေ...။

ဇော်လန်းပင် ဖြစ်တော့သည်။







ဇော်လန်းသည် မောင်အောင်နှင့် နန်းရွှေရည်တို့ နှစ်ဦးချစ်သူဘဝ ရောက်သွားကြပြီကို သိသောအခါ ယမ်းပုံမီးကျသေါသဖြစ်ကာ နန်းရွှေရည်နှင့် အမြန်ဆုံးနီးစပ်ရန် ကြံစည်လေတော့သည်။ ၎င်းကြံစည်ပုံမှာ ဖခင်နှင့် မိခင်တို့အား နန်းရွှေရည် မိဘများထံမှာ လူကြီးချင်းပြောဆို အမြန်ဆုံးတောင်းရမ်းလက်ထပ်ပေးဖို့ အပူကပ်လေတော့သည်။

ဦးဒီပနှင့် နန်းရွှေရည်ဖခင် ဦးဇော်ခွန်တို့မှာ တစ်ရွာတည်းသားချင်းလည်းဖြစ်၊ တစ်ယောက်အကြောင်း တစ်ယောက်သိကာ တော်လှန်ရေးကိစ္စများလည်း လက်တွဲကာလုပ်ကိုင်နေသူမို့ သားရေးသမီးရေးကိစ္စ ပြောသောအခါ အခက်အခဲမရှိလှပေ။

"ခင်ဗျားသားနဲ့ ကျုပ်သမီး ပေးစားဖို့ကိစ္စကိုတော့ ကျုပ်တို့လူကြီးချင်းတွေအနေနဲ့ ဘာမှ ပြောစရာမရှိပါဘူး။ ဒါပေမယ့် ကျုပ်သမီးလေး သဘောဆန္ဒကိုတော့ မေးပါရစေဦး"

ဟု ခွင့်တောင်းကာ နန်းရွှေရည်အား ထိုအကြောင်းကို ဖွင့်ပြော၍ သဘောထား မေးကြည့်သောအခါ...

"သမီး သူ့ကိုမယူချင်ဘူးအဘ၊ ချစ်လည်းမချစ်ဘူး"

"ဒါဖြင့် သမီးမှာ ချစ်သူရှိနေလို့လား"

နန်းရွှေရည်က ခေါင်းညိတ်ပြသည်။

"ဟုတ်ပြီ... သမီးချစ်သူက ဘယ်သူများလဲကွယ့်"

"ကိုအောင်ပါ အဘ… ဦးစိတ္တရဲ့သားပါ"

"ဟင်… အဲဒါမှ ခက်တာရောပေါ့၊ ဦးဒီပဆိုတာလည်း ကိုယ်နဲ့ တစ်ရွာတည်းသားချင်းတွေ၊ ဦးစိတ္တ ဆိုတာကလည်း ရွာကိုနောက်မှရောက်လာတယ် ဆိုပေမယ့် လူရင်းတွေလို ဖြစ်နေပြီ၊ နောက်ပြီး တော်လှန်ရေးကိစ္စတွေကို အတူတကွ လက်တွဲပြီး လုပ်နေကြတာဆိုတော့…"

ဦးဇော်ခွန်အဖို့ အတော့်ကို စဉ်းစားရ ခက်သွားလေသည်။

"အဘတို့ လူကြီးချင်းတွေ ဘယ်လောက်ပဲ ရင်းနှီးရင်းနှီး… သမီးကတော့ မချစ်ဘဲနဲ့ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး။ သမီးနဲ့ ဘဝတစ်သက်လုံး လက်တွဲရမယ့်လူကို သမီးသဘောကျပဲ ရွေးပါရစေ အဘ"

ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

ထိုသို့ ငြင်းလိုက်သောကြောင့် ဇော်လန်းတို့ဘက်မှ လာရောက်စေ့စပ်ခြင်းကိစ္စမှာ မတင်မကျနှင့် ပြီးသွားလေတော့သည်။

ဦးဇော်ခွန်ကတော့ လူကြီးပီပီ…

"ကျုပ်တို့ မိဘတွေအနေနဲ့ကတော့ အထွေအထူးဘာမှ ပြောစရာမရှိပါဘူး။ ဒါပေမယ့် ကျုပ်သမီးလေးက အရွယ်ကလည်း ငယ်သေးတော့ အိမ်ထောင်ရေးကိစ္စကို သိပ်ပြီး မစဉ်းစားချင်သေးဘူးတဲ့ဗျာ"





ဟု အချိုသပ်ကာ ငြင်းလိုက်ရတော့သည်။

ထိုအခါ…

ဇော်လန်းနှင့် မောင်အောင်တို့မှာ ထိပ်တိုက်တိုးကြလေတော့သည်။

"ဟေ့ကောင် မောင်အောင်… မင်းက နောက်မှလည်း ပေါက်သေး၊ မိဦးလည်း မှည့်ချင်လို့ ဘယ်ရမလဲကွ၊ ရွှေရည်ဆိုတာ ငယ်ငယ်ကလေးတည်းက ငါရည်စူးထားတဲ့ ချစ်သူပဲ…

"မင်းက နောက်မှလည်း ရောက်လာသေးတယ်၊ ငါ့အချစ်ကိုလည်း လုယူချင်လို့တော့ ဘယ်ရမလဲကွာ…

"ငယ်ငယ်က ကြေးသားရိုက်ပွဲမှာ ငါရှုံးခဲ့လို့ မင်းကို 'ဆရာ'လို့ ခေါ်ခဲ့ရပေမယ့် အချစ်နဲ့ပတ်သက်လာရင်တော့ မညှာနိုင်ဘူးဟေ့"

"အဲဒါဆိုရင်လည်း မင်း တရားသဖြင့် ယှဉ်ပြိုင်ပြီးတော့ အနိုင်ရအောင် ကြိုးစားပေါ့ကွာ၊ ရွှေရည်ဟာ လွတ်လပ်သူပဲ၊ သူ့မှာ ရွေးချယ်ပိုင်ခွင့်တွေ ရှိနေတာပဲ၊ မင်းကြိုးစားရင် ရနိုင်သေးတာပဲ"

"ငါကတော့ အချစ်နဲ့ပတ်သက်လာရင် တရားတဲ့နည်းနဲ့ရော၊ မတရားတဲ့နည်းနဲ့ပါ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ရအောင်လုပ်ရမှာပဲ"

"ဒါဆိုရင် မင်း မှားမှာပေါ့၊ မတရားတဲ့နည်းနဲ့ သိမ်းပိုက်ယူတဲ့အချစ်ဟာ သန့်ရှင်းမှုရှိပါ့မလား"

"အဲဒါတွေ ငါမသိဘူး၊ ငါသိတာက ငါလိုချင်တာကို မရ ရအောင်လုပ်ဖို့ပဲ၊ တစ်နေ့ကျရင် ရွှေရည်ဟာ ငါ့လက်ထဲ ရောက်ကို ရောက်လာစေရမယ်ဟေ့"

ဟု ကြိမ်းဝါးပြောဆိုလေသည်။

ထိုအကြောင်းများကို နန်းရွှေရည် သိသွားသောအခါ များစွာစိတ်ပူပန်မှု ဖြစ်လေသည်။

"ဒီအတိုင်းဆိုရင် ဖြစ်မှဖြစ်ပါ့မလား ကိုအောင်ရယ်၊ ငဇော်က ငယ်ငယ်ကလေးထဲက တဇွတ်ထိုးသိပ်လုပ်တတ်တာ၊ ရွှေရည်တို့နှစ်ယောက် လူကြီးတွေကို အသိပေးပြီး လက်ထပ်လိုက်ကြရင် မကောင်းဘူးလားဟင်..."

"ဒီလိုလည်း မဖြစ်သေးပါဘူး ရွှေရည်ရယ်... ကိုယ်တို့ နှစ်ယောက်က အရွယ်လည်း ငယ်ကြသေးတယ်၊ နောက်ပြီး လူကြီးတွေမှာက အရေးကြီးတဲ့ကိစ္စတွေ ရှိကြသေးတယ် ကွယ့်၊ ဒီလောက်လည်း စိတ်မပူပါနဲ့၊ ကိုအောင်တစ်ယောက်လုံး ရှိပါသေးတယ်၊ အရေးကြုံလာရင် ကိုအောင် ရှေ့ကနေပြီး ဖြေရှင်းပေးပါ့မယ်..."

ဟု ပြောလိုက်တော့မှ နန်းရွှေရည်ခမျာ အတန်အသင့် စိတ်သက်သာရာ ရသွားလေတော့သည်။





# အခန်း (၈)

## ထူးဆန်းသော ကျောက်လက်ဝါး

နောက်ပိုင်းရက်များတွင် မောင်အောင်တို့ မိသားစု အတွက် ကံကြမ္မာဆိုးများ ဝင်လာလေတော့သည်။

ဦးစိတ္တတစ်ယောက် ကျားဖြူတောင်ပေါ်မှ တော်လှန်ရေးနှင့် ပတ်သက်သော အဆက်အသွယ်များရှိရာ တက်သွားရာမှ ပြန်မရောက်လာတော့ပေ။

ပြန်ချိန်တန်၍ ပြန်ရောက်မလာသောအခါ ဇနီးဖြစ်သူ ဒေါ်မယ်ခ ခမျာရော သားဖြစ်သူ မောင်အောင်ပါ များစွာ စိတ်ပူပန်မှု ဖြစ်ကြရလေသည်။

"အမေ စိတ်ပူလိုက်တာ သားရယ်...၊ မင်းအဖေ အခုထိ ပြန်ရောက်မလာသေးဘူး။ အင်္ဂလိပ်စစ်သားတွေနဲ့ပဲ တွေ့ရောသလား။ ဒါမှမဟုတ် လူဆိုး သူခိုးတွေနဲ့များတွေ့ပြီး ဒုက္ခများ တွေ့နေရောသလားကွယ်"

"ဒီလောက်လည်း စိတ်မပူပါနဲ့ အမေ... အဖေ ပြန်လာမှာပါ၊ အလုပ်ကိစ္စတွေ အရေးကြီးနေလို့ ပြန်မလာ နိုင်သေးတာ ဖြစ်မှာပါ"

အမေ့ကိုသာ စိတ်မပူရန် အားပေးနေရသော်လည်း မောင်အောင့်ရင်ထဲမှာပင် ဖခင်အတွက် များစွာ သောက ရောက်လျက်ရှိသည်။

ဤသို့ဖြင့်...

ပြန်လာလေနိုးဖြင့် စောင့်ကြသော်လည်း ပြန်ရောက် မလာသောအခါ မနေသာတော့ဘဲ နောက်မှ လိုက်ရန်ပြင်ရ တော့သည်။

"သား အဖေ့နောက်ကို လိုက်သွားမယ် အမေ"

"ဖြစ်ပါ့မလားကွယ်... သား ဘယ်သူနဲ့သွားမှာလဲ"

"ကျွန်တော် တစ်ယောက်တည်းသွားမှာပါ၊ ဘာမှ စိတ်မပူပါနဲ့ အမေ"

ဟု ပြောဆိုကာ တောတက်ရာတွင် ယူဆောင်ရသော ရိက္ခာ၊ ရေဘူး၊ ဓားတစ်လက်၊ လင်းလေးတစ်လက်နှင့် မြားဘူးတို့ကို ယူဆောင်ကာ မိခင်ကိုကန်တော့၍ ထွက်လာ ခဲ့သည်။





"ရွှေရည့် ရောက်လာရင်သာ အကျိုးအကြောင်း ပြောပြ လိုက်ပါ အမေ"

ဟု မှာကြားကာ ရွာဦးကျောင်း ဆရာတော်ထံသို့ လာခဲ့သည်။

ဆရာတော်အား ကန်တော့ပြီး အကျိုးအကြောင်း လျှောက်ထားလိုက်သောအခါ ဆရာတော်က...

"နေဦး... ဒကာကြီးရဲ့ ဇာတာတစ်စောင် ငါ့ဆီမှာ ရှိတယ်၊ အခြေအနေ ကြည့်လိုက်ဦးမယ်"

ဟု မိန့်ကြားကာ စင်ပေါ်တွင်တင်ထားသော ဇာတာ များထဲမှ ဦးစိတ္တ၏ ဇာတာအဟောင်းကို ယူ၍ တွက်ကြည့် သည်။

"ဒကာကြီးက အင်္ဂါသား... မရဏဖွား။ အခု အသက် က (၆၁)နှစ်ထဲ့မှာဆိုတော့ ရာဟုဂြိုဟ်အိမ်၊ ရာဟုဂြိုဟ်စား ဖြစ်နေတယ်၊ မရဏဂြိုဟ်နှစ်ထပ်ဝင်နေတယ်ဆိုတော့ ရာဟု နံပါတဲ့ သတ္တဝါတစ်ကောင်ကြောင့် အန္တရာယ် ကျရောက်နေ ရတယ်၊ သူ့ကိုတွေ့ချင်ရင် ရေစပ်အနီးမှာ ရှာပေတော့ မောင်အောင်"

ဟု မိန့်ကြားလိုက်လေသည်။

မောင်အောင်လည်း ဆရာတော် မှာကြားလိုက်သော စကားကို စွဲမြဲစွာမှတ်သား၍ ကျားဖြူတောင်ပေါ်သို့ တက်ခဲ့ လေသည်။

တောင်ပေါ်ရောက်သောအခါ မိမိဖခင်နှင့် အတူသွားခဲ့ဖူးသော နေရာများကို လိုက်လံရှာဖွေသော်လည်း အရိပ်အယောင်မျှပင် မတွေ့ရပေ။

ဤသို့ဖြင့် တစ်နေကုန်သွားသော်လည်း အခြေအနေမထူးသေးသောကြောင့် ကျောက်ဂူတစ်ခုအတွင်းသို့ဝင်ကာ အိပ်ရလေသည်။

ဂူပေါက်ဝတွင် မီးပုံတစ်ပုံဖိုထားပြီး အတွင်းသို့ဝင်ကာ အတန်အသင့် ပြန့်ပြူးသော ကျောက်ပြားတစ်ချပ်ပေါ်မှာ ကျောချလိုက်သည်နှင့် တစ်နေကုန်မောပန်းလာသောကြောင့် ခဏလေးမှာပင် အိပ်ပျော်သွားလေတော့သည်။

ညဉ့်နက်ပိုင်းရောက်သောအခါ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲမှာ ဖခင်ဖြစ်သူ ဦးစိတ္တ ရောက်လာလေသည်။ တစ်ကိုယ်လုံး ရေများစိုရွှဲနေရုံမက သွေးများလည်း စွန်းထင်လျက်ရှိသည်။

"ငါ့သား... အဖေ့ကို လိုက်ရှာနေတာလား။ အဖေ့ကိုတွေ့ချင်ရင် အဖေတို့ တစ်ခါရောက်ခဲ့တဲ့ ကျောက်လက်ဝါးချောင်းနံဘေးကို ရောက်အောင်လာခဲ့၊ အဲဒီမှာ အဖေ့ကိုတွေ့ရလိမ့်မယ်"

ဟု ပြောဆိုကာ ပျောက်သွားလေသည်။

အိပ်ပျော်ရာမှ လန့်နိုးလာသောအခါ ထိုအကြောင်းကို ပြန်စဉ်းစားနေမိသည်။





ကျောက်လက်ဝါးချောင်းဆိုတာ ဘယ်နေရာမှာ ရှိတာပါလိမ့်...

အဖေနဲ့ ငါနဲ့ တစ်ခါ တောထဲမှာ ဆင်တွေလိုက်လို့ ပြေးရင်း ကျောက်တောင်ပေါ်က တွေ့ခဲ့တဲ့ချောင်းကို ပြောတာများလား...

ဆရာတော်ကလည်း မှာလိုက်တယ်၊ အဖေ့ကိုတွေ့ချင်ရင် ရေစပ်အနီးမှာ ရှာရမယ်တဲ့...

ဘာပဲဖြစ်ဖြစ် ငါတို့ တစ်ခါတွေ့ခဲ့တဲ့ တောင်ကျချောင်းကို တွေ့အောင်ရှာပြီး ချောင်းရိုးအတိုင်း ဆုံးအောင် လိုက်ကြည့်ရင်တော့ မမှားနိုင်ဘူး...

ဟု စိတ်ကူးကာ နောက်တစ်နေ့ နံနက်လင်းသောအခါ ပါလာသော ရိက္ခာခြောက်အနည်းငယ်ကို အဆာပြေစားပြီး ကျောက်ဂူအတွင်းမှ ထွက်ခဲ့လေသည်။

ချောင်းကိုရှာရသည်မှာ မခက်လှပေ...။

ရေတံခွန်များ တဝုန်းဝုန်းကျနေသော မြေသံများကို နားစွင့်၍ ထိုနေရာသို့အရောက်သွားရုံနှင့် တောင်ကျချောင်းများကို တွေ့ရလေသည်။

ထိုနေရာမှအစပြုကာ ချောင်းရိုးအတိုင်း တစ်ဖက်တစ်ချက်သို့ ကြည့်ကာ ရေစီးကြောင်းသွားရာအတိုင်း အောက်ဘက်သို့ ဆင်းလာခဲ့သည်။

တောင်ကျရေချောင်းမှာ ချောင်းဖျားပိုင်းဘက်မှာ သိပ်မကျယ်လှဘဲ ရေကလည်း မနက်လှပေ။

ကြည်လင်သောရေဖြင့် အောက်ခြေ မြေသားကိုပင် မြင်နေရသည်။

ဤသို့ဖြင့်... နေ့လယ်ပိုင်းအချိန်သို့ ရောက်သောအခါ ချောင်း၏အလယ်ပိုင်းလောက် ရောက်လာသည်။

ထိုနေရာသို့ရောက်သောအခါ ရေစီးသိပ်မမြန်တော့သော်လည်း ချောင်းက အနည်းငယ်ပို၍ကျယ်လာသည်။

မကြာမီ...

ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်တောင်နံရံများ အုပ်မိုးနေသော လျှိုတစ်ခုအတွင်းသို့ ရောက်လာခဲ့သည်။

"ဒီနေရာဟာ အဖေနဲ့ ငါနဲ့ တစ်ခါရောက်ပြီး တွေ့ခဲ့တဲ့ နေရာများ ဖြစ်နေရောလား"

ဟု တွေးရင်း ဆက်လျှောက်လာရာ မလှမ်းမကမ်းဆီမှ တောဆင်ရိုင်းများအော်သံ ကြားလိုက်ရသောအခါမှ ခြေလှမ်းကို တုံ့ရပ်လိုက်သည်။

"ဟုတ်ပြီ... ငါတို့ တစ်ခါတွေ့ခဲ့တဲ့ နေရာကို ရောက်တော့မယ်၊ သတိနဲ့သွားမှ ဖြစ်တော့မယ်"

မောင်အောင်သည် အဆိပ်လူးထားသော လေးနှင့်မြားကို အသင့်ပြင်ကာ ရှေ့သို့ တဖြည်းဖြည်းတိုးသွားခဲ့သည်။

ဆင်အော်သံများနှင့် နီးလာသောအခါ မြေပြန့်အတိုင်း ဆက်မသွားဘဲ ကျောက်တောင်နံရံပေါ်သို့ တက်ခဲ့သည်။





ထိုသို့တက်ရခြင်းမှာ အကယ်၍ ဆင်များနှင့်တွေ့ပါက အလွယ်တကူ မလိုက်လာနိုင်စေရန်အတွက် ဖြစ်သည်။

ဆင်များကို အပေါ်စီးမှမြင်သာသော နေရာသို့ ရောက်သောအခါမှ ရပ်ကာ အခြေအနေကို ငုံ့ကြည့်လိုက်သည်။

ထိုနေရာကား အခြားမဟုတ်ပေ။

တစ်ခါက မောင်အောင်နှင့် ဦးစိတ္တတို့ အမှတ်မထင် ရောက်ခဲ့သောနေရာပင် ဖြစ်သည်။

အပေါ်စီးမှ ဆင်များ၏ ကျောပြင်မည်းမည်းများအား အတိုင်းသားမြင်နေရလေသည်။

ယခင် မြင်ခဲ့ရသော အခြေအနေအတိုင်းပင်။

ဆင်များသည် ချောင်းထဲသို့ ဆင်းကာ ရေချိုးလိုက်၊ ကျောက်စွန်းတစ်နေရာဆီသို့ သွားကာ ဦးခေါင်းဖြင့် ပွတ်သပ်၊ နှာမောင်းဖြင့် ပတ်ကာ ပွလုပ်ကြလေသည်။

ထိုနေရာသို့ ချောင်းထဲဆင်းလာသော ဆင်တိုင်း သွားရောက် ပွတ်သပ်နေသည်ကိုလည်း သတိပြုမိသည်။

ဆင်အုပ်များပြီးသောအခါ စွယ်စုံဆင်ကြီးတစ်ကောင်နှင့် ဟိုင်းဆင်ကြီးတစ်ကောင်တို့ အသီးသီး လာရောက်ပွတ်သပ်ပြီးနောက် တောင်ပေါ်သို့ ပြန်တက်သွားကြလေသည်။

ဆင်အုပ်ကြီး ပြန်တက်သွားပြီး အတန်ကြာသောအခါ အခြားသတ္တဝါတစ်ကောင်၊ နှစ်ကောင် ဆင်းလာသော်လည်း အန္တရာယ်ပြုလောက်သည့် သတ္တဝါမျိုးတော့ မဟုတ်ပေ။

အတန်ငယ်ရှင်းသွားသောအခါ ကျောက်တောင်စောင်းမှ အောက်ဘက်သို့ တဖြည်းဖြည်းဆင်းလာရာ စမ်းချောင်းလေးအတွင်းမှ အရာဝတ္ထုများကို သဲသဲကွဲကွဲမြင်နိုင်သော နေရာသို့ ရောက်လာလေတော့သည်။

တောင်ကျချောင်းကလေး၏ အပေါ်တည့်တည့်တွင် ညောင်လန်းပင်ကြီး တစ်ပင်ရှိသည်။

အပင်ကြီးမှာ အကိုင်းအခက်များက ကောင်းလှပြီး ကိုင်းများက ချောင်းပေါ်သို့ အုပ်မိုးကျနေသည်။

မောင်အောင်သည် သစ်ပင်ခွကြားထဲတွင် အကျအန ထိုင်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေသည်။

ချောင်းကမ်းစပ်တွင် မည်သည့်သတ္တဝါမှ မတွေ့ရသော်လည်း သစ်ပင်ပေါ်မှ အလျင်စလို မဆင်းဝံ့သေးပေ။

ချောင်းစပ်ရောက်ကာမှ သတ္တဝါတစ်ကောင်ကောင် ထွက်လာပါက မိမိအတွက် ပြေးစရာမြေမရှိ ဖြစ်မှာလည်း စိုးရသေးသည်။

အချိန်မှာ မွန်းလွဲပိုင်းအချိန် ဖြစ်သည်။

မွန်းတည့်နေရောင်ခြည်သည် တောင်နံရံနှစ်ခုကြား သစ်ကိုင်းများကြားမှ ချောင်းအတွင်းသို့ ထိုးကျနေသည်။

နေရောင်ခြည်နှင့် ကြည်လင်လှသော ရေကြောင့် ချောင်းအတွင်းမှ အရာဝတ္ထုများအား အတိုင်းသား မြင်နေရသည်။





တိရစ္ဆာန်များအသံနှင့် အခြားအသံများ တိတ်ဆိတ်ငြိမ်သက်သွားသောအခါ စမ်းချောင်းအတွင်းမှာ လှုပ်ရှားကူးခတ်နေသော ရေသတ္တဝါလေးများကိုလည်း တွေ့ရသည်။

ထိုအချိန်တွင် တောစပ်မှ မည်းမည်းလုံးလုံး သတ္တဝါတစ်ကောင် ထွက်လာကာ ရေစပ်သို့ ဆင်းလာသည်။

ထိုသတ္တဝါသည် ခရုကဲ့သို့ မည်းမည်းလုံးလုံး ပုံသဏ္ဌာန်ရှိသော်လည်း ခရုတော့မဟုတ်ပေ။

ကဏန်းတစ်ကောင်ကဲ့သို့ တရွေ့ရွေ့ ထွက်လာသော အရာသည် မောင်အောင်ထိုင်နေသော ညောင်လန်းပင်အောက်သို့ ရောက်လာသောအခါမှ သူ့မျက်စိကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားမိသည်။

ထိုအရာမှာ အခြားမဟုတ်ပေ။

ကဏန်းလည်းမဟုတ်၊ ခရုလည်းမဟုတ်သော သာမန်မြေကြီးခဲလုံး တစ်လုံးသာ ဖြစ်တော့သည်။

မြေကြီးလုံးမှာ သက်ရှိသတ္တဝါကဲ့သို့ ခြေထောက်နှင့် လျှောက်လာခြင်းမဟုတ်ဘဲ တရွေ့ရွေ့ လိမ့်ဆင်းလာခြင်း ဖြစ်သည်။

"မြေကြီးလုံးကတော့ ဘယ်နည်းနဲ့မှ ဒီလိုသွားနေနိုင်မှာ မဟုတ်ဘူး။ အထဲမှာ သက်ရှိသတ္တဝါတစ်ကောင်ကောင် ရှိလိမ့်မယ်ထင်တယ်၊ ရေစပ်ရောက်ရင်တော့ ဒင်း ထွက်လာမှာပဲ"

သို့သော်… သူထင်သလို မဟုတ်ခဲ့ပေ…။

ရေစပ်ရောက်သော်လည်း အတွင်းက မည်သည့်သတ္တဝါမှ ထွက်မလာသော မြေကြီးလုံးမှာ ရေထဲသို့ဆင်းသွားလေတော့သည်။

ယောကျ်ား၁၁၈ယောက်၏ လက်သီးဆုပ်ခန့်ရှိသော မြေကြီးလုံးမှာ ရေထဲသို့ရောက်သွားသော်လည်းမြုပ်မသွားဘဲ ငါးတစ်ကောင်လို ကူးခတ်သွားလေသည်။

ငါးတစ်ကောင်လို လှုပ်ရှားနေသော မြေကြီးလုံးသည် တဖြည်းဖြည်းနှင့် ဆင်များတိုးဝှေ့ ပွတ်သပ်လေ့ရှိသော ကျောက်စွန်းရှိရာသို့ ကူးသွားကာ ထိုနေရာသို့ရောက်သောအခါ သက်ရှိတိရစ္ဆာန်တစ်ကောင်လို ပွတ်သပ်နေတော့သည်။

ထိုအခါမှ–

မောင်အောင်သည် မြေကြီးလုံး ပွတ်သပ်နေသော အရာကို အသေအချာလှမ်းကြည့်မိလေသည်။

"ဟင်…"

သူ့မျက်စိကိုပင် မယုံနိုင်လောက်အောင် အံ့ဩသွားလေသည်။

မြေကြီးလုံးကပ်နေသော အရာမှာ အခြားမဟုတ်ပေ။

ကျောက်နံရံမှ အပြင်သို့ထွက်နေသည့် လူ၏ လက်တစ်ဖက်နှင့်တူလှသော ကျောက်လက်ဝါးကြီးပင် ဖြစ်ပေတော့သည်။





"ကျောက်လက်ဝါးကြီးပါလား၊ ထူးဆန်းလှချည်လား၊ ဆင်ရိုင်းတွေလာပြီး ပွတ်နေကြတာ ဒီနေရာပဲ…

အဘပြောခဲ့တဲ့ သိဒ္ဓိရှိတဲ့ပစ္စည်းဆိုတာ ဒါကြီးများ ဖြစ်နေရော့သလား"

ဟု တွေးနေမိသည်။

ကျောက်လက်ဝါးကြီးမှာ လူ၏ယာလက်နှင့်တူပြီး လက်မ၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း အစုံအလင်ပါပြီး လက်ကောက်ဝတ်နေရာမှ ပြတ်နေသကဲ့သို့ ရှိသည်။

ဆင်များ တိုးဝှေ့ပွတ်သပ်ဖန်များသောကြောင့် အညို ရောင်များ တောက်ပလျက်ရှိသည်။

တရွေ့ရွေ့ လှုပ်ရှားနေသော မြေကြီးလုံးက ထိုကျောက်လက်ကြီးကြားထဲ ရောက်သွားသောအခါ လူ၏လက်ဖြင့် မြေကြီးလုံးကြီးကို ကိုင်ထားသကဲ့သို့ တူနေတော့သည်။

"ဒီလောက်ထူးဆန်းလှတာ အောက်ကို ဆင်းကြည့်လိုက်ဦးမယ်"

ဟု စဉ်းစားကာ ချောင်လန်းပင်အပေါ်မှ အောက်သို့ ဆင်းသွားလေသည်။

ကျောက်လက်ဝါးကြီး အနီးသို့ရောက်သောအခါ မြေကြီး လုံးကြီးကို အရင်ယူကြည့်လိုက်သည်။

နွံ့နှစ်အဝါရောင် မြေခဲအလုံးမှာ ချောချောမွေ့မွေ့ မဟုတ်ဘဲ ခပ်ကြမ်းကြမ်း အနေအထားဖြစ်သော်လည်း လက်ဖြင့် ညှစ်ကြည့်သော်လည်း ကြေမွသွားခြင်း မရှိပေ။

မောင်အောင်စိတ်ထဲမှာ မြေကြီးလုံးအတိုင်းကတော့ ယခုကဲ့သို့ သက်ရှိသတ္တဝါတစ်ကောင်ကဲ့သို့ သွားနေလိမ့်မည်ဟု မထင်သောကြောင့် အတွင်းမှာ သက်ရှိသတ္တဝါတစ်ကောင်ကောင် ရှိလိမ့်မည်အထင်နှင့် နံဘေးနားမှာရှိသော ကျောက်တုံး တစ်တုံးဖြင့် ထုခွဲလိုက်သည်။

မြေကြီးလုံးကတော့ အလွယ်တကူ ကွဲသွားပါသည်။

ကွဲသမှ စေ့စေ့ညက်ညက် ကြေသွားတာမျိုးမဟုတ်ဘဲ အလယ်မှ ထက်ပိုင်းကွဲသွားခြင်းဖြစ်သည်။

"ဟင်– အထဲမှာ ဘာမှလည်းမတွေ့ပါလား"

ဟု တွေးကာ မြေကြီးကွဲနှစ်ခြမ်းကို အလုံးဖြစ်အောင် ပြန်ဆက်ကာ ချောင်းစပ်မှာ ပြန်ချထားလိုက်ပြီး ကျောက်လက်ဝါးအပြတ်ကြီး ရှိရာသို့လာခဲ့သည်။

ကျောက်လက်ဝါးကြီးမှာ လူတစ်ယောက်၏ လက်တစ်ဖက်စာခန့်ရှိပြီး လက်၏အဂ် ၇ အစုံအလင်ပါလေသည်။

ကျောက်တုံးကြီးနှင့် ဆက်ထားသောနေရာမှာ သိပ်မကြီးလှပေ။ ထိုမျှကျောက်တုံးကလေး တစ်တုံးက ဆင်များအကောင်ပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ လာရောက်ပွတ်သပ်နေသော်လည်း ကျိုးမသွားခြင်းမှာ အံ့ဩစရာဖြစ်သည်။





ထိုကျောက်လက်ဝါးကြီးကို ယူမည်ဆိုလျှင် ထိုအရင်းမှ ဆက်ထားသော ကျောက်သားကို ရိုက်ချိုးပါက ရနိုင်လိမ့်မည်ဟု တွေးနေသည်။

ကျောက်လက်ဝါးကြီးမှာ လူတစ်ယောက် လက်ဝါးအတိုင်း မှောက်လျက်အနေအထားဖြစ်သဖြင့် မောင်အောင်က သူ့လက်နှင့် အပေါ်မှအုပ်တိုင်းကြည့်သောအခါ ကျွမ်းကျင်သော ပန်းပုပညာရှင်တစ်ဦးက လူ၏လက်ပုံစံအတိုင်း ထုလုပ်ထားသကဲ့သို့ တစ်သဝေမတိမ်း တူနေသည်ကို အံ့ဩစွာတွေ့ရသည်။

"အတော် အံ့ဩစရာကောင်းတာပဲ၊ ဒီကျောက်လက်ဝါးကြီးဟာ တစ်ခုခုတော့ ထူးခြားတဲ့ အစွမ်းသတ္တိရှိတဲ့ပုံ ပေါ်တယ်၊ ဒါကြောင့် တောဆင်ရိုင်းတွေက လာလာပြီး ပွတ်သပ်နေကြတာ ဖြစ်မယ်၊ ဒီကျောက်လက်ဝါးကြီးကို ဖြစ်တဲ့နည်းနဲ့ ဖြုတ်ယူသွားပြီး ရွာပြန်ရောက်မှ ဆရာတော်ကို ပြကြည့်ရင် အဖြေသိရနိုင်တယ်"

ဟု တစ်ယောက်တည်းတွေးနေစဉ် ရင်းရပ်နေသောနေရာနှင့် မလှမ်းမကမ်းဆီမှ တောတိုးလာသံများကိုသော်လည်းကောင်း၊ တောဆင်ရိုင်းအော်သံအချို့ကို ကြားလိုက်ရသောကြောင့် တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ ညောင်လန်းပင်ကြီးအပေါ်သို့ ပြန်တက်ပြေးရလေသည်။

ညောင်လန်းပင်အပေါ်သို့ ရောက်သောအခါ အောက်ကိုင်းမှာ မနေဘဲ နောက်တစ်ဆင့်တက်၍ မိမိကိုယ်ကို သစ်ရွက်များဖြင့် ကွယ်ဖုံးထားလိုက်လေသည်။

ခဏကြာသောအခါ တောထဲမှ ကြောက်မက်ဖွယ်ရာ တောတိုးလာသံကြီး ကြားရပြီး မရှေးမနှောင်းမှာပင် တောတွင်းမှ စွယ်စုံဆင်ရိုင်းကြီးတစ်ကောင် ထွက်လာလေသည်။

ထိုဆင်ရိုင်းကြီး၏ နှာမောင်းထဲမှာ အလုံးအထည်ကြီးမားလှသော သစ်တုံးပိုင်းကြီးတစ်ခု ပါလာသည်။

လမ်း၌တွေ့သော သစ်ပင်တစ်ပင်ကို နှာမောင်းဖြင့် ရစ်ပတ်ချိုးယူလာခြင်း ဖြစ်ဟန်တူသည်။

စွယ်စုံဆင်ကြီးသည် သစ်တုံးကြီးကို နှာမောင်းဖြင့် ပတ်ကိုင်ထားရင်း ညောင်လန်းပင်အောက်မှာ ဒေါသတကြီး ရပ်နေလေသည်။

မောင်အောင် စိတ်ထဲမှာတော့ 'ငါ့ကိုမြင်သွားလို့များ ဒီလောက် ဒေါသကြီးနေတာများလား' ဟု စိုးရိမ်ပူပန်စွာ တွေးလိုက်မိသည်။

ထိုအခိုက်မှာပင် အခြားတစ်နေရာဆီမှ နောက်ထပ် တောတိုးသံကြားရပြီး ခဏကြာသောအခါ တောထဲမှ အလုံးအထည် ကြီးလှသော ဟိုင်းဆင်ကြီးတစ်ကောင် ထွက်လာပြန်လေသည်။

ဟိုင်းဆင်ကြီးမှာ အစွယ်မပါသော်လည်း အလုံးအထည်က စွယ်စုံဆင်ကြီးထက် ပိုကြီးလေသည်။





ဇင်းစွယ်စုံဆင်ကြီးနှင့် ဟိုင်းဆင်ကြီးတို့မှာ မောင်အောင်တို့ တွေ့ခဲ့ဖူးသော ဆင်ကြီးနှစ်ကောင် ဖြစ်ဟန်ရှိသည်။

ထိုဆင်ကြီးနှစ်ကောင်မှာ တစ်နေရာစီတွင် တစ်ဗိုလ်တစ်မင်း လုပ်နေကြဟန်ရှိသည်။

သို့ကြောင့်–

ရေသောက်ဆင်းလျှင်သော်မှ အချိန်ဆွဲ၍ တစ်ကောင်ချင်း ရေသောက်ဆင်းကြခြင်း ဖြစ်သည်။

ယခုအခါမှ ရင်ဆိုင်တွေ့ဆုံကြခြင်း ဖြစ်ဟန်ရှိပေသည်။

ဟိုင်းဆင်ကြီးရပ်နေသော နေရာမှာ ကျောက်လက်ဝါးကြီး ထွက်နေသော နေရာအနီး၌ ဖြစ်ပေသည်။

သစ်တုံးကြီးကို နှာမောင်းဖြင့်ပတ်ကာ ရပ်နေသော စွယ်စုံဆင်ကြီးကို မြင်သောအခါ ဟိုင်းဆင်ကြီးကလည်း အနားမှာရှိသော ကျောက်တုံးတစ်တုံးကို နှာမောင်းဖြင့် ပတ်ယူလိုက်လေသည်။

တစ်ကောင်နှင့်တစ်ကောင်မှာ ခွန်အားဗလချင်းကလည်း သိပ်မကွာလှဘဲ တစ်နေရာစီတွင် တစ်ဗိုလ်တစ်မင်း မင်းမူနေကြသော သတ္တဝါများဖြစ်သဖြင့် တစ်ကောင်နှင့်တစ်ကောင် အလစ်မပေးကြဘဲ မာန်စောင်လျက်ရှိကြသည်။

လူ့တစ်ဖက်စာခန့် အလုံးအထည်ရှိသော ကျောက်တုံးကြီးကို မြောက်ခနဲပါလာအောင် ဆွဲယူလိုက်သော ဟိုင်းဆင်ကြီး၏ ခွန်အားကလည်း မသေးလှသလို လူ့တစ်ဖက်

ခန့်လောက်ရှိသော သစ်လုံးကြီးကို နှာမောင်းဖြင့် ပတ်ယူလာသော စွယ်စုံဆင်ကြီး၏ အားကလည်း မသေးလှပေ။

သို့ကြောင့်... ။

တစ်ကောင်နှင့်တစ်ကောင် အနားမကပ် အလစ်မပေးဘဲ အဝေးမှပင် မာန်စောင်နေကြခြင်း ဖြစ်ပေမည်။

ခဏကြာသောအခါ စွယ်စုံဆင်ကြီးက နှာမောင်းဖြင့် ပတ်ထားသော သစ်လုံးကြီးဖြင့် ဟိုင်းဆင်ကြီးရှိရာသို့ ပစ်လိုက်သောအခါ ဟိုင်းဆင်ကြီးကလည်း ကျောက်တုံးကြီးဖြင့် ပြန်ပစ်လေရာ အရှိန်ဖြင့်ထွက်လာသော အရာဝတ္ထုနှစ်ခုမှာ လမ်းခုလတ်မှာတင် အရှိန်ဖြင့်ထိမိပြီး ပြုတ်ကျသွားလေတော့သည်။

နောက်တစ်ကြိမ် ပစ်ပေါက်ရန်အတွက် စွယ်စုံဆင်ကြီးကလည်း ကျောက်တုံးတစ်တုံး ခွဲယူလိုက်သလို ဟိုင်းဆင်ကြီးကလည်း အနားမှာရှိသည့် ကျောက်တုံးကို ယူလိုက်သည်။

ငင်းယူလိုက်သော ကျောက်တုံးမှာ ကျောက်လက်ပြွတ်ကြီး ထွက်နေသော ကျောက်တုံးပင်ဖြစ်သည်။

နောက်တစ်ကြိမ် ပစ်လိုက်သောအခါ ကျောက်တုံးနှစ်တုံးမှာ အရှိန်ပြင်းစွာဖြင့် ထိမိပြီး ထူးခြားသောအသံနှင့်စူးရှသော အလင်းတန်းများ ထွက်လာလေတော့သည်။

"ချွင်..."





ခနဲ အသံကြားလိုက်ပြီး လျှပ်စီးရောင်ကဲ့သို့ အလင်းရောင်တန်းတစ်ခု ဖြာထွက်လာသည်ကို တွေ့လိုက်ရသောအခါ ဆင်ရိုင်းကြီးနှစ်ကောင်မှာ လွန်စွာထိတ်လန့် ကြောက်ရွံ့သော အမူအရာဖြင့် အသံကုန်ဟစ်အော်ကာ လာရာလမ်းအတိုင်း တောထဲသို့ ပြန်ဝင်ပြေးကြလေတော့သည်။

အချိန်မှာလည်း ညနေပိုင်းအချိန်သို့ ရောက်နေလေပြီ။

အပြင်ဘက်မှာ မတောင်းတာလှသော်လည်း တောထဲမှာတော့ ထိုအချိန်မျိုးဆိုလျှင် အမှောင်ရိပ်သမ်းစ ပြုနေပြီဖြစ်သောကြောင့် အောက်သို့ဆင်းရန် မသင့်တော့သောကြောင့် သစ်ပင်ပေါ်မှာပင် တစ်ညတာနေရန် ပြင်ဆင်ရတော့သည်။

ထိုညက သူ့အနေနှင့် ကောင်းစွာ အိပ်မပျော်ပေ။

အဖေ့ကို သတိရသည်က တစ်ကြောင်း။

မြေရှင်လုံးနှင့် ကျောက်လက်ဝါးအကြောင်းကို တွေးနေမိသောကြောင့် အတော်ညဉ့်နက်ပိုင်း ရောက်ကာမှ မှေးခနဲ အိပ်ပျော်သွားလေသည်။

# အခန်း (၄)

## ကျောက်အမြူတေ (အမတေ) နှင့် သိဒ္ဓိရှိပုံများ

နောက်တစ်နေ့ နေအတော်မြင့်တော့မှ သူ့ကို တစ်စုံ တစ်ယောက်က လာနှိုးလိုက်သလို ခံစားရပြီးနောက် အိပ်ပျော် နေရာမှ နိုးလာလေတော့သည်။

သူ ထ,ကြည့်တော့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက်ရှိနေသည်။

သို့ကြောင့်…

ခေတ္တမျှ အခြေအနေစောင့်ကြည့်ပြီး စိတ်ချရတော့မှ သစ်ပင်အောက်သို့ ဆင်းလာသည်။





ဦးစွာ စမ်းချောင်းကလေးသို့ သွားကာ မျက်နှာသစ်ပြီး နောက် မနေ့က သူခွဲခဲ့သော မြေရှင်လုံးကြီးရှိသောနေရာကို သွားကြည့်တော့ ထိုနေရာမှာ မတွေ့ရတော့ပေ။

ထိုနေရာတစ်ဝိုက်မှာ ဆင်ခြေရာများ ပွနေသောကြောင့် ဆင်နင်းခံရ၍ ကြေမွသွားတာလည်း ဖြစ်နိုင်ပေသည်။ နောက် တစ်ချက်ကလည်း မြေရှင်မှာ အသက်ပြန်ဝင်လာပြီး တစ်နေရာ မှ တစ်နေရာသို့ ရွေ့သွားတာလည်း ဖြစ်နိုင်ပေသည်။ မြေရှင်လုံးကို မတွေ့ရသောအခါ ကျောက်လက်ဝါးကြီး တွေ့သောနေရာသို့ သွားကြည့်ပြန်သည်။

ကျောက်လက်ဝါးကြီးကိုလည်း မတွေ့ရတော့။

"ဟင် ကျောက်လက်ဝါးကြီးလည်း မရှိတော့ပါလား။ မနေ့က ဆင်ကြီးဆွဲလိုက်တဲ့ ကျောက်တုံးမှာများ ပါသွား ပြီလား။

ဒီလိုဆိုရင်တော့ ကျောက်တုံးချင်းထိပြီး ကြေမွသွား လောက်ပြီ။

ဟု စဉ်းစားမိကာ ဆင်နှစ်ကောင် ပစ်လိုက်သော ကျောက်တုံးနှစ်တုံး ထိမိသောနေရာသို့ သွားကြသည်။

ထိုနေရာသို့ရောက်သောအခါ ကျောက်ခဲအပိုင်းအစ များကြားမှာ ကျောက်လက်ဝါးကြီး တွေ့ရလေသည်။

သို့သော်…

ယခင်က ကဲ့သို့ အကောင်းအတိုင်းတော့ မဟုတ် တော့ပေ။

ကျောက်လက်ဝါးကြီး အချို့နေရာများမှာ ပုံပန်းသဏ္ဍာန် ဖမ်းမရလောက်အောင် အစိတ်စိတ်အမွှာမွှာ ဖြစ်နေပြီး အကောင်းအတိုင်း ကျန်တာဆို၍ လက်ကောက်ဝတ်နှင့် လက်ညှိုး၊ လက်မသာ ကျန်တော့သော အပိုင်းဖြစ်သည်။

မောင်အောင်သည် ထိုကျောက်လက်ဝါးကြီးကို ကောက်ယူ၍ လွယ်အိတ်အတွင်းသို့ ထည့်လိုက်သည်။

ထို့နောက်...

ကျောက်အကျိုးအပဲ့များကြားမှာ နောက်ထပ် အပိုင်းအစ,များ တွေ့လိုတွေ့ငြား လိုက်လံရှာဖွေနေစဉ် ကျောက်ခဲများအောက်မှ ဝင်းလက်တောက်ပသော ကျောက်တုံးကလေး တစ်တုံးကို တွေ့သဖြင့် ကောက်ယူလိုက်သည်။

ကျောက်တုံးလေးမှာ လုံးချောကလေးဖြစ်ပြီး သံပရာသီး အငယ်စား အရွယ်လောက် ရှိသည်။

အရောင်မှာ အပြာနုရောင်သမ်းလျက်ရှိပြီး နေရောင်ခြည်ကြောင့် အလင်းတန်းများ ဖြာထွက်နေသည်။

"မနေ့က ဆင်နှစ်ကောင် ကြောက်လန့်တကြား အော်ပြီး ထွက်ပြေးကြတာ ဒီကျောက်တုံးလေးက အလင်းရောင်ကို တွေ့လို့များလား မပြောတတ်ဘူး"

ထိုကျောက်တုံးလေးကို လက်ထဲမှာကိုင်ထားစဉ် ရေခဲတုံး ကိုင်ထားရသကဲ့သို့ လက်ဝါးတစ်ခုလုံး အေးစိမ့်နေလေသည်။





"အင်း... ထူးဆန်းတာတော့ အမှန်ပဲ၊ ဒီကျောက်တုံးဟာ အဘတို့ပြောသလို သိဒ္ဓိရှိတဲ့ ကျောက်တုံးများဖြစ်လေမလားပဲ၊ ဘာပဲဖြစ်ဖြစ် ရွာကိုယူသွားပြီး ဆရာတော်ကြီးကို ပြပြီး မေးကြည့်ရင် အကျိုးအကြောင်း သိရနိုင်တယ်"

ဟု တွေးတောကာ ကျောက်တုံးလေးကို အကျႌအိတ်အတွင်းသို့ ထည့်သိမ်းလိုက်လေတော့သည်။

ထို့နောက်တွင် ချောင်းကမ်းစပ်တစ်လျှောက် လိုက်လံရှာဖွေသောအခါ ထိုနေရာနှင့် တစ်ခေါ်သာသာလောက်ဝေးသောနေရာတွင် သစ်ချုံတစ်ချုံအတွင်းမှာ သတိမေ့ကာ လဲကျနေသော ဖခင်ဖြစ်သူ ဦးစိတ္တကို တွေ့ရလေတော့သည်။ မောင်အောင်မှာ ဝမ်းသာအားရဖြင့် စမ်းသပ်ကြည့်တော့ ဦးစိတ္တမှာ အဖျားဝင်ကာ သတိလစ်နေသည်မှလွဲ၍ အသက်မသေသေးကြောင်း သိရသဖြင့် မိမိတတ်ကျွမ်းသော ဆေးပညာနှင့် သတိပြန်ရအောင် ပြုစုရလေတော့သည်။

မောင်အောင်မှာ ငယ်စဉ်ကတည်းက ဆေးပညာကို သင်ခဲ့ဖူးသောကြောင့် တောထဲမှာရှိသော ဆေးဖက်ဝင်အပင်များကို လိုက်လံရှာဖွေကာ ဆေးအဖြစ်သုံး၍ ကုသပေးသောအခါမှ ဦးစိတ္တမှာ သတိပြန်ရလာလေတော့သည်။

"အဘ...အဘ. ဘယ်လိုဖြစ်တာလဲဟင်"

"ဟင်... မောင်အောင်၊ မင်း လိုက်လာတယ်၊ ဟုတ်လား၊ တော်သေးတာပေါ့ သားရယ်၊ မင်းရောက်မလာရင်တော့ အဖေတော့ ပြန်နိုင်မယ်မထင်တော့ဘူး"

ပြောဆိုရင်းနှင့် ဦးစိတ္တက နေရာမှထ,သဖြင့် မောင်အောင်က ဖေးမ,တွဲထူပေးလိုက်ရသည်။

"အဘ... ဘယ်လိုဖြစ်တာလဲဟင်"

"ငါ ကျောက်လက်ဝါးကြီးကို တစ်ယောက်တည်းလာရှာတာ"

"ဟင်..."

"ဟုတ်တယ်၊ ဒီကျောက်လက်ဝါးကြီးကိုသာ ရလိုက်ရရင်တော့ တို့တစ်တွေ လောကမှာ လူမော်ဖြစ်ပြီပေါ့ကွာ"

"ကျောက်လက်ဝါးကြီးက ဘယ်လိုစွမ်းလို့လဲ အဘ"

"ကျောက်လက်ဝါးဆိုတာ သဘာဝအမြုတေကဖြစ်တဲ့ သိဒ္ဓိရှိတဲ့ ပစ္စည်းမျိုးပဲ၊ ဆေးအဖြစ်ပဲသုံးသုံး၊ လောကီအစီအရင်ပဲသုံးသုံး အားလုံးရနိုင်တယ်၊ ဒါပေမယ့် ကျောက်လက်ဝါးကြီးကို တွေ့မှပဲ ဟိုင်းဆင်ကြီးတစ်ကောင် ရောက်လာပြီး တိုက်ခိုက်လို့ ပြေးရတာပါပဲကွာ"

ထိုစကားကြားသောအခါ ဆရာတော်ကြီး မိန့်ကြားလိုက်သော ရာဟုနံနှင့်ပတ်သက်၍ အန္တရာယ် ကြုံနေရသည်ဆိုသော ကြိုတင် ဟောပြောမှုမှာ မှန်ကန်လှပေသည်ဟု စိတ်ထဲမှာ တွေးလိုက်မိသည်။

"သူလိုက်လို့ပြေးရင်းနဲ့ နောက်က လှမ်းပစ်လိုက်တဲ့ ကျောက်တုံးအစတစ်ခုက ခါးကိုလာမှန်ပြီး ဆက်မပြေးနိုင်တော့လို့ ချုံထဲဝင်ပုန်းနေရတာပါပဲ"





မောင်အောင်မှာ မိမိ ကျောက်လက်ဝါးကြီး ရခဲ့သောအကြောင်းကို ယခုအချိန်မျိုးတွင် မပြောသေးဘဲ ခါး၌ဒဏ်ရာရနေသော ဖခင်ကိုတွဲကာ ရွာသို့ပြန်ခဲ့လေသည်။

ရွာသို့ပြန်ရောက်သောအခါ ဦးစွာ ကျောင်းသို့သွားကာ ဆရာတော်ကြီးအား အကြောင်းစုံ လျှောက်ထားလိုက်လေသည်။

ထို့နောက်...

ဆရာတော်ကြီးအား သူရလာသော ကျောက်လက်ဝါးကြီးနှင့် ကျောက်တုံးကလေးကိုပါ ထုတ်ပြလိုက်သည်။

"မောင်အောင်... မင်းဟာ စိတ်ထားကောင်းတဲ့သူဖြစ်လို့ ဒီလို ထူးဆန်းတဲ့ကျောက်မျိုးကို ရတာပဲ၊ ဒီကျောက်ဟာ သာမန်ကျောက်မဟုတ်ဘူး။ ကျောက်ကုံကုမ်လို့ ခေါ်တဲ့ ကျောက်အမြုတေပဲ"

"ကျောက်အမြုတေဆိုတော့ အစွမ်းသတ္တိရှိပါသလား ဘုရား"

"ရှိတာပေါ့ကွယ်၊ ကျောက်တုံးတွေထဲက အလိုအလျောက် ထွက်ကျလာတဲ့အစေးကို ကျောက်သွေးလို့ ခေါ်ကြတယ်၊ အင်မတန် ဆေးဖက်ဝင်တာမျိုးပေါ့"

"မှန်ပါ့ ဘုရား"

"ကျောက်အမြုတေဆိုတာ ကျောက်သွေးထက် အစွမ်းပိုထက်တာပေါ့၊ အနု,အသည်းတွေ ပြတ်တောက်သွားလောက်

တဲ့ အစားအစာတွေ၊ အဆိပ်တွေကို စားမိသောက်မိခဲ့ရင် ဒီကျောက်အမြုတေကို ရေသန့်သန့်နဲ့ သွေးတိုက်ရင် ချက်ချင်း သက်သာပျောက်ကင်းစေတယ်၊ အချိန်အခါ မလွန်သေးရင် ကယ်နိုင်တဲ့ အသက်ကယ်ဆေးပေါ့"

"မှန်ပါ ဘုရား"

"နောက်တစ်ခုက လူတစ်ယောက် ဘဝကူးပြောင်းတော့ မယ့်အချိန်မှာ ရင်ထဲမှာ မောတဲ့ ကျပ်တဲ့ဝေဒနာတွေကို ခံစားရလေ့ရှိတယ်၊ အဲဒီလိုအချိန်မျိုးမှာ ကျောက်အမြုတေ ကို သွေးတိုက်လိုက်ရင် အဲဒီဝေဒနာတွေကင်းပြီး သက်သောင့် သက်သာနဲ့ ဘဝကူးပြောင်းလို့ရတာပေါ့ကွယ်"

မောင်အောင့်စိတ်ထဲမှာ ထိုမျှအစွမ်းထက်သော ကျောက် အမြုတေကို ရခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိသည်။

"ဟို... တပည့်တော် တွေ့ခဲ့တဲ့ မြွေကြီးလုံးကြီးနဲ့ ကျောက်လက်ဝါးကြီးကရော ဘယ်လို အစွမ်းသတ္တိမျိုးတွေ ရှိပါသလဲ ဘုရား"

"ရှိတာပေါ့ကွယ်၊ သာမန်ထက်ထူးခြားတဲ့ အရာဝတ္ထု တွေမှာ သိဒ္ဓိကတော့ ရှိတာချည်းပဲပေါ့။

"အခု မောင်အောင်ရလာတဲ့ ကျောက်ကုံကုမ်ရဲ့ အစွမ်း သတ္တိတွေကို သိရပြီဆိုတော့ အကျိုးရှိတဲ့နေရာမှာ အသုံးချ ဖို့လိုတယ်"

"တင်ပါ့ဘုရား"





"ကျောက်အမြုတေဆိုတာ ကျောက်တုံးတိုင်းမှာ မရှိ ဘူး။ ရှိရင်လည်း ဘယ်သူသိမှာလဲ၊ ခွဲကြည့်နိုင်မှာလဲ၊ သင်ကြီးနှစ်ကောင်ရဲ့ ပယောဂကြောင့်သာ ကျောက်တုံးကြီး တွေ ကွဲပြီး အခုလို တိုက်တိုက်ဆိုင်ဆိုင် ရခဲ့တာမဟုတ်လား။

"ဒါကြောင့် ကိုယ်နဲ့ထိုက်လို့ ရခဲ့တဲ့ကျောက်အမြုတေ ကို သတ္တဝါတွေ ကယ်တင်ရေးအတွက် အသုံးချပေတော့ ငါ့တပည့်"

"မှန်လှပါ၊ ဆရာတော် မိန့်ကြားတဲ့အတိုင်း တပည့် တော် သတ္တဝါတွေ ကောင်းကျိုးအတွက်သာ အသုံးချပါ့မယ် ဘုရား"

ဟု ကတိပေးလိုက်သောအခါ ဆရာတော်ကြီးက သက်ထဲမှာကိုင်ထားသော ကျောက်အမြုတေကို မောင်အောင် အား ပြန်ပေးလိုက်သည်။

"မင်းတွေ့ခဲ့တဲ့ မြွေကြီးလုံးဆိုတာကလည်း သာမန် မဟုတ်ဘူး။ အဲဒါ အသက်ဝင်နေတဲ့ မြေရှင်လို့ခေါ်တယ်၊ မြေရှင်ဆိုတာ လူသံသူသံမကြားဘဲ အင်မတန်တိတ်ဆိတ် နေမှသာ အသက်ဝင်ပြီး လှုပ်ရှားလေ့ရှိကြတယ်။

"မြေရှင်ဆိုတာမျိုးလည်း အင်မတန်ရှားပါးလှတယ်။

"တတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်မှာ ဘတ်တစ်ပါးပါးပျက်ရင် မကျန်းမမာ ဖြစ်တတ်ကြတယ်"

"မှန်ပါ့ ဘုရား"

"ကိုယ်ခန္ဓာထဲမှာ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီး လေးပါးရှိတဲ့အနက်က မြေဓာတ်ပျက်တဲ့အခါမှာ ဖောတာ ယောင်တာတွေ ဖြစ်ကြတယ်၊ ဒီအခါမျိုးမှာ မြေရှင်ကိုသွေးပြီး လိမ်းလိုက်ရင် ကံနာ ဝဋ်နာမဟုတ်ခဲ့ရင် ချက်ချင်းပျောက် ငြိမ်းတယ်ကွယ့်"

"မှန်လှပါ ဘုရား"

"အခု မောင်အောင်ယူလာတဲ့ ကျောက်လက်က သာမန် သဘာဝက လူလက်နဲ့တူအောင် ဖြစ်နေတာမျိုးမဟုတ်ဘဲ လူ့ရဲ့လက်နဲ့ တစ်သဝေမတိမ်း တူနေတာဆိုတော့ သာမန် မဟုတ်ဘူး၊ သယ်ဇာတကနေ သဘာဝဘက်ကို ရောက်နေပြီ။

"နွယ်ပင်ကနေ ပိုးကောင်ဖြစ်တာမျိုးတို့၊ ပိန်းပင်ကနေ မြွေစိမ်းဖြစ်တာမျိုးတို့၊ အမှိုက်သရိုက်တွေက ပိုးကောင်ဘဝ ပြောင်းတယ်ဆိုတာ သံသေဒဇတွေပဲ။

"ကချင်ပြည်နယ်ဘက်က ခါကာဘိုရာဇီတောင်ပေါ်မှာ သာရှိတဲ့ ရှီးပဒီးလို့ခေါ်တဲ့ နွယ်ပင် တစ်မျိုးဟာ တစ်နှစ်မှာ ခြောက်လက နွယ်ပင်အဖြစ်နဲ့ နေတယ်၊ နောက်ခြောက်လ ကျတော့ ပိုးကောင်ဘဝနဲ့ နေတယ်"

"အတော်ထူးဆန်းလှပါတယ် ဘုရား"

"အသက်ဝင်နေတဲ့ ကျောက်လက်ဝါးရှိရာကို အသက် ဝင်နေတဲ့ မြေရှင်က လာကပ်တာ ဘယ်ဆန်းတော့မလဲကွယ်။





"ဒီကျောက်လက်မျိုးက ကောင်းတဲ့ ဘက်မှာရော မကောင်းတဲ့ ဘက်မှာပါ နှစ်မျိုးသုံးလို့ရတယ်"

"ဘယ်လိုသုံးရတာလဲ ဘုရား"

"သူတော်ကောင်းတွေ လက်ထဲရောက်တဲ့အခါ အရိုး အကြောရောဂါ ခံစားနေရတဲ့ ဝေဒနာရှင်တွေကို ဒီကျောက် လက်ကြီးသုံးပြီး ကုပေးရင်ပျောက်တယ်။

"လူယုတ်မာတွေ လက်ထဲရောက်ရင်တော့ ဘယ်သူ့ကို သေကျင်အောင် လုပ်လိုက်စမ်း၊ သေအောင် ရိုက်လိုက်စမ်း ဆိုပြီးတော့ မဟုတ်တဲ့နေရာတွေမှာ သုံးမှာပေါ့ကွယ်"

"ဒီလိုသုံးရင် ရသလား ဘုရား"

"သိဒ္ဓိရှိတဲ့ပစ္စည်းပဲကွယ်၊ ရ,ထားတဲ့လူက ဉာဏ်ရှိရင် ရှိသလို သုံးနိုင်တာပေါ့၊ ဒီကျောက်လက်ဝါးကြီးကိုတော့ အခြားသူတွေမမြင်အောင် သိမ်းထားပေတော့ ဒါယကာ"

"တင်ပါ၊ တပည့်တော် သိမ်းထားပါ့မယ်ဘုရား"

"နောက်တစ်ခုက မင်း ဆရာတော်ကို ကတိ တစ်ခု တော့ ပေးရလိမ့်မယ်၊ တခြားတော့မဟုတ်ဘူး၊ မင်းရထားတဲ့ ပစ္စည်းတွေကို သတ္တဝါတွေ အကျိုးရှိမယ့် နေရာမှာသာ အသုံးပြုပြီး အကျိုးမဲ့တဲ့နေရာတွေမှာ အသုံးမပြုပါဘူးဆိုတဲ့ ကတိပဲ"

"ဒီကတိကို တပည့်တော် ပေးပါ့မယ်ဘုရား။ သူတစ်ပါး ဒုက္ခရောက်မယ့်ကိစ္စတွေမှာ ဘယ်သောအခါမှ အသုံးမချပါဘူး ဘုရား"

"အေး... သာဓု... သာဓု... သာဓု"

မောင်အောင်သည် ၎င်းရှိထားသော ကျောက်အမြုတေနှင့် ကျောက်လက်ဝါးကြီးကို အဝတ်တစ်ခုနှင့် လုံခြုံစွာပတ်၍ ဆရာတော်ကြီးအား ကန်တော့ပြီး အိမ်သို့ပြန်ခဲ့လေသည်။





# အခန်း (၁၀)

## မောင်အောင်နှင့် ရန်ငြိုးရန်ဖက်

ထို့နောက်ပိုင်းတွင် မောင်အောင် အနေနှင့် ကျောက်လက်ဝါးနှင့် ကျောက်အမြုတေကို အသုံးပြု၍ စမ်းသပ်ကုသပေးသော လူနာမှာ ၎င်း၏ဖခင်ဖြစ်သူ ဦးစိတ္တပင် ဖြစ်လေသည်။

ဦးစိတ္တသည် တောထဲတွင် ဆင်ပစ်လိုက်သော ကျောက်ခဲ အပိုင်းအစထိမှန်ပြီး ခါးဆစ်ရိုးကျိုးကာ နေရာမှ မထ,နိုင်အောင် ရှိနေခဲ့ရာမှ ကျောက်အမြုတေကို သွေးတိုက်၍ ကျောက်လက်ဝါးကြီးနှင့် ဖိ၍ကုသပေးလိုက်ရာ ရက်ပိုင်း

အတွင်းမှာပင် အရိုးကျိုး အဆစ်လွဲသော ဝေဒနာ သက်သာပျောက်ကင်းကာ လူကောင်းပကတိအတိုင်း ပြန်ဖြစ်သွားလေတော့သည်။

ဦးစိတ္တမှာ ဝမ်းသာ၍ မဆုံးနိုင်တော့။

"အင်း ကံတရားဆိုတာ အတော်ဆန်းကြယ်တာပဲ၊ ငါက ကျောက်လက်ဝါးကြီးကိုလိုချင်လို့ ဘယ်သူကိုမှ အသိမပေးဘဲ တစ်ယောက်တည်း တက်ရှာတယ်၊ ကျောက်လက်ဝါးမရဘဲ ဆင်လိုက်ခံရလို့ ခါးရိုးကျိုးသွားခဲ့တယ်။

"ငါ့သားကျတော့ ငါ့ကိုလိုက်ရှာရင်းနဲ့ ကျောက်လက်ဝါးကြီးသာမကဘူး။ အထဲမှာရှိတဲ့ ကျောက်အမြုတေကိုပါ အဆစ် ရ,လိုက်သေးတယ်၊ ကိုင်း–မဆန်းကြယ်ဘူးလားဗျာ"

ဟု ပြောလေသည်။

"ဒါကတော့ ကျွပ်သားလေးက မိဘအပေါ်မှာ စေတနာကောင်းလို့ စေတနာအကျိုးပေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့တော်"

ဟု မိခင်ဖြစ်သူ ဒေါ်မယ်ခကပါ ဝင်ပြောလေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ ဘုရားမ,တယ်လို့ပဲ ဆိုရမှာပဲ၊ အဲဒီလိုရတော့ ကိုယ့်အတွက်လည်းကောင်း၊ အခြားသူတွေအတွက်လည်း ကူညီပေးနိုင်တာပေါ့ကွာ"

ပြောသည့်အတိုင်းပင်။





မောင်အောင်တို့သားအဖမှာ မိမိတို့ရွာထဲမှ လူများအား ငွေကြေးတတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင်သည်ဖြစ်စေ ရောဂါတစ်ခုခုဖြစ်လာ၍ မိမိတို့ကုသ၍ ရနိုင်မည်ဆိုလျှင် အခမဲ့ကုသပေးလေသည်။

သို့ဖြင့်...

တစ်ဆင့်စကား တစ်ဆင့်ကြား၍ အခြားရွာများကပါ လာရောက်ကုသလျှင်လည်း မညည်းညူဘဲ ကုသပေးသည်။

လူနာများကို တကယ် ကုပေးသူမှာ မောင်အောင်ဖြစ်သော်လည်း အသက်အရွယ်ငယ်သေးသဖြင့် အမှားအယွင်းဖြစ်မှာစိုးသောကြောင့် ဦးစိတ္တက အနီးမှ ဝိုင်းဝန်းကြပ်မတ်ပေးလေသည်။ ရွာသူရွာသား အတော်များများမှာ ငွေကြေးမချောင်လည်ကြသူများဖြစ်သဖြင့် ဆေးကုသပေးခြင်းအတွက် ဆန်စပါးနှင့် ရာသီထွက် အသီးအနှံများအား လာရောက်ပေးပို့ကြလေရာ စားမကုန်နိုင်အောင် အလျှံပယ်ဖြစ်နေတော့သည်။

"ဒါက ဆရာလေးအတွက် တောင်ပေါ်က ဦးဦးဖျားဖျားရလာတဲ့ မျှားရည်လာပို့ပေးတာပါ"

"ဒါက ဆရာလေးအတွက် ခြံထွက်သီးနှံတွေပါ"

"ဒါက... ဒါက..."

အစရှိသဖြင့် မွန်မွန်မြတ်မြတ် အစားအသောက်များကို တစ်ဦးမဟုတ်တစ်ဦး လာပို့ပေးကြရာမှ တစ်နေ့တခြား

မောင်အောင်၏ နာမည်မှာလည်း လူသိများလာလေတော့သည်။

မောင်အောင်မှာ မိမိနှင့်တိုက်ဆိုင်သော ဝေဒနာရှင်များဆိုလျှင် လူသာမဟုတ်ဘဲ ကျွဲ နွား တိရစ္ဆာန်များကိုပါ ကယ်တင် ကုသ ပေးလေသည်။

"အမယ်လေး... သားရယ်၊ အမေရဲ့ နွားကလေးကို ကယ်ပေးပါဦးကွယ်၊ အမေ့မှာ ဒီနွားလေးတစ်ကောင်ကိုပဲ အားကိုးနေရတာပါ၊ သူ မရှိရင်တော့ ထမင်းအိုးကွဲပါပြီ၊ ကယ်နိုင်ရင် ကယ်ပါဦး သားရယ်"

"ဘယ်လိုရောဂါဖြစ်တာလဲ အဘွား"

"မသိပါဘူးကွယ်၊ မနက်ကလွှတ်ကျောင်းထားရင်းနဲ့ ပလောင်သေရွက်တွေ သွားစားမိတယ်ထင်ပါရဲ့၊ အခုတော့ ပါးစပ်ထဲက အမြှုပ်တွေတစီစီထွက်ပြီး မထ,နိုင်တော့ဘူး၊ မကြာခင် သေတော့မယ်ထင်ပါရဲ့"

"ဒီလောက်လည်း စိတ်မပူပါနဲ့ အဘွား၊ အချိန်မီသေးတယ်ဆိုရင် ကျွန်တော်ကယ်နိုင်ရင် ကယ်ပေးပါ့မယ်"

ဟု ပြောကာ ကျောက်အမြုတေကို ယူကာ လိုက်သွားလေသည်။ ခြံဝင်းထဲရောက်တော့ အမြှုပ်တစီစီနှင့် အသက်ငင်နေသော နွားပေါက်တစ်ကောင်ကို တွေ့ရလေသည်။

မောင်အောင်က ကျောက်အမြုတေကို ရေဖြင့်သွေးကာ တစ်ဖက်ဖွင့်ထားသော ဝါးကျည်တောင့်အတွင်းသို့ ဆေးရည်





ထည့်ပြီး နွားပါးစပ်ကိုဖြဲ၍ လောင်းထည့်လိုက်ပြီးနောက် နွားနှာခေါင်းကို အဝတ်နှင့်ပိတ်လိုက်လေသည်။

နွားက အသက်ရှူရန်အတွက် ပါးစပ် ဟ,လိုက်သောအခါ ဆေးရည်က လည်ချောင်းထဲသို့ ဝင်သွားသည်။

ဤသို့ဖြင့် တစ်ကြိမ် နှစ်ကြိမ် ပြုလုပ်လိုက်သောအခါ အမြှုပ်တစီစီဖြင့် ဆန့်ငင် ဆန့်ငင်ဖြစ်နေသော နွားမှာ ငြိမ်ကျသွားသည်။

"အမယ်လေး... အမေ့နွားလေးတော့ သေပြီထင်ပါရဲ့"

ဟု အဘွားအို၏ငိုသံ ထွက်လာသည်။

"သိပ်လည်း စိတ်မပူပါနဲ့ အဘွား။ အဘွားရဲ့နွားကလေး မကြာခင် ပြန်ကောင်းသွားမှာပါ"

"ဟင်... တကယ်လား သားရယ်၊ တကယ်ပြောတာလားဟင်"

"တကယ်ပါ အဘွားရဲ့၊ ခဏနေရင် ပြန်ကောင်းလာမှာပါ"

မောင်အောင် ပြောသည့်အတိုင်းပင် ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ နွားပေါက်ကလေးမှာ အကောင်းပကတိအတိုင်း ပြန်ထ,လာသည်ကို တွေ့ရသဖြင့် အားလုံး ဝမ်းသာနေကြရသည်။

နွားရှင်အဘွားကြီးမှာတော့ ပြောဖွယ်မရှိတော့ပေ။

မောင်အောင် လက်မောင်းတစ်ဖက်ကို ကိုင်၍ မျက်ရည် များက သွင်သွင်ကျကာ ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ် ပြောဆိုနေလေတော့သည်။

"မောင်အောင်ကတော့ တကယ့်ကို သိကြားဖန်ဆင်းတဲ့ ဆရာပဲဟေ့...

"ဘယ်လောက်ပဲ ရောဂါပြင်းပြင်း မောင်အောင်နဲ့သာ အချိန်မီတွေ့လို့ကတော့ အသက်ချမ်းသာရာ ရစေ့မယ်ဟေ့။

"တို့ရွာအတွက်ကတော့ နတ်သိကြားတွေ ဖန်ဆင်းပြီး ချပေးလိုက်တဲ့ ဆရာတစ်ယောက် ရောက်လာသလိုပါပဲ"

"ဟုတ်တယ်... ဟုတ်တယ်"

"ဆရာအောင်... ဆရာအောင်"

ဟူသော အမည်က ကျားဖြူတောင် ရွာမှာသာမက အနီးပတ်ဝန်းကျင်တစ်ဝိုက်ရှိ ရွာများမှာပါ နာမည်သဝေါင်း ကျော်စောခြင်း ရှိလေတော့သည်။

ထိုကဲ့သို့ ဖြစ်လာခြင်းကို ကျားဖြူတောင်ရွာသာမက အခြားရွာနီးချုပ်စပ်က လူများကပါ ဝမ်းသာမှုဖြစ်ကြသော်လည်း ဝမ်းမသာနိုင်သူကတော့ ရှိပေသည်။

၎င်းမှာ အခြားမဟုတ်ပေ...။

ဇော်လမ်းပင် ဖြစ်တော့သည်။

ဇော်လန်း၏ဖခင် ဦးဒီပမှာ ယခင်က တစ်ရွာလုံးက အားကိုးရသော ဆေးဆရာတစ်ယောက်ဖြစ်သဖြင့် အခြားရွာများကပါ အကြောင်းရှိလျှင် လာရောက်ပင့်ခေါ်ရသည်။





ဦးဒီပတို့ မိသားစုမှာ ထိုမှရရှိသော ဆေးဖိုးဝါးခများဖြင့် စားသောက်နေထိုင်ကြခြင်း ဖြစ်သည်။

ယခုတော့...

မိုးပေါ်က ကျလာသလို ကုပေးတိုင်းပျောက်သော ဆေးဆရာတစ်ယောက် ပေါ်လာသဖြင့် ယခင်ကကဲ့သို့ ပင့်ခေါ်မည့်သူ မရှိတော့ပေ။

လူတွေကလည်း အကြောင်းကိစ္စရှိလျှင် မောင်အောင်ကိုပင် သတိရကာ သွားခေါ်ကြတော့သည်။

"အဖေ... ဒီအတိုင်းဆိုရင် ကျုပ်တို့ ထမင်းငတ်ပြီး ရွာထဲက ထွက်ပြေးရတော့မယ်ဗျ"

"ဘာဖြစ်လို့လဲကွာ"

"ဘာဖြစ်ရမလဲဗျ... အခု ရွာထဲမှာ ခေအောင် ဆေးကုပေးနေတာ အဖေ မမြင်ဘူးလား။ လူတွေကလည်း နောက်မှပေါက်တဲ့ ရှောက်ပင်ကိုမှ အထင်ကြီးချင်ကြတယ်၊ သူ့ဆီမှာ ဓာတ်လုံးလား ဘာအလုံးလည်းမသိဘူး ရှိတယ်၊ နောက်ပြီး လူလက်တစ်ဖက်နဲ့ တူတဲ့ ကျောက်တုံး တစ်တုံးလည်း ရှိတယ်၊ အဲဒါတွေကို ဘယ်က ရလာခဲ့သလဲတော့ မသိဘူး။ နေစမ်းပါဦး... သူဆေးကုပေးနေတဲ့ ပစ္စည်းတွေက ဘာတွေလဲဟင်"

"တစ်ခုကတော့ ကျောက်လက်ဝါးဆိုလား။ ဘာဆိုလား ပြောနေကြတာပဲ၊ ကျန်တဲ့တစ်မျိုးကတော့ ငါလည်းမသိဘူး"

"အခု ဒီကောင်က ရွာထဲမှာဆရာကြီးတစ်ဆူ လုပ်နေတာဗျ၊ အသက်ကသာ ငယ်ပေမယ့် ဟိုလူက ဆရာအောင်၊ ဒီလူက ဆရာအောင်ဆိုပြီး တစ်အောင်တည်း အောင်နေကြတာ အဖေ မသိဘူးလား"

"အဲဒါ ဘာဖြစ်သလဲ ဇော်လန်းရယ်၊ သူ့ကုသိုလ်နဲ့ သူဖြစ်လာတာပဲ၊ ကိုယ့်ရွာသား အချင်းချင်းတွေပဲ၊ မုဒိတာတောင် ပွားရဦးမှာ မဟုတ်လား"

"အဖေကသာ ပွားနိုင်ပေမယ့် ကျုပ်ကတော့ မပွားနိုင်ပါဘူး။ အခုဆိုရင် နန်းရွှေရည်ကပါ သူ့ဘက်ပါနေတာ။

"ကျုပ်ကတော့ ဒီအတိုင်းကြည့်မနေနိုင်ဘူး။ ဒီကောင်ဆီက ပစ္စည်းတွေကို ရအောင်လုပ်ရမှာပဲ"

"တစ်ဖက်သားကို ဘာကြောင့် မကောင်းကြံချင်ရတာလဲ ဇော်လန်းရယ်၊ အကုသိုလ်ကံဆိုတာ ပြုတဲ့လူထံ ပြန်တတ်တယ်ဆိုတာ မင်းသိဖို့ကောင်းတယ်၊ ဒီလိုအကြံအစည်မျိုး မကြံရဘူး။ သူ့လက်ထဲမှာ သိဒ္ဓိရှိနေတဲ့ ပစ္စည်းတစ်ခုဟာ မင်းလက်ထဲရောက်ရင် ဒီလို သိဒ္ဓိရှိချင်မှလည်း ရှိမယ်၊ နေချင်မှလည်း နေမှာပေါ့"

ဦးဒီပကတော့ သဘောထားပြည့်ဝသော လူကြီးပီပီ တဖွတ်ထိုးနိုင်လှသော သားဖြစ်သူအား ဖျောင်းဖျောင်းဖျဖျ ပြောဆိုနေလေသည်။





"အဖေ ဘယ်လိုပဲတားတား ကျုပ်ကတော့ နန်းရွှေရည် သူ့ဘက်ပါသွားကတည်းက မကျေနပ်နေတာ၊ အခုလို ကျုပ်တို့ မိသားစု စီးပွားရေးကိုပါ ထိခိုက်အောင် လုပ်လာတော့ ပိုတောင် ခံပြင်းမိသေးတယ်။

"ဒီကောင့်ဆီကပစ္စည်းတွေကို တစ်နည်းနည်းနဲ့ ရအောင် ကြံစည်ရမှာပဲဗျ"

ဟု ပြောဆိုကာ ထွက်သွားလေသည်။

ဦးဒီပကတော့ နားချမရ၍သာ ကြည့်နေရသော်လည်း တဖွတ်ထိုးနိုင်လှသော သားဖြစ်သူအတွက် တစ်ခုခုဖြစ်မှာကို စိုးရိမ်နေမိလေသည်။

ဤသို့ဖြင့်...

ဇော်လန်းမှာ ၎င်းနှင့် စိတ်တူသဘောတူ အပေါင်းအသင်းများကို စု၍ မောင်အောင်အား တစ်နည်းမဟုတ်၊ တစ်နည်း ဒုက္ခပေးရန်သာ ကြံစည်နေတော့သည်။

ဤသို့ဖြင့်...

လ,အနည်းငယ်ကြာသောအခါ ကျားဖြူတောင်ရွာသို့ စေတုတ္တရာမှ စုံထောက်နှင့် ပုလိပ်များ ရောက်လာကြသည်။

သူတို့သည် ရွာလူကြီး ဦးဇော်ခွန်အိမ်သို့ သွားကြလေသည်။

ထိုအထဲတွင် ရာဇဝတ်အုပ်တစ်ယောက်လည်း ပါလာသည်။

"ကျုပ်တို့ရွာကို ဘာအရေးကိစ္စများရှိလို့ ကြွလာကြတာလဲ ရာဇဝတ်အုပ်မင်း"

ဦးဇော်ခွန်က ခရီးရောက်မဆိုက် မေးလိုက်လေသည်။

ထိုအခါ ရာဇဝတ်အုပ်က...

"ကျုပ်တို့လာတာ တခြားတော့မဟုတ်ဘူး သူကြီးရဲ့ ခင်ဗျားရဲ့ရွာမှာ အစွမ်းထက်တဲ့ ဓာတ်လုံးတစ်လုံးရထားတဲ့ လူစွမ်းကောင်းတစ်ယောက် ပေါ်နေတယ်လို့ သတင်းပေးတဲ့ လူက ပေးလို့ ကျုပ်တို့လာကြတာပါ"

ဟု ပြောလေသည်။

"ဓာတ်လုံးနဲ့ လူစွမ်းကောင်း... ဟုတ်လား"

ဦးဇော်ခွန်က တအံ့တသြ ပြန်မေးလိုက်သည်။

"ဟုတ်တယ်လေ... ဒီသတင်းကို ခင်ဗျား မကြားသေးဘူးလား။ အဲဒီလူစွမ်းကောင်းက ဓာတ်လုံးအစွမ်းနဲ့ လူတွေကို စည်းရုံးပြီး ကျုပ်တို့ အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ဖို့ လုပ်နေတယ်လို့ ရွာခံတစ်ဦးက သတင်းလာပေးတာနဲ့ ကျုပ်တို့ လာခဲ့တာပဲ"

"ရာဇဝတ်အုပ်မင်းတို့ ရတဲ့သတင်းက မှားနေပြီ ထင်တယ်၊ ကျုပ်တို့ရွာမှာ ဓာတ်လုံးရှိတဲ့ လူလည်းမပေါ်ပါဘူး။ လူစွမ်းကောင်းလည်း မရှိပါဘူး။ ရာဇဝတ်အုပ်မင်းတို့ကို တော်လှန် ပုန်ကန်မယ့်လူလည်း တစ်ယောက်မှ မရှိပါဘူး။

"ကျုပ်ပြောတာကို ယုံပါ"





"မယုံနိုင်ဘူးလေ... ခင်ဗျားတို့ ကျားဖြူတောင်နယ်တစ်ဝိုက်က ရွာတွေဟာ ဇ,ရှိတဲ့ရွာတွေပဲ၊ အရင်က အင်္ဂလိပ်စစ်တပ်တွေ ဒီဘက်လာတိုင်း အုပ်စုလိုက်၊ အုပ်စုလိုက် အစ,ပျောက်ကုန်တဲ့ သာဓကတွေရှိတာပဲ...။

"ဒါဖြင့် ခင်ဗျားတို့ရွာမှာ အဲဒီလိုလူမျိုး တစ်ယောက်မှ မရှိဘူးပေါ့"

"မရှိပါဘူး။ ရာဇဝတ်အုပ်မင်း မယုံကြည်ရင် တစ်ရွာလုံးကို ခေါ်မေးကြည့်ပါ၊ စစ်ဆေးကြည့်ပါ... အဲ... ဒါပေမယ့် ရွာထဲမှာ ဓာတ်လုံးတော့မရှိဘူး။ ကျောက်ခဲတစ်လုံးနဲ့ ဆေးကုပေးနေတဲ့ ကလေးတစ်ယောက်တော့ ရှိပါတယ်"

"သူက ဘာလုပ်သလဲ"

"အဲဒီကျောက်ခဲနဲ့ပဲ ရွာသူရွာသားတွေကို ဆေးကုပေးပါတယ်"

"ကျုပ် တွေ့ချင်တယ်၊ သူ့ကို သွားခေါ်ပေးပါ"

"ဟု ဆိုသဖြင့် ဦးဇော်ခွန်က မောင်အောင်ကို သွားခေါ်ရန် ရွာသားတစ်ယောက် လွှတ်လိုက်ရာ မကြာမီ မောင်အောင် လိုက်လာလေသည်။

မောင်အောင်ကို တွေ့သောအခါ ရာဇဝတ်အုပ်က အံ့သြဟန်ဖြင့်...

"သူလား... ဆေးကုပေးတဲ့လူ"

ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ငယ်ငယ်ကလေးပါလား။ မင်း ဆေးကုတဲ့ကျောက်တုံးကို ပြပါ"

မောင်အောင်က အိတ်ထဲမှ ကျောက်တုံးတစ်တုံးကို ထုတ်ပြလိုက်သည်။ ရာဇဝတ်အုပ်က ကျောက်တုံးကို ဘဲ ဥ အစ,ရှာသလို အသေအချာစစ်ဆေးကြည့်ပြီး...

"ဒီကျောက်တုံးက ဘာတွေစွမ်းသလဲ"

"ဆေးကုရင် ရောဂါပျောက်ပါတယ်"

"မိုးပေါ်ပျံလို့ ရသလား"

"မရပါဘူး"

"မြေထဲဝင်သွားလို့ ရသလား"

"မရပါဘူး"

"ကိုယ်ဖျောက်လို့ ရသလား"

"မရပါဘူး"

"သေနတ်၊ ဓား,လှံတွေ ပီးသလာ"

"မပြီးပါဘူး"

"ဒါဖြင့် ဒါနဲ့ကုပေးတဲ့ ရောဂါမှန်သမျှ ပျောက်သလား"

"အားလုံး မပျောက်ပါဘူး။ တိုက်ဆိုင်တဲ့ရောဂါလောက်ပဲ ပျောက်ပါတယ်"





ရာဇဝတ်အုပ်က စိတ်ပျက်လက်ပျက် အမူအရာဖြင့် ကျောက်တုံးအား မောင်အောင့်ကို ပြန်ပေးလိုက်လေသည်။

"မင်းဆီကကျောက်ခဲလုံးက ဒီလောက်ကလေး စွမ်းတာနဲ့များ မင်းကုပေးတဲ့ ရောဂါတွေပျောက်တာ ဘာကြောင့်လဲ"

"ကျုပ်က ဒီကျောက်ခဲနဲ့တင် ကုတာမဟုတ်ပါဘူး။ ရောဂါကုတဲ့အခါ မေတ္တာစေတနာနဲ့ပါ ထည့်ကုပေးလို့ ရောဂါပျောက်တာပါ"

"မင်းက လူကသာငယ်ပေမယ့် စကားပြောတာတော့ အတော့်ကို ကြီးကျယ်ပါလား။ ကဲ... မင်းကျောက်ခဲကိုလည်း ပြန်ယူသွားပေတော့၊ တို့အတွက်လည်း ဘာမှအသုံးမဝင်လှပါဘူး"

ဤသို့ပြောကာ မောင်အောင်ကို ပြန်လွှတ်ပေးလိုက်သည်။

"စိတ်ချပါ ရာဇဝတ်အုပ်မင်း။ ကျုပ်တို့ရွာမှာက ကိုယ့်ထမင်း ကိုယ် အေးအေးရှာစားနေတဲ့ လူတွေပဲရှိတယ်၊ အင်္ဂလိပ် အစိုးရမင်းကို ပုန်ကန်တော်လှန်မယ့်လူ တစ်ယောက်မှ မရှိပါဘူး"

"ကောင်းပြီလေ... ကျုပ်တို့ကလည်း ဒီကသတင်းပေးတဲ့သူက ပေးလို့ လာခဲ့ရတာပဲ၊ ဒီလို အေးအေးချမ်းချမ်း ရှိနေရင် ပြီးတာပါပဲ၊ ကိုင်း... ကျုပ်တို့ ပြန်တော့မယ်၊

တကယ်လို့ သတင်းထူးရင်သာ ကျုပ်တို့ဆီကို အကြောင်းကြားဖို့ မမေ့ပါနဲ့"

"စိတ်ချပါ... စိတ်ချပါ"

ရာဇဝတ်အုပ်နှင့် ပုလိပ်များပြန်သွားသောအခါ ရွာသူရွာသားများမှာ သက်ပြင်းချနိုင်ကြလေတော့သည်။

❀✤❀✤❀





# အခန်း (၁၁)

## နေရစ်တော့ ချစ်သူရယ်

နွေဦးည လ,ရောင်သည် ကျားဖြူတောင်ရွာပေါ်သို့ ငွေရောင်ဆမ်းထားသည့်နှယ် ဖြာဆင်းကျနေသည်။

ဦးဇော်ခွန်တို့ ခြံဝင်းအနောက်မှာရှိသော အဝီကြင်းပင်ကြီးမှာ တစ်ပင်လုံး အဖူးအပွင့်တို့ဖြင့် ဝေဆာလျက်ရှိသည်။

သင်းပျံ့သော အင်ကြင်းရနံ့တို့က ပတ်ဝန်းကျင်တစ်ဝိုက်လေနှင့်အတူ ဝေ့ဝဲလွင့်ပျံ့လျက် ရှိနေသည်။

လ,ရောင်က အင်ကြင်းပင် အကိုင်းအခက်များကြားမှ မြေပေါ်သို့ ဖြာဆင်းကျနေသည်။

အင်ကြင်းပင်အခြေမှာတော့ မောင်အောင်နှင့် နန်းရွှေရည်တို့ ရှိနေကြသည်။

နန်းရွှေရည်က မောင်အောင့်ရင်ခွင်မှာ မှီထားသည်။

"ကိုအောင်.."

"ဘာလဲ ရွှေရည်..."

"အခုတလော ကိုအောင့်မှာ မနာလိုတဲ့ရန်သူတွေ ဝိုင်းနေတယ်ဆိုတာ သိရဲ့လားဟင်"

"ကိုယ့်ကို ဘယ်သူက မနာလိုဖြစ်နေလို့လဲဟင်"

"ဘယ်သူရှိရမလဲ... ဇော်လန်းပဲပေါ့၊ သူက ကိုအောင်ကို အသေအလဲ မကောင်းကြံနေတာ ကိုအောင်မသိဘူးလား။ ဟိုတစ်နေ့က ပုလိပ်တွေရောက်လာပြီး စစ်လားဆေးလားလုပ်တာ သူ့ရဲ့လက်ချက်ပဲလို့ အဘက ပြောတယ်၊ ကိုအောင်မရိပ်မိဘူးလားဟင်"

"သူနဲ့ ကိုယ်နဲ့က ရန်ငြိုးရန်စ ရှိကြတာမှမဟုတ်ဘဲ၊ ဘာကြောင့် သူက ကိုယ့်ကို မကောင်းကြံနေရတာလဲဟင်"

"ကိုအောင်ကလည်း လူတွေကို သိပ်ပြီးယုံတာပဲကိုး။ သူက ကိုအောင့်ကြောင့် ရွှေရည့်အချစ်ကို မရလိုက်တာကိုလည်း မကျေနပ်ဘူး...။

"အခုဆိုရင် ပိုဆိုးတာပေါ့၊ ကိုအောင်က အလကားဆေးကုပေးနေတော့ သူတို့စားပေါက်ကို ပိတ်တယ်ဆိုပြီး ပိုပြီးမကျေမနပ် ဖြစ်နေတာပေါ့"





"ဒါကတော့ ရွှေရည်ရယ်... ကိုယ်က သူ့အပေါ်မှာ အာဃာတလည်း မရှိဘူး။ မေတ္တာလည်း မပျက်ပါဘူး။ ဒါပေမယ့် သူက ကိုယ့်အပေါ် မကောင်းကြံနေတယ်ဆိုရင်တော့လည်း သူ့ထိုက်နဲ့ သူ့ကံပဲပေါ့"

"ဒါပေမယ့် သတိ ဝီရိယတော့ ထားနော်၊ သူတို့တစ်တွေ က စိတ်ချရတာမဟုတ်ဘူး။ ဇော်လန်းမှာ တေဖော်တေဖက်၊ ဆိုးဖော်ဆိုးဖက်တွေ အများကြီးရှိတယ်၊ တော်ကြာ အများနဲ့ တစ်ယောက်ဆိုတော့ ခံရမှာစိုးလို့ သတိပေးတာပါ"

"ရွှေရည်က ကိုယ့်အပေါ် ဒီလောက်ပဲ စိုးရိမ်ရသလား"

"မစိုးရိမ်ဘဲ နေပါ့မလား။ ကိုယ့်ချစ်သူ တစ်ခုခုဖြစ်သွားရင် ကိုယ်ပဲ စိတ်ဆင်းရဲရမှာ"

"ဒီလိုဆိုရင်... ရွှေရည် မျက်စိအောက်က အပျောက်မခံရအောင် ကိုယ်တို့နှစ်ယောက် လက်ထပ်ထားလိုက်ရင် မကောင်းဘူးလား"

"အို... ရွှေရည်တို့နှစ်ယောက်က အသက် ငယ်ကြသေးတော့ အခုလို ဖြန်းစားကြီးလက်ထပ်လို့ ဘယ်ကောင်းပါ့မလဲ"

"ကိုယ်ကတော့ ရွှေရည်နဲ့ခွဲပြီးတော့ မနေချင်တော့ဘူး။ နောက်ပြီး စိတ်လည်း မချနိုင်ဘူး"

"ရွှေရည်ကိုတော့ စိတ်ချပါ ကိုအောင်ရယ်"

"ကိုယ်က ရွှေရည်ကို စိတ်ချပါတယ်၊ ဒါပေမယ့် ခေတ်ကာလ အခြေအနေကလည်း မကောင်းဘူး။ မမျှော်လင့်ဘဲ အပြောင်းအလဲများတတ်တဲ့ အခြေအနေကိုလည်း ယုံစားလို့မရဘူး မဟုတ်လား"

"ကိုအောင် ဒီလောက် စိတ်မချ ဖြစ်နေရင်လည်း နွေရောက်ရင် အဖေတို့ကိုပြောပြီးတော့ ရွှေရည်ကို တောင်းယူပေါ့"

"တကယ်လား ရွှေရည်၊ ဒီလိုဆိုရင် ကိုယ် အဘတို့နဲ့ တိုင်ပင်ပြီး အစီအစဉ်တွေ လုပ်တော့မယ်နော်"

မောင်အောင်က ရင်ခွင်ထဲမှာ လရောင်စွန်းနေသော ချစ်သူမျက်နှာလေးကို ကြည့်ရင်း ဝမ်းသာအားရ မေးလိုက်ရာ နန်းရွှေရည်က အပြုံးကလေးဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

ဘဝအတွက် မျှော်လင့်ချက်ရှိသွားကြပြီဖြစ်သော ချစ်သူနှစ်ဦး၏ ရင်ထဲမှာ ပျော်ရွှင်ကြည်နူးခြင်းများဖြင့် အပြည့်ရှိနေကြလေသည်။

ထိုနေ့ညက ချစ်သူနှစ်ဦးတို့မှာ စကားလက်ဆုံ ပြောမကုန်နိုင်အောင် ရှိနေကြပြီး ညဉ့်အတော်နက်တော့မှ ပြန်လာခဲ့သည်။

လရောင်က အတော်မြင့်နေပြီ...။





ညဉ့်နက်ပိုင်း ရောက်လာပြီမို့ အအေးဓာတ်က လွှမ်းလာသလို နှင်းမှုန်နှင်းစက်များကလည်း တဖွဲဖွဲ ကျဆင်းလာတော့သည်။

သို့ကြောင့်...

ပတ်ဝန်းကျင်တစ်ဝိုက်မှာ မှုန်မှုန်ဝါးဝါး ဖြစ်နေလေတော့သည်။

လရောင်မှုန်မှုန်အောက်မှာ တစ်ယောက်တည်း စိတ်ကူးယဉ်ကာ လျှောက်လာသော မောင်အောင်သည် ရွာလယ် မန်ကျည်းပင်ကြီးအောက်သို့ ရောက်လာလေတော့သည်။

မန်ကျည်းပင်အောက်မှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထို့ပြင်...

အပင်အောက် အရိပ်များမိုးနေသောကြောင့် အမှောင်ရိပ်များက ဖုံးလွှမ်းလျက်ရှိသည်။

သူ အပင်အောက်သို့ ရောက်သောအခါ အပင်အောက်မှ လူလေးယောက် ထွက်လာသည်။

ရှေ့မှ နှစ်ယောက်က ပိတ်ရပ်ထားပြီး နောက်မှ နှစ်ယောက်က ပတ်ဝိုင်းထားခြင်းဖြစ်၏။

၎င်းတို့လက်ထဲမှာလည်း ဟုတ်နှင့်ဓားများကို ကိုင်ထားသောကြောင့် မိမိအသက်ကို မချရန်ရှာတော့မည်မှန်း ရိပ်မိလိုက်သည်။

သူ အကဲခတ် ကြည့်လိုက်တော့ လူလေးယောက် စလုံး အဝတ်အနက်များနှင့် ရုပ်ဖျက်ထားသဖြင့် ဘယ်သူ ဘယ်ဝါမှန်း မသိနိုင်ပေ။ လူလေးယောက်က လက်နက်များကို အဆင်သင့်ကိုင်ကာ သူနှင့် မလှမ်းမကမ်းနေရာ ရောက်အောင် တိုးလာကြသည်။

မောင်အောင်လက်ထဲမှာ မည်သည့်လက်နက်မှ မရှိသော်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်းတော့ မဖြစ်မိပေ။

သူသည်...

ငယ်စဉ်အခါကတည်းက ဓားခုတ်၊ ဓားထိုး၊ လက်သိုင်း တုတ်သိုင်း အစရှိသော ပွဲကျောင်းပညာများကို အတော် အတန် သင်ကြားတတ်မြောက်ခဲ့သဖြင့် သာမန်ရန်သူလောက် ကိုတော့ ကြောက်ရွံ့မှု မဖြစ်မိပေ။

"မင်းတို့ ဘယ်သူတွေလဲ"

မောင်အောင်က မေးလိုက်သည်။

"ငါတို့ ဘယ်သူတွေလဲဆိုတာ မင်းသိဖို့ မလိုဘူး"

ရန်သူတစ်ယောက်က အသံသြသြဖြင့် ပြန်ဖြေသည်။

"ဒါဖြင့် ဘာကြောင့် ငါ့ကို တားတာလဲ"

"အစကတော့ မင်းကို သတ်ပစ်ဖို့ပဲ၊ ဒါပေမယ့် ငါတို့လိုချင်တာကို အသာတကြည် ပေးမယ်ဆိုရင်တော့ အသက်ကို ချမ်းသာပေးမယ်"

"မင်းတို့က ဘာလိုချင်တာလဲ"





"မင်းဆေးကုတဲ့အခါမှာသုံးတဲ့ ကျောက်လုံးနဲ့ ကျောက် လက်ဝါးကြီးကို ငါတို့ကိုပေးမယ်ဆိုရင်တော့ အသက်ကို ချမ်းသာပေးမယ်"

"အဲဒီပစ္စည်းတွေက အိမ်မှာထားတာပဲ"

"မင်း မညာနဲ့၊ ငါတို့ မင်းရဲ့အိမ်ကို ရောက်ခဲ့ပြီးပြီ၊ မင်းအဖေနဲ့ အမေကို မေးတာလဲမရဘူး"

"ဟင်... မင်းတို့ ငါ့အဖနဲ့ အမေကို ဘာလုပ်ခဲ့ကြ သလဲ"

"သိပ်လည်း မစိုးရိမ်ပါနဲ့ကွာ၊ ဘာမှမလုပ်ရသေးပါဘူး။ လောလောဆယ် ကြိုးနဲ့တုပ်ထားခဲ့ရုံပါပဲ၊ အဲ... မင်းဆီက ငါတို့လိုချင်တာ မရမှသာ မင်းကို အရင်သတ်မယ်၊ ပြီးမှ သူတို့ကို သွားသတ်ပစ်မယ်"

"ဩော်... လက်စသပ်တော့ မင်းတို့က ဓားပြတိုက်နေ တာကိုး"

"ဒါကတော့ မင်းထင်ချင်သလို ထင်ပေါ့ကွာ၊ ငါတို့ ကတော့ တို့လိုချင်တာရရင် ပြီးတာပါပဲ"

"တကယ်လို့ မပေးဘူးဆိုရင်ရော..."

"မပေးရင် မင်းကို အခုသတ်မယ်၊ ပြီးမှ မင်းမိဘတွေ ကို သတ်ပစ်ပြီး အိမ်ကိုပါ မီးနဲ့ရှို့ပစ်မယ်"

"တောက်... လူယုတ်မာတွေ၊ ငါ အပြတ်ပြောမယ်၊ ငါ့လက်ထဲကပစ္စည်းကို ငါ့ရဲ့အသက် သေအောင်သတ်နိုင်မှ ရမယ်"

"ဒီလိုဆိုရင်လည်း တွေ့ကြသေးတာပေါ့ကွာ"

ဟု ပြောဆိုကာ ဓားနှင့်တုတ်များကို အသင့်ကိုင်ကာ ပြေးဝင်လာကြသည်။ မောင်အောင်က နောက်မှ အနီးဆုံး ဝင်လာကြသော ဓားသမားရင်ခွင်ထဲသို့ ကိုယ်ကိုဝင်လိုက်ကာ ပခုံးပေါ်မှ ကျော်ကျလာသော ဓားခုတ်ချက်ကို ဘယ်လက်နှင့် ဆီးဖမ်းပြီး ညာတံတောင်က လွတ်နေသောရန်သူရင့်ဝကို ဆောင့်တိုက်လိုက်သည်။

"ဒုတ်..."

"အင့်..."

အရွယ်နှင့်မမျှ လေ့ကျင့်အားကောင်းခဲ့သော တံတောင်ချက်က ရန်သူကို အထိနာသွားခိုက်မှာ ဓားကိုင်လက်ကို ပခုံးနှင့် ထမ်းချိုးပစ်လိုက်သည်။

"ရွတ်..."

"အား..."

ကျယ်လောင်စွာအော်၍ လန့်ဝင်းသွားသည်။

ထိုအခါ...

ဘေးတစ်ဖက်တစ်ချက်မှ တုတ်သမားနှစ်ယောက်က ညှပ်ရိုက်သည်။

တုတ်ချက် ဦးခေါင်းပေါ်မရောက်မီ ညာခြေကို ရှေ့သို့ တစ်လှမ်းတက်၍ ဘယ်ခြေကို သုံးပေါက်ချွန်းရွှေ့သည်။

လူကိုမထိတော့ ရိုက်သည့်တုတ်,တုတ်ချင်း ထိမိသည်။





"ခွမ်း... ခွမ်း..."

ရန်သူနှစ်ယောက် အငိုက်မိသွားစဉ် ဘယ်လက်မှ တုတ်သမား၏ တုတ်ကိုင်လက်ကို ခြေနှင့်ကန်၍ ညာဘက်မှ တုတ်သမား၏လက်ကို မလှုပ်သာအောင် ချုပ်လိုက်သည်။ ထိုအခိုက်မှာပင် တဖက်မှ တုတ်သမားက ထပ်ဆင့်ရိုက်သောအခါ မိမိချုပ်မိထားသော တုတ်သမားကိုယ်နှင့် လှည့်ခံပေးလိုက်သည်။

"ခွပ်..."

"အင်း..."

တစ်ယောက်တော့ သူ့စရိုတ်နှင့် သူသွားပေပြီ။

ထိုအခိုက်မှာပင် မောင်အောင်က ကျန်တုတ်သမား၏ တုတ်ကို ချုပ်ယူလိုက်ပြီး ဘေးသို့ ကန်ထုတ်လိုက်သည်။

မိမိလူသုံးယောက် အခြေအနေ မကောင်းမှန်းသိသော အခါ ကျန်တစ်ယောက်က ဒေါသတကြီးဖြင့် နောက်မှ ဓားဖြင့်မိုးခုတ်ရာ မောင်အောင်က ဓားချက်ကို လွတ်အောင် ရှောင်ပြီး ရင်းဓားချက်နှင့်ပင် မိမိကိုင်ထားသော ဝါးတုတ်ကို အဖျားခတ်ကာ ချွန်လိုက်ပြီး ဝါးချွန်ကို တစ်ပတ်လှည့်သည်။

ထို့နောက်...

မိမိချိုင်းကြားထဲမှ ထိုးသွင်းပြီး နောက်မှ အရှိန်နှင့် ဝင်လာသော ရန်သူ၏ရင်ဝ,ကို ထိုးသွင်းလိုက်သည်။

"ဒုတ်..."

"အင့်..."

ခနဲ ညည်းညူသံတစ်ချက်သာ ကြားလိုက်ရပြီး မြေပေါ်သို့ လဲကျသွားလေတော့သည်။

"ဟာ... ဇော်လန်းကို ငအောင် သတ်လိုက်ပြီဟေ့"

"ဟင်..."

စောစောက ရန်သူသုံးယောက်ဆီမှ အသံကြားရသောအခါ မောင်အောင် များစွာအံ့ဩမှုဖြစ်လျက် လဲနေသူ၏ မျက်နှာပေါ်မှအဝတ်ကို ဖယ်လိုက်သောအခါ လရောင် တစ်စွန်းတစ်စနှင့် ဇော်လန်းမျက်နှာကို တွေ့လိုက်ရလေတော့သည်။

"ဟင်... ဇော်လန်း"

ဇော်လန်းမှာ ပါးစပ်တွင်းမှ သွေးများကျကာ အသက်ပျောက်နေချေပြီ...။

ထိုအခိုက်မှာပင် ကျန်သုံးယောက်တို့က...

"ငအောင်... ဇော်လန်းကိုသတ်လိုက်ပြီ၊ ငအောင် ဇော်လန်းကို သတ်လိုက်ပြီ"

ဟု အော်ဟစ်ပြောဆိုကာ ရွာထဲသို့ ပြေးသွားကြလေတော့သည်။

မောင်အောင် များစွာစိုးရိမ်ပူပန်မှု ဖြစ်သွားလေသည်။

"အင်း... ငါက သတ်ချင်လို့ သတ်ရတာမဟုတ်ဘူး ငါ့အသက်ကိုရန်ရှာလို့ ကာကွယ်ရင်း အခုလိုဖြစ်ရတာပဲ၊





ဒါပေမယ့် အမှောင်ထဲမှာဖြစ်တာဆိုတော့ ငါပြောတာကို ယုံချင်မှ ယုံကြမယ်၊ ငါ အိမ်ကို အမြန်ဆုံးပြန်မှဖြစ်မယ်"

ဟု စိတ်ကူးပြီး မိမိအိမ်သို့ရောက်အောင် ပြန်ခဲ့သည်။

အိမ်ပေါ်သို့ရောက်သောအခါ ဦးစိတ္တနှင့် ဒေါ်မယ်ခတို့ နှစ်ယောက်စလုံးကို တိုင်မှာကြိုးများဖြင့်တုပ်ထားကာ တစ်အိမ်လုံးရှိ ပစ္စည်းများမှာလည်း ပြန့်ကျဲလျက်ရှိသည်။

မောင်အောင်က ကြိုးများကို အလျင်အမြန် ဖြေပေးလိုက်သည်။

"အဘ... ဘယ်လိုဖြစ်ကြတာလဲဟင်"

"မပြောတတ်တော့ပါဘူး လူကလေးရယ်၊ အဝတ်နက်တွေ ခြုံထားတဲ့ လူဆိုးတွေ အိမ်ပေါ်ကိုတက်လာပြီးတော့ ကျောက်အမြုတေနှင့် ကျောက်လက်ဝါး ဘယ်မှာထားသလဲလို့ အတင်းမေးကြတော့တာပါပဲ၊ အဘတို့က မပြောတာနဲ့ နှိပ်စက်ပြီးတော့ အခုလို ကြိုးနဲ့တုပ်ထားခဲ့တာပါပဲကွယ်"

ဟု ဦးစိတ္တက ပြောပြသည်။

ဒေါ်မယ်ခက မောင်အောင်ကိုယ်ပေါ်မှာ စွန်းနေသော သွေးများကို သတိပြုမိသွားပြီး...

"သား... ဘယ်ကပြန်လာတာလဲ၊ ဘာတွေဖြစ်လာတာလဲဟင်... တစ်ကိုယ်လုံးမှာလည်း သွေးတွေစွန်းနေပါလား"

ဟု စိုးရိမ်တကြီး မေးလေသည်။

"ကျွန်တော် လမ်းမှာ အမေတို့ကို နှိပ်စက်သွားတဲ့ လူဆိုးတွေနဲ့ တွေ့ခဲ့တယ်"

ဟု အကြောင်းစုံ ပြောပြလိုက်လေသည်။

"ဟင်... ဒါဖြင့် ငါ့သား လူသတ်မိခဲ့ပြီပေါ့"

"ဟုတ်တယ်အဘ... ကျွန်တော့်အသက်ကို ရန်ရှာလို့ ကာကွယ်ရင်းနဲ့ လူသတ်ခဲ့မိတယ်"

"ကိုစိတ္တ... ဘယ်လိုလုပ်ကြမလဲဟင်၊ ဒီလိုဆိုရင် ကျုပ်သားလေး ရာဇဝတ်သင့်ပြီပေါ့"

"မယ်ခကလည်းကွာ... ဘာကြောင့် ဒီလောက်သောက တွေ ဖြစ်နေရတာလဲ၊ ယောကျ်ားဆိုတာ ဒီလိုအဖြစ်မျိုးတွေနဲ့ တစ်နေ့မဟုတ် တစ်နေ့၊ တစ်ကွေ့မဟုတ် တစ်ကွေ့ တွေ့ကြ မှာပဲ၊ အေး... အရေးကြီးတာက ကိုယ့်ကို အကြောင်းမဲ့ စော်ကားလာရင် ခေါင်းငုံ့မခံဘဲ ယောကျ်ားပီပီ ပြန်လည် တုံ့ပြန်နိုင်ဖို့ပဲ၊ အခုကိစ္စမှာ ငါ့သားဘက်ကမှန်တယ်၊ ရန်သူကို လက်ဖြောက်အရှုံးပေးလိုက်ရင် ရန်သူက ကိုယ့်ကိုသတ်ပစ် မှာပဲ...။

"ဒီတော့ အသက်သေတာနဲ့စာရင် ကိုယ့်ကို စော်ကား လာတဲ့ ရန်သူကိုသတ်ပြီး ဖြစ်လာသမျှ ရင်ဆိုင်ဖြေရှင်းတာ အကောင်းဆုံးနဲ့ အမှန်ဆုံးပဲ"

ဟု ဦးစိတ္တက မေးရိုးကြီးများ ထောင်ထ,လာသည် အထိ အံကြိတ်ကာ ပြောလိုက်လေသည်။





"အဲဒါတွေ ထားပါတော့... အခု ကျုပ်တို့ဘယ်လို လုပ်ကြရင် ကောင်းမလဲဟင်"

ဒေါ်မယ်ခက ထပ်မေးသည်။

ဦးစိတ္တက အတန်ကြာအောင် စဉ်းစားနေပြီးမှ...

"အခုနေ အကောင်းဆုံးလုပ်ရမှာကတော့ ပုလိပ်တွေ မလာခင် ငါ့သား တစ်နယ်တစ်ကျေးကို လွတ်အောင် ရှောင် ပြေးဖို့ပဲ"

ဟု ဆို့နင့်သောလေသံနှင့် ပြောလိုက်သည်။

"အို... ဒီလိုလုပ်လို့ ဖြစ်ပါ့မလားဟင်..."

"အခုအခြေအနေက ဒီနည်းက အကောင်းဆုံးပဲ မယ်ခ၊ အင်္ဂလိပ်အစိုးရက ဥပဒေဆိုတာ သူတို့ပါးစပ်ထဲမှာပဲ ရှိတာ၊ မင်းသားကို ဖမ်းမိသွားရင် ကြိုးပေးသတ်ရုံကလွဲပြီး အခြားနည်းလမ်းရှိမှာ မဟုတ်ဘူး။ အဲသည်လိုဆိုရင် မင်း သူ့ကို တစ်သက်လုံး ပြန်တွေ့ရတော့မှာ မဟုတ်ဘူး"

"အို... တော်ကလည်း... နိမိတ်မရှိ နမာမရှိ စကား တွေ"

"ငါက မှန်တဲ့စကားကိုပြောနေတာပါ၊ သူ ဘယ်နေရာ မှာပဲရောက်ရောက် အသက်ရှင်လျက်နဲ့ ရှိနေသေးတယ်ဆိုရင် တော့ တို့တစ်တွေ ပြန်တွေ့နိုင်ဖို့ မျှော်လင့်ချက်ရှိသေးတာပဲ"

ဒေါ်မယ်ခထံမှ ရှိုက်သံမှလွဲပြီး အခြားကန့်ကွက်ပြောဆို သံများ မကြားရတော့ပေ။

ဦးစိတ္တက မောင်အောင်ဘက်သို့ လှည့်ပြီး…

"ငါ့သား… ယောကျ်ားဆိုတာ လုပ်ရဲရင် စွန့်စားရဲရမှာပေါ့၊ အချိန်ရှိတုန်း မင်း ဒီနယ်က လွတ်အောင်သာ ပြေးပေတော့၊ အနယ်နယ် အရပ်ရပ်မှာ အဖေတို့ တော်လှန်ရေးသမားတွေရှိတယ်၊ သူတို့နဲ့တွေ့ရင် အဖေ့နာမည်ကိုသာ ပြောလိုက်၊ မင်းကို အစစအရာရာ အကူအညီပေးကြလိမ့်မယ်… ဘာမှအားမငယ်နဲ့"

"ကျွန်တော် မကြောက်ပါဘူးအဘ… အဘပြောတဲ့အတိုင်း သွားပါမယ်၊ ဒါပေမယ့် ကျောက်လက်ဝါးနဲ့ ကျောက်အမြူတေကို ဒီမှာထားခဲ့ရမှာလား"

"မထားခဲ့နဲ့… ဒီပစ္စည်းတွေက မင်းနဲ့ထိုက်လို့ မင်းရခဲ့တာ၊ မင်းယူသွားပေတော့"

ဟု ပြောသဖြင့် မောင်အောင်လည်း ကျောက်လက်ဝါးနှင့် ကျောက်အမြူတေကို သေချာစွာထုပ်၍ အိတ်တစ်ခုအတွင်းသို့ ထည့်သည်။ ဦးစိတ္တက ငင်းကိုင်သော ဓားတစ်လက်ကို ပေးသည်။

"ကျွန်တော်သွားတော့မယ် အဘ… အဘနဲ့ အမေတို့ကို ရိုသေစွာကန်တော့ခဲ့ပါတယ်"

ဟု ပြောဆိုကာ ကန်တော့သောအခါ မိခင်နှင့်ဖခင်တို့က ဘေးအန္တရာယ်များ ကင်းဝေးစေကြောင်း ဆုတောင်းမေတ္တာများ ပို့ပေးကြသည်။





"သွားတော့မယ် အဘ"

"အေး… ငါ့သားလေး လိုအင်ဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံပြီး ဘေးဥပဒ်အန္တရာယ်များ ကင်းစင်ပါစေတော့ကွယ်"

"မင်း အခုသွားရင် ဆရာတော်ကို အကျိုးအကြောင်း ဝင်ပြောပြသွားဦး၊ ကြားလား…"

"ဟုတ်ကဲ့… အဘ"

ဟု ပြောကာ မိဘနှစ်ပါးကို နှုတ်ဆက်၍ အမှောင်ထဲသို့ ထွက်လာခဲ့လေသည်။

သူ့ရင်ထဲမှာတော့ နန်းရွှေရည်ကို အကျိုးအကြောင်း ပြောပြကာ နှုတ်မဆက်ခဲ့ရသဖြင့် စိတ်မကောင်း ဖြစ်နေလေသည်။

သို့သော်…

အခြေအနေက မပေးတော့ပေ။

သူ ကျောင်းသို့ရောက်သွားတော့ ဆရာတော်ကြီးက ကျောင်းပေါက်ဝ၌ ထွက်စောင့်နေသည်ကို အံ့ဩစွာတွေ့ရသည်။

သူ ရောက်သွားတော့ ကျောင်းအတွင်းခန်းသို့ ခေါ်သွားသည်။

သူက ဆရာတော်ကြီးကို ကန်တော့လိုက်ပြီး…

"အရှင်ဘုရား… တပည့်တော်ရောက်လာမှာကို ကြိုသိလို့များ စောင့်နေတာလား ဘုရား"

ဟု လျှောက်ထားလိုက်သည်။

"အေး...ဟုတ်တယ်၊ ငါ တရားထိုင်နေရင်းနဲ့ မင်းတို့ ဖြစ်ပျက်နေတာတွေကို အာရုံထဲမှာ ပေါ်လာလို့ ထွက်စောင့်နေတာ"

မောင်အောင်က ဖြစ်သမျှအကြောင်းကို လျှောက်ထားလိုက်သည်။

"လောကဓံတရားဆိုတာ ဒီလိုပဲ... ကိုယ်ဖြစ်ချင်တာကို ဖြစ်တာထက် သူဖြစ်ချင်တာကိုသာ ဖြစ်နေတာ၊ ကံကြမ္မာစက်ဝိုင်းရဲ့ ဖန်တီးရာအတိုင်း သွားကြရမှာပဲ...

"လောကမှာ စိတ်ညစ်စရာတွေ့လို့ ထိုင်ပြီးစိတ်ညစ်နေရင် လူမိုက်ပဲ၊ အဲဒီ စိတ်ညစ်စရာတွေကို ဥပေက္ခာပြုနိုင်ပြီး စိတ်ချမ်းသာမှုကို ရအောင်ရှာနိုင်မှ လူတော်လူကောင်းဖြစ်မယ်"

"မှန်လှပါ ဘုရား"

"မင်းကို ဥပမာတစ်ခု ပေးလိုက်မယ်၊ မိုးမရွာလို့ ရေမရ တာကို ထိုင်ပြီးစိတ်ညစ်နေမယ့်အစား ရေဘယ်လိုနည်းနဲ့ ရနိုင်မလဲလို့ ကြံဆတွေးတောနိုင်မှ စိတ်ချမ်းသာမှုရသလိုပေါ့၊ ဒီလိုအဖြစ်မျိုးတွေဆိုတာ ကိုယ်တစ်ယောက်တည်း ကွက်ပြီး ဖြစ်နေတာမဟုတ်ဘူး။ လောကကြီးရဲ့ နေရာ အတော်များများမှာ ဒီလိုဖြစ်ပျက်နေတဲ့ အဖြစ်၊ အပျက်တွေ အများကြီးရှိနေတယ်ဆိုတာကို စဉ်းစားလိုက်ရင် စိတ်ရဲ့ထွက်ပေါက်တစ်ခု ရလိမ့်မယ်"





"တပည့်တော် မှန်တဲ့ဘက်ကရပ်တည်ရရင် ဘယ်လိုအဖြစ်မျိုးတွေနဲ့ ကြုံတွေ့ရ၊ ကြုံတွေ့ရ စိတ်ဓာတ်မကျပါဘူး ဘုရား။ တပည့်တော် အဆိုးထဲကနေ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါ့မယ် ဘုရား"

"အေး... ဒီလိုစိတ်ထားမျိုးရှိတာ ယောကျ်ားကောင်းတွေရဲ့ အလုပ်ပဲ၊ ဒါထက် ကျောက်အမြုတေရော ယူသွားသလား"

"ကျောက်အမြုတေနဲ့ ကျောက်လက်ဝါးကို တပည့်တော် ယူသွားပါ့မယ် ဘုရား"

"အေး... ကောင်းတယ်၊ ရောက်တဲ့အရပ်မှာ ဒီပစ္စည်းတွေနဲ့ အများကောင်းကျိုးကို သယ်ပိုးနိုင်အောင် ကြိုးစားပေတော့"

"တပည့်တော် ဆောင်ရွက်ပါ့မယ် ဘုရား"

မောင်အောင်သည် ဆရာတော်ကြီးအား ရှိသေစွာ ကန်တော့ပြီးနောက် ကျောင်းပေါ်မှ ဆင်းခဲ့လေသည်။

အမှောင်ထုက ဖုံးလွှမ်းထားနေဆဲပင်...။

သို့သော်...

အရှေ့ဘက်မှာတော့ အရုဏ်ဦးအလင်းရောင်အချို့က ထိုးထွက်စ ပြုလာချေပြီ။

"နေရစ်ခဲ့တော့ ချစ်သူရယ်...။

## အခန်း(၁၂)

## စေတုတ္တရာတိုက်ပွဲ

နောက်တစ်နေ့ နေ့လယ်ဘက်အချိန်တွင် စေတုတ္တရာမှ ရာဇဝတ်အုပ်နှင့် ပုလိပ်များ ရောက်လာကြသည်။

သူတို့သည် ဇော်လန်းကို ဓါးချွန်ဖြင့်ထိုးသတ်သွားသော မောင်အောင်ကို ဖမ်းဆီးရန် ရောက်လာကြခြင်းဖြစ်သည်။

သူတို့သည် လက်နက်များကို အဆင်သင့်ကိုင်ဆောင်ကာ ဦးစိဗ္ဗတို့အိမ်သို့ သွားရောက်ရှာဖွေကြသည်။

"ခင်ဗျားသား... ငအောင် ဘယ်မှာလဲ"

"ကျုပ်မသိဘူး"





"လူသတ်မှုကျူးလွန်တယ်ဆိုတာ ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာ သိတယ်မဟုတ်လား။ တကယ်လို့ သိလျက်သားနဲ့ ဖွင့်မပြောရင် ခင်ဗျားတို့ကိုပါ အရေးယူလို့ရတယ်ဆိုတာ သိရဲ့လား"

"တကယ်မသိလို့ မသိဘူးလို့ ပြောတာပါ ရာဇဝတ်အုပ်မင်းရယ်"

ဒေါ်မယ်ခကပါ ဝင်ပြောသည်။

"ငအောင်ဆိုတာ တစ်ခါက ကျုပ်တို့လာစစ်သွားတဲ့ ကျောက်တုံးနဲ့ ဆေးကုပေးတဲ့ ကောင်လေးလား"

"ဟုတ်ပါတယ်"

"ဒီကောင်လေးက ဇ,တော့ မသေးလှဘူး။ သူ့ရှိတဲ့နေရာကို သတင်းရရင် ကျုပ်တို့ဆီကို အမြန်ဆုံး အကြောင်းကြားပေးပါ... ကြားလား"

ရာဇဝတ်အုပ်က လေသံမာမာဖြင့် ပြောလိုက်သော်လည်း ဦးစိဗ္ဗက ဘာမှပြန်မပြောပေ။

စိတ်ထဲမှာတော့...

"ကိုယ့်သားသမီးကို ကြီးစင်ပို့တဲ့မိဘ ဒီလောကမှာ တစ်ယောက်မှ မရှိဘူးဆိုတာ မြဲမြဲမှတ်ထားကြပေါ့"

ဟု ရေရွတ်လိုက်သည်။

ရာဇဝတ်အုပ်နှင့် ပုလိပ်များ ပြန်သွားသောအခါ နန်းရွှေရည် ရောက်လာသည်။

"အဘ … ကိုအောင် ဘယ်ကိုသွားတာလဲဟင်"

"လောလောဆယ်တော့ အဘလည်း သူသွားမယ့်နေရာကို မသိရသေးပါဘူး မိန်းကလေးရယ်၊ တကယ်လို့ သူနဲ့ အဆက်အသွယ်ပြန်ရ ရချင်း မိန်းကလေးကို အသိပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အဘရယ်"

ဟု ပြောဆိုကာ မျက်ရည်ကလေးစမ်းစမ်းနှင့် ပြန်သွားလေတော့သည်။ ထိုအချိန်တွင် မောင်အောင်ကတော့ ရှိုင်ပြည်နယ်စပ်ဘက်တွင် စခန်းချနေသော ဦးဖန်ကောင်းတို့ တော်လှန်ရေးသမားများဆီသို့ ရောက်သွားလေသည်။

ဦးဖန်ကောင်းမှာ ဦးစိတ္တနှင့် တော်လှန်ရေး လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်ရုံမက အချင်းချင်း အဆက်အသွယ်ရှိသူလည်း ဖြစ်ပေသည်။

မောင်အောင်က အကျိုးအကြောင်း ပြောပြသောအခါ ဦးဖန်ကောင်းက…

"ဒီမှာတော့ ဘာမှအားနာစရာမရှိဘူး။ စိုးရိမ်စရာမရှိဘူး။ စိတ်ချမ်းသာသလိုသာ နေပေတော့…

"မင်းအဘရော နေကောင်းရဲ့လား"

"ဟုတ်ကဲ့… ကောင်းပါတယ်"

"ဦးစိတ္တနဲ့ ငါနဲ့က သွေးသောက်ရဲဘော်တွေပဲ၊ မင်းရောက်လာတော့ တို့အတွက် ပိုကောင်းတာပေါ့၊ တို့မြေပေါ်ကို မတရားလာပြီး သိမ်းပိုက်ထားတဲ့ မျက်နှာဖြူတွေကို





တွန်းလှန်တဲ့နေရာမှာ မင်းတို့လို လူငယ်တွေရဲ့ အားတွေ အများကြီးလိုတယ်"

ဟု ပြောပြကာ မောင်အောင်ကို ၎င်းတို့စခန်းမှာပင် ခေါ်ထားသည်။ မောင်အောင်လည်း ထိုစခန်းရောက်ကတည်းက မိမိမှာပါလာသော ကျောက်အမြုတေနှင့် ကျောက်လက်ဝါး အကြောင်းကို မည်သူ့ကိုမှ မပြောတော့ဘဲ လျှို့ဝှက်စွာ ထားလေသည်။

ဦးဖန်ကောင်းတို့အဖွဲ့မှာ လူပေါင်းတစ်ရာကျော် နှစ်ရာခန့် ရှိသော အင်အားကြီးသည့် တော်လှန်ရေး တပ်ဖွဲ့ကြီး ဖြစ်သည်။

သူတို့သည် တစ်စုတစ်ဝေးတည်း နေထိုင်ကြသည် မဟုတ်ဘဲ ပြောက်ကျားအသွင် နေထိုင်ကြကာ အကြောင်းရှိမှ ပေါင်းဆုံကြခြင်းဖြစ်သည်။

စွန်တောင်တစ်ပိုက်ကို ခြေကုပ်ယူထားသော သူတို့အဖွဲ့ကို အင်္ဂလိပ်မျက်နှာဖြူ စစ်သားများက ကြောက်ရွံ့ကြသည်။

တောထဲတောင်ထဲမှ လျှပ်တစ်ပြက်ထွက်လာပြီး တိုက်ခိုက်ကြကာ ပြီးလျှင် ဘယ်ပျောက်သွားမှန်း မသိတော့ပေ။

လိုက်ရှာလျှင်လည်း မတွေ့ရပေ။

တောထဲ တောင်ထဲ ဝင်လိုက်သွားပြန်လျှင်လည်း ၎င်းတို့ထောင်ထားသော ထောင်ချောက်များ။ ညှောင့်ကျင်းများ။ သုတ်ကိုင်းများပိကာ သေကြေပျက်စီးကြရပြန်သည်။

သို့ကြောင့်...

မျက်နှာဖြူစစ်သားများက ၎င်းတို့အား 'ကိုယ်ပျောက်မိစ္ဆာကောင်'တွေဟု ကင်ပွန်းတပ်ထားကြသည်။

၎င်းတို့အဖွဲ့သည် မြောက်သို့လားသော် ပုံတောင်ပုံညာ၊

တောင်သို့လားသော် မကွေးနယ်အထိ၊

အရှေ့ဘက်တွင် ပုဂံ-ညောင်ဦး နယ်အထိဆင်းကာ မျက်နှာဖြူများအား တိုက်ခိုက်ကြသည်။

မောင်အောင်မှာလည်း အရွယ်နှင့်မမျှ တိုက်ရည်ခိုက်ရည် ကောင်းသူဖြစ်ရုံမက ဖခင်ဘက်မှ ဗိုလ်သွေးပါသူဖြစ်သောကြောင့် ဦးဇန်ကောင်းတို့နှင့် လက်တွဲကာ မျက်နှာဖြူနယ်ချဲ့များအား ရွပ်ရွပ်ချွံချွံ တိုက်ခိုက်လေသည်။

တိုက်ပွဲနားသော ညအချိန်များတွင် စခန်းအပြင်ဘက်သို့ထွက်ကာ တစ်ယောက်တည်း ထိုင်ကာ အတွေးနယ်ချဲ့နေလေသည်။

ညဘက် လသာသော ရက်များတွင် ၎င်းတို့စခန်းမှ အနောက်ဘက်သို့ မျှော်ကြည့်လိုက်လျှင် ပေပေါင်း ၆၅၂၇ ပေ အမြင့်ရှိသော စွန်တောင် တောင်တန်းကြီးများကို-လှမ်းမြင်နိုင်ပေသည်။

တောင်ဦးစွန်းတွင် နှင်းဖြူများ ဖုံးအုပ်လျက်ရှိသော တောင်တန်းကြီးများကို လှမ်းမျှော်ကြည့်ရသည်မှာ လွမ်းဆွတ်ဖွယ်ရာ ဖြစ်သည်။





ထိုအချိန်မျိုးတွင် ရွာမှာကျန်ရစ်ခဲ့သော မိခင် ဖခင်တို့အား လည်းကောင်း၊

ချစ်ရသော နန်းရွှေရည်အား လည်းကောင်း များစွာအောက်မေ့ သတိရမှုဖြစ်မိလေသည်။

"အင်း... အခုအချိန်လောက်ဆိုရင် ရွှေရည် တစ်ယောက် ငါ့ကိုလွမ်းနေရှာရော့မယ်၊ ငါ့မှာသာ ငှက်တွေလို အတောင်ပံပါခဲ့လျှင် အခုချက်ချင်း ရွှေရည်ဆီကို ပြေးသွားလိုက်ချင်ပါရဲ့...

ဒါပေမယ့်... အခြေအနေ မပေးတော့လည်း အနေဝေးနေရဦးမှာပေါ့ ရွှေရည်ရယ်...။

ဟုသာ တစ်ယောက်တည်း ဖြေသိမ့်နေရလေသည်။

တစ်နေ့သောအခါ စေတုတ္တရာဘက်မှ တော်လှန်ရေးတပ်သားတစ်ယောက် ရောက်လာသည်။

ထိုသူမှာ ဦးစိတ္တတို့နှင့် အဆက်အသွယ်ရှိသော တပ်သားတစ်ဦးဖြစ်လေသည်။

"ဘာသတင်းထူးလဲ အောင်ခင်"

"သတင်းထူးတယ် ဆရာကြီး... ကျားဖြူတောင်ရွာက ဦးစိတ္တတို့အားလုံးကို မျက်နှာဖြူစစ်သားတွေက ဝင်ဖမ်းသွားကြပြီ ဆရာကြီး"

ထိုသတင်းကြောင့် မောင်အောင်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ဘာအတွက် ဖမ်းတာတဲ့လဲ"

"သူတို့ကို ပြောက်ကျားတော်လှန်ရေးအဖွဲ့ဝင်တွေမှန်း သိသွားကြတယ်၊ နောက်တစ်ချက်က အရင်က အင်္ဂလိပ်စစ်သားတွေ အုပ်စုလိုက် ပျောက်သွားတဲ့ကိစ္စတွေဟာ ဦးစိတ္တတို့ လက်ချက်တွေမှန်း သိသွားကြပြီ"

"ဟင်… ဒီသတင်းသာမှန်ရင်တော့ လွတ်လမ်းမရှိနိုင်တော့ဘူး၊ ဒါ့ထက် ဘယ်သူတွေ ပါသွားသေးလဲ"

"ဦးဒီပတို့ရော၊ ကျန်တဲ့ရွာသူရွာသား အတော်များများကိုပါ ဖမ်းခေါ်သွားကြတယ်"

"သူတို့ကို ဘယ်မှာထားသတဲ့လဲ… သတင်းကြားသလား"

"စေတုတ္တရာနားက ခံတပ်စခန်းတစ်ခုမှာ ချုပ်ထားတယ်လို့ သတင်းကြားရတယ်၊ မကြာခင် ခုံရုံးတင်စစ်လို့ အမှုမှန်ပေါ်ရင်တော့ သတ်ပစ်မှာ သေချာတယ်"

ဦးဖန်ကောင်းက အတန်ကြာအောင် မျက်မှောင်ကျုံ့လျက် စဉ်းစားနေလေသည်။

အနီးမှ… အခြေအနေကို စောင့်ကြည့်နေသော မောင်ခံအောင် ရင်ထဲမှာတော့ ဗလောင်ဆူလျက် ရှိနေတော့သည်။

"ဘယ်လိုလုပ်ကြမလဲ ဆရာကြီး"





"တခြားလမ်း ရွေးစရာမရှိပါဘူး၊ တို့အဖွဲ့သားတွေကို အမြန်ဆုံး ကယ်တင်နိုင်အောင် ကြိုးစားရမှာပေါ့"

ထိုသို့ဆုံးဖြတ်ပြီးနောက် ဦးဖန်ကောင်းက မိမိအဖွဲ့သားများကို ဆက်သွယ်စုရုံးစေပြီး အခြေအနေကို ပြောပြလိုက်သည်။ အဖွဲ့သားများကလည်း အမြန်ဆုံး သွားရောက်ကယ်တင်ရန် တိုက်တွန်းကြလေသည်။

"အမှန်တရားဘက်က ရပ်တဲ့လူတွေဟာ ဒီအတိုင်း သူတစ်ပါးသတ်တာ ခေါင်းငုံ့ခံပြီး သေတာနဲ့စာလျှင် တိုက်ရင်းခိုက်ရင်း သေတာက ပိုပြီးမြတ်တယ်၊ ငါတို့ရဲဘော်တွေကို ဒီအတိုင်းတော့ မျက်နှာဖြူတွေ သတ်တာကို မခံနိုင်ဘူး၊ ဖြစ်တဲ့နည်းနဲ့ ဝင်တိုက်မယ်၊ မရ,ရအောင် ကယ်တင်ရမယ်"

"ကောင်းတယ် ဆရာကြီး"

ဤသို့ဖြင့်…

စေတုတ္တရာခံတပ်စခန်းကို လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ရန် တိုင်ပင်ဆွေးနွေးကြသည်။

နယ်မြေအနေအထား…

ဝင်လမ်းထွက်လမ်းများနှင့် ထွက်ပေါက်များကို အရင်ဆုံး လေ့လာမှတ်သားပြီး တပို့တွဲလကွယ်နေ့တွင် ဝင်ရောက်တိုက်ခိုက်ကြရန် တိုင်ပင်ကြလေသည်။

ဦးဖန်ကောင်းတို့အဖွဲ့၌ လူနှစ်ရာခန့်ရှိပြီး ကျားဖြူတောင်ဘက်မှ လျှို့ဝှက် ပြောက်ကျားများနှင့် ပေါင်းလိုက်သောအခါ

လူပေါင်း သုံးရာကျော် လေးရာနီးပါးရှိသော တပ်ကြီးတစ်တပ် ဖြစ်သွားလေသည်။

ဂုင်းတို့အဖွဲ့တွင် မီးပေါက်သေနတ်၊ ဓား၊ လှံ၊ လက်နက်များအပြင် အစိက အားကိုးအားထားပြုသော လက်နက်မှာ အဆိပ်လူးမြားများပင် ဖြစ်သည်။

လင့်လေး၊ ဒူးလေးများဖြင့် ပစ်ခတ်သော အဆိပ်လူးမြားတံများတွင် ထိသေအဆိပ်၊ တစ်ခွေ့ခုန်အဆိပ်များ၊ လောင်မီးအဆိပ်များ သုတ်ထားသောကြောင့် သွေးစို့ရုံနှင့် တုံးခနဲလဲကျ သေဆုံးသွားနိုင်သည်။

သေနတ်ကျည်ဆန်ကမှ သေကွင်းသေကွက် ချက်ကောင်း မထိလျှင် အသက်ရှင် နေနိုင်သော်လည်း ထိသေအဆိပ်မြားကတော့ ဘယ်နေရာထိထိ သွေးစို့ရုံနှင့် သေဆုံးနိုင်သည်။

တပို့တွဲလကွယ်နေ့ ရောက်သောအခါ အရပ် လေးမျက်နှာဘက်မှ တပ်ဖြန့်ကာ စေတုတ္တရာဘက်သို့ ချီတက်လာခဲ့ကြလေသည်။

စေတုတ္တရာသို့ ချီတက်ရာတွင် ရွှေစက်တော် သစ်တောများဘက်မှသော်လည်းကောင်း၊

မြောက်ဘက် နယ်တစ်ကြောမှသော်လည်းကောင်း ကထာန်းလက်မ သဏ္ဍာန် လျှို့ဝှက်စွာ တက်သွားကြလေသည်။





နွေရာသီဖြစ်သောကြောင့် လရောင်မရှိသော်လည်း ကောင်းကင်ပြင်မှာ ထွန်းလင်းနေသော ကြယ်ရောင်အချို့ကြောင့် အခက်အခဲမရှိ ချီတက်နိုင်ကြသည်။

မျက်နှာဖြူစစ်သားများ တပ်စွဲထားသော နေရာမှာ စေတုတ္တရာ၏ အနောက်ဘက်ယွန်းယွန်းတွင် ဖြစ်သည်။

တောင်ကုန်းတစ်ခုပေါ်မှာ မြေကတုပ်ကျင်းများ ကာရံပြီး အတွင်း၌ အဆောက်အအုံများ ရှိသည်။

အနောက်ဘက်မှာတော့ အုတ်မြို့ရိုးကဲ့သို့ ကာရံထားပြီး အပေါ်မှာ ကင်းတဲရှိသည်။ ကင်းတဲမှာ လေးဖက်လေးတန် ကာရံထားပြီး ဘေးနံရံမှာ အပေါက်များရှိသည်။

ထိုနေရာမှာ တောင်ကုန်း၏ အမြင့်ဆုံးနေရာဖြစ်သောကြောင့် အရပ်လေးမျက်နှာကို လှမ်းမြင်နိုင်သော အဓိက နေရာလည်းဖြစ်သည်။

ထိုခံတပ်နှင့် မလှမ်းမကမ်းတွင် တောင်သရက်ပင်ကြီး တစ်ပင်ရှိသည်။

ထိုသရက်ပင်ကြီးအောက်မှာ လူအချို့ ရှိနေကြသည်။

မောင်အောင်နှင့် တော်လှန်ရေး လူငယ်အချို့ပင်ဖြစ်ကြသည်။

သူတို့သည် တောင်သရက်ပင်ကြီးအောက်ရှိ အမှောင်ရိပ်ကိုခိုကာ အခြေအနေကို အကဲခတ်ကြည့်နေကြသည်။

ခံတပ်ဝန်းတစ်ခုလုံးမှာတော့ မည်းမှောင်နေကာ တိတ်ဆိတ် ငြိမ်သက်လျက်ရှိနေသည်။

မောင်အောင်တို့အဖွဲ့သည် အမှောင်ရိပ်မှ ကွယ်ကာ တောင်သရက်ပင်မှ ကင်းတဲအောက်သို့ ရောက်အောင် လျှို့ဝှက်သွားကြလေသည်။

ခံတပ်နံဘေး ရောက်သွားသည်အထိတော့ မည်သည့် အနှောင့်အယှက်မှ မတွေ့ရသေးပေ။

ကင်းတဲမှာ ခံတပ်စည်းရိုးအပြင်ဘက်မှာ သီးသန့် ဆောက်ထားသည်။

တောင်စောင်းမှာ အနိမ့်အမြင့်ဖြစ်သောကြောင့် ခံတပ်နှင့် ဆက်စပ်လျက်ရှိသော နေရာဘက်မှာ ပေနှစ်ဆယ်လောက် သာ အမြင့်ရှိသည်။

သို့ကြောင့်...

အနိမ့်ဆုံးနေရာသို့ရောက်အောင် သွားကာ တစ်ယောက် ပခုံးပေါ် တစ်ယောက်တက်၍ အပေါ်ရောက်အောင် တက် သည်။

အပေါ်သို့ ရောက်သောအခါ ကင်းတဲအနီး ကပ်၍ ကြည့်သောအခါ အတွင်းမှာ ပန်ချာပီ စစ်သားနှစ်ယောက် တမာဂူ ရှူသောဆေးတံကို တစ်ယောက်တစ်လှည့်စီ ရှူနေ ကြသည်။

မောင်အောင်နှင့် လူသုံးယောက်တို့က စေ့ထားသော တံခါးပေါက်မှ အတွင်းသို့ဝင်ကာ ဆေးခြောက်မှူးနေသော အစောင့်နှစ်ယောက်ကို သုတ်သင်ရှင်းပေါင်းလိုက်ကြသည်။





ထို့နောက်...

မိမိလူများကို အချက်ပြလိုက်သောအခါ ခံတပ်အနီး သို့ ကပ်လာကြပြီး လူချင်းဆင့်၍တစ်သွယ်၊ လှေကားထောင်၍ တစ်မျိုး အပေါ်ရောက်အောင် တက်ကြတော့သည်။

အရင်ရောက်နှင့်နေသော မောင်အောင်တို့ တစ်တွေ ကတော့ ခံတပ်အတွင်းသို့ ခုန်ဆင်းသွားကြလေပြီ။

အတွင်းသို့ရောက်သောအခါ အမှောင်ရိပ်များကို ခို၍ ဦးစိတ္တတို့အား ချုပ်နှောင်ထားသော နေရာကို လိုက်လံ ရှာဖွေကြရာ ခံတပ်အဝန်းမှာ သိပ်မကျယ်လှသောကြောင့် အစောင့်များကို သုတ်သင်ရှင်းလင်း၍ တံခါးကိုဖျက်ရန် ကြိုးစားနေစဉ်မှာ အခြားအစောင့်များက တွေ့သွားသောကြောင့် သေနတ်ဖြင့် ပစ်ခတ်ရာမှ တိုက်ပွဲများ ဖြစ်သွားကြလေတော့ သည်။

တိတ်ဆိတ်နေသောအချိန်တွင် သေနတ်ပစ်သံ၊ အော် သံ၊ ဟစ်သံ၊ ကြိုးဝါးသံများဖြင့် ဆူညံသွားလေတော့သည်။

မောင်အောင်တို့ တစ်တွေကလည်း ဝင်လာသောရန်သူ များကို ဘိုက်သူကတိုက်၊ အချုပ်တံခါးနှင့် ခံတပ်တံခါးပေါက် များကို ဖွင့်သူကဖွင့်နှင့် ရှုပ်ထွေးလျက် ရှိနေတော့သည်။

ကျန်လူများက ကုလားဖြူစစ်သားများ အနားမလာ နိုင်အောင် ကြိုကြိုခံ၍ တွန်းလှန်နေကြစဉ် မောင်အောင်တို့က အချုပ်ခန်းတံခါးကို ဖျက်ဆီး၍ အထဲဝင်သွားကြသည်။

အတွင်းမှာတော့ ဦးစိတ္တ၊ ဦးဒီပတို့ အပါအဝင် ကျားဖြူတောင်ရွာတစ်ဝိုက်မှ ရွာသူရွာသား အတော်များများကို တွေ့ရသည်။

"ဟင်… လူကလေး မောင်အောင်"

"အဘ… ဘာမှမဖြစ်ဘူးနော်"

"အဘ… ဘာမှမဖြစ်ပါဘူးကွာ၊ ငါ့သားတို့ ရောက်လာတာ ဝမ်းသာလိုက်တာ"

"ကဲ… အဘ… အချိန်မရှိဘူး။ ကုလားဖြူတွေ နောက်ထပ်ရောက်မလာခင် ကျွန်တော်တို့ အပြင်ထွက်ကြ ရအောင်"

ဟု ပြောကာ အများအပြား ဝင်ရောက်လာသော ကုလားဖြူစစ်သားများကို တရကြမ်းတိုက်ခိုက်၍ အပြင်သို့ ရောက်အောင် ဖောက်ထွက်ကြရလေသည်။

အပြင်မှာရော အတွင်းမှာပါ ကုလားဖြူစစ်သားများနှင့် ဦးဗန်ကောင်း ဦးဆောင်သော မျိုးချစ်တော်လှန်ရေးတပ်သား များတို့၏ တိုက်ပွဲများက ပြင်းထန်နေဆဲပင်။

နှစ်ဖက်စလုံး လူအင်အား လက်နက်အင်အားသုံးကာ တိုက်ခိုက်ကြသောကြောင့် အထိအခိုက် အကျအဆုံးများလ ပေသည်။

ကုလားဖြူစစ်သားများဘက်မှ လက်နက်အင်အား လူအင်အား သာသော်လည်း မောင်အောင်တို့ဘက်မှ မျိုးချစ် စိတ်ဓာတ်က ပိုလေသည်။





ထိုစိတ်ဓာတ်ကြောင့်ပင် မိမိတို့နှင့် လူအင်အားရော လက်နက်အင်အားပါ အဆမတန် ကွာလွန်းသော ကုလားဖြူ နယ်ချဲ့များအား နေရာမရွေး၊ တွေ့မရွေး ခုခံတိုက်ခိုက် ၇ုံကြခြင်းပင် ဖြစ်၏။

၎င်းတို့တိုက်ပွဲမှာ အရုဏ်တက်ချိန်အထိ ပြင်းထန်နေဆဲ ရှိရာ မိုးလင်းချိန်နီးသောအခါ အင်္ဂလိပ်စစ်တပ်များဘက်မှ စစ်ကူတပ်များ ရောက်လာသောကြောင့် ဦးဗန်ကောင်းတို့ အဖွဲ့သားများမှာ တပ်ဖျောက်၊ လူစုခွဲကာ ဆုတ်ခွာကြရ လေသည်။…

# အခန်း (၁၃)

## ထူးဆန်းသော ကိုဇော်ချို

ဖခင်ဖြစ်သူ ဦးစိတ္တတို့အဖွဲ့အား ကယ်တင်နိုင်ခဲ့ပြီး အရေးမလှတော့သဖြင့် ခြေရာဖျောက်ကာ ပြေးခဲ့သော မောင်အောင်သည် စွန်တောင်ဘက်သို့ ရောက်လာခဲ့သည်။

စွန်တောင်သည် ရခိုင်ပြည်နယ် အရှေ့ဘက် နယ်စပ်၌ ရှိပြီး ပေပေါင်း ၆၅၂၇ ပေ မြင့်သော တောင်ဖြစ်သည်။

ထိုအချိန်က လူသူအရောက်အပေါက်နည်းသော နေရာ ဖြစ်ပြီး သဘာဝ သစ်ကြီးဝါးကြီး၊ သစ်ပင်ဝါးပင်တို့ဖြင့် ပြည့်နှက်နေသော တောင်ဖြစ်သည်။





မြေသားနှင့် ကျောက်များ ရောထွေးလျက်ရှိပြီး အများ အားဖြင့်တော့ ကျောက်တုံး ကျောက်တောင်များသာ ရှိသည်။

နယ်ချဲ့စစ်သားများက ပျောက်ကျား တပ်သားများ နောက်သို့ တရကြမ်း လိုက်ကြလေရာ မောင်အောင်တို့ ထွက်ပြေးရာနောက်သို့လည်း ထက်ကြပ်မကွာ လိုက်လာကြ သည်။

စွန်တောင်သို့ရောက်အခါ အဖွဲ့လိုက် မသွားကြတော့ ဘဲ... တစ်ယောက်တစ်နေရာစီ လူစုခွဲကာ သွားကြလေ သည်။ မောင်အောင်၏ ရည်ရွယ်ချက်က ရန်သူများအား စွန်တောင်တစ်ဝိုက်တွင် ခြေရာဖျောက်ခဲ့ပြီး ဖလက်ချောင်းဖျား ဘက်မှပတ်ကာ မြောက်ဦးသို့အရောက် သွားရန်ဖြစ်သည်။

တိုက်ပွဲဖြစ်နေစဉ်မှာပင် ဦးဇန်ကောင်းက... ၊

"တို့အဖွဲ့သားတွေ ရန်သူတွေကို ခြေရာဖျောက်နိုင်ဖို့က ရခိုင်ပြည်နယ်ဘက်ကို သွားတာအကောင်းဆုံးပဲ... အဲဒီမှာ... ဗိုလ်မောင်ပိုင်နှင့် ဗိုလ်တောတို့ ခေါင်းဆောင်တဲ့ မျိုးချစ်တပ်တွေ ရှိတယ်... အဲဒီမှာ သွားပေါင်းပြီး အင်အားပြန်စုကြမယ်"

ဟု မှာကြားခဲ့ခြင်းကြောင့် ရခိုင်ပြည်နယ်ဘက်သို့ ဆင်းရန် ရည်ရွယ်ခြင်း ဖြစ်ပေသည်။

၁၈၈၈ ခုနှစ် ဝန်းကျင်လောက်တွင် ရခိုင်ပြည်နယ်ဘက် တွင် ဗိုလ်မောင်ပိုင်နှင့် ဗိုလ်တောတို့ ဦးဆောင်သည့် ရခိုင် ဗမာအမျိုးသား လှုပ်ရှားမှုများ ပေါ်ထွက်ခဲ့သည်။

ဗိုလ်တောသည် စေတုတ္တရာမြို့သား ဗမာတစ်ဦးဖြစ်ပြီး သူ၏ပြောင်မြောက်သော စွမ်းရည်သတ္တိများကြောင့် မကွေးရာ မင်းသားကိုယ်တိုင် ရခိုင်ဒေသဘက်တွင် စစ်ဗိုလ်အဖြစ် ခန့်ထားခြင်း ခံရသူဖြစ်သည်။

ဗိုလ်တော၏ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ကြောင့် မြို့ဟောင်း ပုသိမ်စခန်း၌ အဖမ်းခံနေရစဉ် သူ၏နယ်ချဲ့ ဆန့်ကျင်ရေး အင်အားစုများ ဖြစ်ကြသော ရခိုင်၊ ဗမာနှင့် ရှမ်းမျိုးချစ် နှစ်ဆယ်ခန့်တို့က ဧပြီလ(၈)ရက် ညဉ့်သန်းခေါင်ယံ အချိန်တွင် ဓားလွတ်များ ကိုသာ ကိုင်ဆောင်၍ မြို့ဟောင်း ပုသိမ်စခန်းကို ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။

ထိုသို့ တိုက်ခိုက်ရာ မြို့ဟောင်း ပုသိမ်စခန်း ကျသဖြင့် ထိုမှလက်နက်များကို ယူဆောင်၍ ဗိုလ်တောကို ခေါ်ဆောင် ကာ မြို့ဟောင်းပုသိမ်စခန်းနှင့် မြို့ကို မီးရှို့လိုက်ကြသည်။

ဧပြီလထဲမှာပင် ရခိုင်မျိုးချစ်များနှင့် ဗြိတိသျှစစ်တပ်တို့ ပလက်ချောင်းဒေသ၌ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်။

ဗိုလ်တော၏ သတင်းကြောင့် အခြားမှ မျိုးချစ် တော်လှန်ရေးသမားများ လာရောက် ပူးပေါင်းကြလေရာ အင်အားကြီးသော တပ်ကြီးတစ်တပ် ဖြစ်ပေသည်။

သို့ကြောင့်...

ဦးဝန်ကောင်းက မိမိတို့ တပ်များကိုလည်း ဗိုလ်တော တပ်နှင့် သွားရောက်ပူးပေါင်းမည့် အကြံနှင့် ရခိုင်နယ်ဘက်သို့ ဆုတ်ခွာခဲ့ရန် မှာကြားခဲ့ခြင်းဖြစ်ပေသည်။





မောင်အောင်သည် ရွှန်တောင်ပေါ်သို့ ရောက်သောအခါ နောက်မှရန်သူများ လိုက်လာခြင်းရှိမရှိ ကြည့်၍ အန္တရာယ် ကင်းသောအခါမှ လျှို့ဝှက်သော ကျောက်ဂူ တစ်ဂူအတွင်းသို့ ဝင်ကာ အမောဖြေရလေသည်။

ထိုအခါမှ တစ်ကိုယ်လုံးပင်ပန်း နွမ်းနယ်မှုကြောင့် ဝမ်းကလည်းဟာလာလေသည်။

သူ့တွင် အိတ်တစ်လုံးပါလာသည်။

ထိုအိတ်ထဲမှာ ကျောက်လက်ဝါးနှင့် ကျောက်အမြူတေ ထည့်ထားသော အိတ်ငယ်တစ်လုံးမှလွဲ၍ အခြားစားသောက် ရောဟူ၍ ဘာတစ်ခုမှ မပါခဲ့ပေ...။

သူသည် ကျောက်ဂူနံရံကို မှီထိုင်ရင်း အိတ်ငယ် အတွင်းမှ ကျောက်အမြူတေကလေးကို ထုတ်ကြည့်သည်။

သံပရာသီး အရွယ်ခန့်ရှိပြီး အပြာနုရောင်သမ်းသော ကျောက်အမြူတေကလေးမှာ သဘာဝအတိုင်းပင် ရှိနေ သေးသည်။

"အင်း... ဒီကျောက်အမြူတေကလေးဟာ ငါ့ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲစေခဲ့တဲ့ အရာပါလား...။

"ဩော်... အခုမှသတိရပြီ... ငါ့မှာ စားစရာမပါလာ ပေမယ့် ဒီကျောက်အမြူတေလေး ပါလာတာပဲ၊ သူ့ကို ရေနဲ့သောက်ရင် ငါ့အတွက် ပင်ပန်းမှုတွေ သက်သာစေနိုင် တာပေါ့"

ဟု သတိရကာ ဂူအတွင်းမှထွက်ပြီး တောင်စောင်း အောက်သို့ ဆင်းလာခဲ့သည်။

အောက်ခြေဖက်မှာ ရေထွက်စမ်းတစ်ခု ရှိသည်။

ထိုနေရာသို့ရောက်သောအခါ မောင်အောင်သည် ပါလာ သော ကျောက်အမြုတေကို ထုတ်၍ ကျောက်ပြားတစ်ချပ် ပေါ်မှာ စမ်းရေနှင့်သွေးကာ ထိုမှထွက်လာသော ကျောက်သွေး ရည်ကို သောက်လေသည်။

ကျောက်သွေးရည်၏ အရသာမှာ အေး၍ ချိုမြမြကလေး ဖြစ်နေရာ ဝမ်းထဲရောက်သွားသည်နှင့် မောပန်းနွမ်းနယ်မှု များ ဆာလောင် မွတ်သိပ်မှုများ ပြေပျောက်သွားကာ ချက်ချင်း လန်းဆန်းစိုသာလေတော့သည်။

သူသည် စမ်းချောင်းကလေးနားမှာပင် ခေတ္တ အမောဖြေ နေစဉ် မလှမ်းမကမ်းဆီမှ တောတိုးလာသံကို ကြားလိုက်ရ သဖြင့် ကျော၌လွယ်ထားသော ဓားကိုထုတ်လိုက်သည်။

သူ့စိတ်ထဲမှာ ရန်သူလိုက်လာပြီဟု ထင်လိုက်မိသည်။

ခဏကြာတော့ တောစပ်မှ လူရွယ်တစ်ယောက် ထွက် လာသည်။

၎င်းပခုံးပေါ်မှာ ဝင်းမှည့်နေသော ငှက်ပျောခိုင်တစ်ခိုင် နှင့် အခြားသစ်သီးမှည့်များကို ထမ်းလာသည်။

မောင်အောင်မှာ တစ်ညနှင့် တစ်နေ့လုံးလုံး မည်သည့် အစားအစာမှ မစားရသေးသဖြင့် ဝင်းမှည့်နေသော သစ်သီး





မှည့်များကို မြင်ရသောအခါ ဝမ်းထဲမှာ တကျွတ်ကျွတ် မြည်လာသည်အထိ ဆာလောင် မွတ်သိပ်မှုများ ဖြစ်လာ တော့သည်။

ခရီးသွားလူရွယ်မှာ ရန်သူမဖြစ်နိုင်သောကြောင့် ဓားကို ဓားအိမ်အတွင်းသို့ ပြန်ထည့်လိုက်သည်။

လူရွယ်က စမ်းချောင်းအနီးသို့ ရောက်သောအခါ ပခုံးပေါ်မှ သစ်သီးခိုင်များကိုချကာ မျက်နှာသစ်ခြင်း၊ ရေ သောက်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

"နောင်ကြီးက ခရီးသွားလား"

ဟု မောင်အောင်က လှမ်းမေးလိုက်သည်။

ထိုအခါ လူရွယ်က...

"ဟုတ်ပါတယ်၊ ကျွန်တော်က တောထဲမှာ သစ်သီးရှာ ထွက်လာတာပါ"

ဟု အဖြေပေးသည်။

"ဒါထက် ဘယ်မှာနေတာလဲဗျ"

အနောက်ဘက်ကို လက်ညှိုးထိုးပြရင်း...

"ဟိုးဘက်မှာ နေတာ"

ဟု ပြန်ပြောသည်။

စွန်တောင်၏ အနောက်တည့်တည့်၌ မြောက်ဦးရှိသည်။

သူက မြောက်ဦးဘက်ကို သွားမည့်သူဖြစ်သောကြောင့် ခရီးလမ်းတွင် အဖော်ရလိုရငြား စပ်စုလိုက်ခြင်းဖြစ်သည်။

"ဒါထက် ခင်ဗျားက ဘယ်သွားမှာလဲ"

လူရွယ်က ရေသောက်ရင်းမှ ပြန်မေးသည်။

"ကျွန်တော်က မြောက်ဦးဘက်ကို သွားမှာပါ"

"အိုး... အဝေးကြီးပါလား"

"အဲဒါ နောင်ကြီးနဲ့များ လမ်းကြုံမလားလို့ မေးကြည့်တာပါ"

"ကျွန်တော်သွားမယ့် နေရာနဲ့တော့ လမ်းမကြုံဘူးဗျ၊ ဒါပေမယ့် ခင်ဗျားကို လမ်းပြပေးနိုင်မယ့်လူ ရှိတဲ့နေရာကိုတော့ ကျွန်တော် ညွှန်ပြပေးနိုင်ပါတယ်"

"ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်က ဒီနယ်ဘက်ကို တစ်ခေါက်မှ မရောက်ဖူးလို့ အခက်အခဲဖြစ်နေတာ၊ အဲသည် လောက်ကလေး အကူအညီရရင်တောင် ကျေးဇူးတင်လှပါပြီ"

ထိုအချိန်တွင် လူရွယ်က သူ့ရှိရာသို့ ပြန်တက်လာသည်။

မလှမ်းမကမ်းနေရာတွင် ရပ်သောအခါမှ သူနှင့် သက်တူရွယ်တူခန့် ရှိမည်ဟု ခန့်မှန်းရလေသည်။

"ဒါပေမယ့် ခင်ဗျားနဲ့ကျွန်တော် အပေးအယူတော့ လုပ်ရလိမ့်မယ်"

လူရွယ်ထံမှ မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် မောင်အောင် အံ့ဩသွားမိလေသည်။

"ဘယ်လို အပေးအယူမျိုးပါလိမ့်"





"ဒီလိုဗျာ... ခင်ဗျားကြည့်ရတာ ကျွန်တော်ယူလာတဲ့ အသီးအနှံတွေကိုလည်း လိုချင်ပုံရတယ်၊ ဒီတော့ ကျွန်တော်က ဒီသစ်သီးတွေကိုလည်း ပေးမယ်၊ နောက်ပြီး ခင်ဗျားကို လမ်းပြပေးနိုင်မယ့်လူဆီကိုလည်း လမ်းညွှန်ပေးမယ်၊ ဘယ့်နှယ်လဲ"

"ဒါကတော့ ဟုတ်ပါပြီ... ကျွန်တော်က ဘာပြန်ပေးရမှာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ခင်ဗျား စောစောက သွေးသောက်တဲ့ ကျောက်တုံးလေးကို သွေးသောက်ခွင့်ပေးရုံပါပဲ"

ထိုစကားကြောင့် မောင်အောင် အံ့ဩသွားလေသည်။

"ဒါဖြင့် ခင်ဗျား စောစောကတည်းက ဒီနေရာမှာ ရောက်နေတာပေါ့"

"ဟုတ်ပါတယ်"

"ဘာကြောင့် ကျောက်သွေးကို သောက်ချင်တာလဲ"

"လိုအပ်ချက်တစ်ခုကြောင့်ပါ"

"ကောင်းပြီလေ... ခင်ဗျားပြောတာကို ကျွန်တော် လက်ခံပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်အတွက်က အခုလောလောဆယ် စားစရာတစ်ခုခုရဖို့နဲ့ ကိုယ်သွားချင်တဲ့ ခရီးကို အမြန်ဆုံးရောက်ဖို့ပါပဲ...

"ဒါပေမယ့် ဒီကျောက်တုံးကို ခင်ဗျားလက်ထဲတော့ ထည့်မပေးနိုင်ဘူး။ ကျွန်တော်ကိုယ်တိုင် သွေးပေးမယ်၊ ခင်ဗျားသောက်မလား"

"သောက်ပါ့မယ်၊ ကျွန်တော်က ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သောက်ရဖို့ပါပဲ"

"ဒီလိုဆိုရင် ခဏစောင့်ပါ"

ဟု ဆိုကာ မောင်အောင်က ကျောက်အမြုတေကို ပြန်ထုတ်ကာ စောစောက ကျောက်ပြားပေါ်မှာပင် သွေးလေသည်။

လူရွယ်က မလှမ်းမကမ်းမှာ ရပ်ကြည့်နေသည်။

"ခင်ဗျား ဒီကျောက်တုံးကို ဘယ်လိုရခဲ့တာလဲ"

ဟု လှမ်းမေးသဖြင့် မောင်အောင်က အမှန်အတိုင်း ပြောပြလိုက်သည်။

"အဲဒါ ခင်ဗျား အလွန်ကံကောင်းလို့ရတာ၊ ခင်ဗျားနဲ့ ထိုက်လို့ရတာဗျ။ ဒီပစ္စည်းမျိုးက သိဒ္ဓိရှိတဲ့ လူတွေတောင် မထိုက်ရင် မရနိုင်ဘူး"

မောင်အောင်က လူရွယ်ပြောနေသော စကားအဓိပ္ပာယ်ကို ကောင်းစွာ သဘောမပေါက်သဖြင့် ဘာမှပြန်မပြောတော့ဘဲ ကျောက်ကိုသာ ပြီးအောင်သွေးပြီး လူရွယ်အား ပေးလိုက်သည်။

လူရွယ်က ကျောက်ပြားပေါ်မှ ကျောက်သွေးရည်ကို ကုန်စင်အောင် သောက်လိုက်သည်။





"ကျေးဇူးပါပဲဗျာ... ခင်ဗျားကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဟောဟိုမှာ ကျွန်တော်ယူလာတဲ့ သစ်သီးတွေကို ခင်ဗျားအတွက် ထားခဲ့ပါ့မယ်...

"နောက်ပြီး ဒီကမြင်နေရတဲ့ ကျောက်တောင်ရဲ့အနောက်ဘက် တည့်တည့်ကိုသာ ဆင်းသွားပါ၊ အဲဒီမှာ ခင်ဗျားကို လမ်းပြပေးမယ့်လူကို တွေ့ရပါလိမ့်မယ်...

"နောက်ပြီး ခင်ဗျားအတွက် ထူးဆန်းတဲ့ ပစ္စည်းတစ်ခုလည်း ထပ်ရပါလိမ့်ဦးမယ်"

လူရွယ်က ပြောပြောဆိုဆိုနှင့် နေရာမှထ,သည်။

"ကဲ... ကျွန်တော်သွားတော့မယ်၊ ခင်ဗျားနဲ့ကျွန်တော်နဲ့က တစ်ချိန်ချိန်မှာ ပြန်တွေ့ကြရဦးမှာပါ၊ ဒါပေမယ့် ခင်ဗျား ဒီဘဝမျိုးနဲ့တော့ မဟုတ်ဘူးဗျ"

"ဟင်... ဘယ်လိုဘဝမျိုးလဲဟင်"

လူရွယ်က တစ်ချက်ပြုံးလိုက်ပြီး...

"နောက်တော့ ခင်ဗျား သိလာပါလိမ့်မယ်၊ အဲဒီအချိန်ကျရင် ကျွန်တော် ခင်ဗျားဆီကို တစ်ခေါက်ပြန်လာခဲ့ပါ့မယ်၊ ကဲ... သွားတော့မယ်ဗျာ"

ဟု ပြောဆိုကာ တောထဲသို့ လှည့်ဝင်သွားရန် ပြင်လိုက်သည်နှင့် မောင်အောင်က ကမန်းကတန်း လှမ်းမေးလိုက်သည်။

"နောက်တစ်ခါတွေ့ရင် မှတ်မိအောင် ခင်ဗျားရဲ့နာမည်လေး ပြောထားခဲ့ပါဦးဗျ"

"ကျွန်တော့်နာမည် ကိုဇော်ဂျီလို့ မှတ်ထားလိုက်ပါ"

ဟု ပြောပြီး တောထဲဝင်သွားလေတော့သည်။

မောင်အောင်မှာ ပါးစပ်မှ 'ဇော်ဂျီ... ဇော်ဂျီ' ဟူသော အမည်ကို တဖွဖွရေရွတ်ရင်း တအံ့တသြဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။





# အခန်း (၁၄)

## တောနက်တွင်း၌ ဆန်းကြယ်မှုများ

တကယ်တော့ တောထဲမှာ အမှတ်မထင်တွေ့ခဲ့သော ကိုဇော်ဂျီ ဆိုသောလူရွယ် ပေးထားခဲ့သည့် သစ်သီးများမှာ သာမန်သစ်သီးများနှင့်မတူဘဲ အနံ့ အရသာနှင့် ပြည့်စုံရုံမက တစ်လုံးစားလိုက်ရုံနှင့် ရင်ထဲမှာ ဆာလောင်မွတ်သိပ်မှုများက တစ်မုဟုတ်ချင်း ပြေပျောက်သွားစေသည်။

ဝင်းမှည့်နေသော နံ့သာပု ငှက်ပျောသီးမှည့် တစ်လုံး စားလိုက်ရုံနှင့် အင်အားများ ပြန်လည်တိုးပွားလာသည်။

သို့ကြောင့်...

ကိုဇော်ဂျီအား စိတ်ထဲမှကြိတ်ကာ ကျေးဇူးတင်နေမိသည်။

မောင်အောင်သည် ဂူရှိရာသို့ပြန်တက်လာပြီး တရေးတမော အိပ်လိုက်ရာ ခေါင်းချလိုက်သည်နှင့် ချက်ချင်း အိပ်မောကျသွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်းသောအခါမှ ခရီးဆက်ရန် ပြင်ဆင်လေသည်။

ခရီးမထွက်မီ စမ်းချောင်းရှိရာသို့ တစ်ခေါက်ဆင်းကာ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများ ပြုလုပ်ပြီးနောက် မနေ့က ထားခဲ့သော သစ်သီးများရှိရာသို့ သွားကြည့်တော့ တစ်လုံးမှ မတွေ့ရတော့ပေ။

သူ့စိတ်ထဲမှာတော့ ညက တိရစ္ဆာန်များ လာရောက်မစားလောက်ဘူး အထင်နှင့် အမှတ်တမဲ့ ထားလိုက်သည်။

ထို့နောက်...

မောင်အောင်သည် အိတ်တစ်လုံး၊ ဓားတစ်လက်၊ လင်းလေးနှင့် မြားဘူးကိုယူကာ ခရီးဆက်ခဲ့လေသည်။

သူ၏ဦးတည်ချက်ကတော့ မနေ့က ဇော်ဂျီဆိုသော လူရှုယ် ပြောသွားသည့် အနောက်ဘက်စူးစူးအရပ်ဆီသို့ ဦးတည်ကာ သွားလေသည်။

ဦးစွာ ကျောက်တုံးများကိုနင်းပြီး တောင်အမြင့်သို့ ရောက်အောင် တက်ရသည်။





လူသူ အရောက်အပေါက်နည်းသဖြင့် လမ်းဟူ၍ မယ်မယ် ရရမရှိဘဲ အဆင်ပြေသလို သွားရသဖြင့် ခရီးမတွင်လှပေ။ တောင်မှာ မတ်စောက်လှသော်ကြောင့် ခက်ခက်ခဲခဲ တက်ရလေသည်။

သို့သော်လည်း...

မနေ့က ကျောက်သွေးတစ်ခွက်နှင့် ငှက်ပျောသီးတစ်လုံး စားသောက်ထားခဲ့ရာမှ ယခုတိုင် ဘာမှထပ်မစားရပါဘဲ ရင်ထဲမှာ ပြည့်နေသည်ကတော့ အံ့သြစရာဖြစ်သည်။

တောင်ထိပ်ပေါ်သို့ ရောက်သောအခါ နေအတော်စောင်းသွားပြီဖြစ်သောကြောင့် တစ်ညတာအိပ်စက်ရန် ပြင်ဆင်ရသည်။

တောင်ထိပ်တစ်ဝိုက်မှာ သစ်ကြီးဝါးကြီးများ ထူထပ်စွာ ပေါက်နေသောကြောင့် မြေပြင်မှာ အိပ်ရသည်နှင့်စာလျှင် သစ်ပင်အမြင့်ပေါ် တက်အိပ်ရသည်က အန္တရာယ်ကင်းပေမည်။

မောင်အောင်သည် သစ်ပင်ခွဆုံသို့ ရောက်သောအခါ အောက်သို့ ပြုတ်မကျနိုင်ရန် ကြိုးဖြင့်ပတ်ချည်ထားပြီး တစ်နေ့လုံး ပင်ပန်းခဲ့သမျှ အနားယူရလေသည်။

ညမှောင်လာသည်နှင့် တောနက်ထဲမှာ တိတ်ဆိတ်ငြိမ်သက်ခြင်းက မင်းမူလာသည်။

တောင်ထိပ် အမြင့်ပိုင်းတွင်ရှိနေသောကြောင့် လေကတော့ တိုက်သည်။ မလှမ်းမကမ်းရှိ ဝါးရုံတောများ

လေတိုးသံ၊ ဝါးရွက်များ ရွက်ချင်းခတ်သံက သံစဉ်မညီသော ဂီတသံသဖွယ် ကြားနေရသည်။

ညဉ်းပိုင်း လေကလေး တဖြူးဖြူးနှင့် သာသာယာယာ ရှိနေချိန်တွင် ကျားဖြူတောင်ရွာမှာ ကျန်ရစ်ခဲ့သော နန်းရွှေ ရည်ကို သတိတရ ရှိနေမိသည်။

ယခုအချိန်လောက်ဆိုလျှင် နန်းရွှေရည်တစ်ယောက် ဘယ်လောက်များ ပူဆွေးသောက ရောက်နေမည်ကို တွေးမိ သောအခါ ရင်ထဲမှာ ကြေကွဲ ဝမ်းနည်းမှုများ ဖြစ်လာလေ တော့သည်။

"အခြေအနေ မပေးသေးတော့လည်း အနေဝေးရဦး မှာပေါ့ ချစ်သူရယ်"

ဟုသာ ညည်းညူရုံမှတစ်ပါး အခြားမတတ်နိုင်တော့ ပါပေ။

တစ်ယောက်တည်း အတွေးကောင်းနေသောကြောင့် ညဦးနက်ပိုင်း ရောက်ကာမှ မှေးခနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်မောကျသွားသည်မသိပေ၊ နားထဲမှာ ခေါ်သံလိုလို ကြားလိုက်ရသောကြောင့် အိပ်ပျော် နေရာမှ လန့်နိုးလာသည်။

မျက်စိမဖွင့်သေးဘဲ နားစွင့် ကြည့်လိုက်သောအခါ လေတိုးသံများကို အရင်ကြားရသည်။ ဝါးရွက်များကို လေတိုး များမှာ လှုသံလိုလို၊ တေးသွားသံလိုလို ကြားရသည်။





ပထမတော့ ထိုအသံများကို ကြားလိုက်မိတာလားဟု ထင်လိုက်မိသော်လည်း ထပ်မံ နားစွင့်ကြည့်လိုက်သော် မိန်းမတစ်ယောက်၏ ခေါ်သံကို ကြားရသည်။

"ကိုအောင်ရေ... ဟေး... ကိုအောင်"

"ကိုအောင် ဘယ်မှာလဲ... ခေါ်သံကြားရင် အသံ တစ်ချက်လောက် ပြန်ပေးပါဦး"

ဟူသော နန်းရွှေရည်၏ အသံကို သဲသဲကွဲကွဲ ကြားလိုက် ရသည်။

"ကိုအောင်ရေ... ကိုအောင်"

ခေါ်သံက တဖြည်းဖြည်းနီးလာသည်။

ပထမတော့ သူ ဝမ်းသာသွားသည်။

စိတ်လွတ်လက်လွတ်နှင့် ပြန်ထူးလိုက်မည်ပင် ဟန်ပြင် လိုက်သေးသည်။

နောက်မှ ချက်ချင်း ဆင်ခြင်မိလိုက်သည်။

"ဒါ... ငါ့ချစ်သူ ရွှေရည်ရဲ့အသံပဲ၊ ဒါပေမယ့် သူ ကတော့ လုံးဝမဖြစ်နိုင်ဘူး။ နန်းရွှေရည်လည်း ဒီလိုအချိန် ဒီလိုနေရာမျိုးကို ဘယ်နည်းနဲ့မှ ရောက်မလာနိုင်ဘူး။

ဒါ... မကောင်းဆိုးဝါးတွေ... နာနာဘာဝတွေ ငါ့ကို သာပြီး လှည့်စားနေတာပဲ ဖြစ်ရမယ်"

ဟု ဆင်ခြင်မိကာ အသံမပြုမိအောင် စိတ်ကိုထိန်းထား နေရသည်။

သို့သော်...

ခေါ်သံက ပျောက်မသွားဘဲ အနားရောက်လာလိုက်၊ အဝေးရောက်သွားလိုက်နှင့် အဆက်မပြတ် ကြားနေရသည်။

ခေါ်သံ တစ်ချက်ထွက်လာလျှင် အရပ်လေးမျက်နှာဆီမှ တောရဲ ပဲ့တင်သံများက ပေါ်ထွက်လာလေ့ရှိသည်။

"ကိုအောင်ရေ... ဟေး... ကိုအောင်"

"ကိုအောင်ရေ... ဟေး... ကိုအောင်"

"ကိုအောင်ရေ... ကိုအောင်ရေ...ကိုအောင်ရေ"

အတန်ကြာသောအခါ ခေါ်သံများ တဖြည်းဖြည်း ပျောက်သွားလေသည်။

မောင်အောင်က စိတ်ပြန့်လွင့်မှုများကို ထိန်းချုပ်သောအားဖြင့် ဘုရား၊ တရား၊ သံဃာနှင့် အနန္တောအနန္တ ငါးပါးကို စိတ်ထဲမှ အာရုံပြုကာ ကန်တော့လိုက်သည်။

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိပါဘုရား။

ဘုရားတပည့်တော်သည် လူမှန်းသိတတ်တဲ့အရွယ်မှ အစပြု၍ အနန္တောအနန္တ ငါးပါးကို တစ်နေ့မပြတ် ရှိခိုးဆည်းကပ်ခဲ့ပါသည်။

ဤမှန်ကန်သော သစ္စာတရားကြောင့် ဘေးဥပဒ်အန္တရာယ်အပေါင်းတို့မှ ကင်းဝေးရပါစေသား။





ဤတော ဤတောင် အတွင်းအပြင် ဝန်းကျင်မှာရှိကြကုန်သော တောစောင့်နတ်၊ တောင်စောင့်နတ် အပေါင်းတို့သည်လည်း ကျွန်ုပ်အား ကူညီစောင့်ရှောက်နိုင်ပါစေကုန်သတည်း"

ဟု တိုင်တည် သစ္စာပြုလိုက်လေသည်။

ထိုသို့သစ္စာပြုလိုက်ပြီးနောက်တွင် အော်သံ ခေါ်သံများလည်း မကြားရတော့ပေ။

ထိုအခါမှ မောင်အောင်လည်း စိတ်ဖြောင့်လက်ဖြောင့် အိပ်စက်နိုင်လေတော့သည်။

ထိုညက အိပ်မက်ထဲမှာ နန်းရွှေရည် သူ့နောက်လိုက်လာသည်ဟု မြင်မက်လေသည်။

နံနက်လင်း၍ အိပ်ပျော်ရာမှ နိုးလာသောအခါ သစ်ပင်ပေါ်မှ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။

အနောက်ဘက်ယွန်းယွန်းတွင် သစ်တောများအတွင်းမှ တလူလူတက်နေသော မီးခိုးငွေ့များကို လှမ်းမြင်ရသဖြင့် ဝမ်းသာသွားမိလေသည်။

"ဟန်ကျတာပဲ... တောထဲမှာ မီးခိုးရှိရင်တော့ လူရှိရမှာပဲ၊ အဲဒီနေရာကို သေသေချာချာမှတ်ပြီး သွားရမယ်၊ မနေ့က တွေ့တဲ့ ကိုဇော်ကျီဆိုတဲ့လူ ပြောသွားတဲ့ ငါ့ကိုလမ်းပြပေးနိုင်တဲ့ လူဆိုတာများ ဖြစ်နေမလား"

ဟု တစ်ယောက်တည်းတွေးကာ သစ်ပင်ပေါ်မှ အောက်သို့ ဆင်းသည်။

သူ သစ်ပင်အောက်ရောက်တော့ မမျှော်လင့်သော လူတစ်ယောက်ကို တွေ့ရပြန်သည်။

ကိုဇော်ဂျီဆိုသော လူရွယ်ပင်ဖြစ်သည်။

မောင်အောင်ကို တွေ့တော့ ပြုံး၍နှုတ်ဆက်ရင်း...

"ခင်ဗျား ညက မေဩာ်ပို့ အမှုဝေသံတွေကို ကြားရတယ်ဗျ"

ဟု ပြောလေသည်။

"ဟင်... ခင်ဗျားက ဘယ်နေရာက ကြားတာလဲ"

"ကျွန်တော်နေတဲ့ နေရာက ကြားတာပေါ့"

"ခင်ဗျားက ဘယ်နေရာမှာ နေတာလဲ၊ စောစောက မီးခိုးငွေ့တွေ တွေ့တဲ့နေရာမှာ နေတာလား"

"မဟုတ်ဘူး... အဲဒီမီးခိုးငွေ့တွေ တွေ့တဲ့နေရာဟာ ခင်ဗျားကို လမ်းပြပေးမယ့်လူနေတာ၊ ကျွန်တော်က ဟိုဘက်မှာ နေတာ"

ဟု ပြောကာ အနောက်ဘက်ယွန်းယွန်းသို့ လက်ညှိုးထိုးပြလေသည်။

"ကျေးဇူးပါပဲဗျာ... ကျွန်တော် အခုပဲ အဲဒီနေရာကို သွားမလို့ဗျ"



"ဒါထက် ခင်ဗျား ညတုန်းက အမျိုးသမီးတစ်ယောက်ရဲ့ ခေါ်သံ ကြားမိလား"

"ကြားမိတယ်၊ တောနက်ထဲမှာဆိုတော့ မကောင်းဆိုးဝါးတွေရဲ့ လှည့်စားတဲ့အသံတွေ ဖြစ်မှာပေါ့"

"မဟုတ်ဘူးဗျ... အဲဒါ မကောင်းဆိုးဝါးတွေရဲ့ အသံ မဟုတ်ဘူး။ လူသံတွေပါ"

"ဟင်... လူသံဟုတ်လား။ ဒီလောက်နက်တဲ့ တောထဲမှာ အချိန်မတော်ကြီး ဘယ်ကလူတွေလဲ"

"ဒါထက် ခင်ဗျားနာမည်က ကိုအောင်လား"

"ဟုတ်တယ်"

"ခင်ဗျားက ကျားဖြူတောင်ရွာကလား"

"ဟုတ်တယ်"

"ညက တောထဲရောက်လာတဲ့ လူတွေကလည်း ကျားဖြူတောင်ရွာက လူတွေပဲ၊ အခု ကျားဖြူတောင်ရွာက ပျက်သွားပြီလေ၊ ပုလိပ်တွေက အဲဒီရွာမှာ ပြောက်ကျားတပ်သားတွေ ရှိတယ်ဆိုပြီး တွေ့တဲ့လူတွေကို ဖမ်းပြီးနှိပ်စက်၊ တစ်ရွာလုံးကိုလည်း မီးရှို့ဖျက်ဆီးပစ်လိုက်ကြပြီ"

"ဟင်..."

ထိုစကားကြောင့် မောင်အောင်စိတ်ထဲမှာ စိုးရိမ်မှုများနှင့်အတူ တအံ့တသြလည်း ဖြစ်သွားပေသည်။

"ခင်ဗျားပြောတာ တကယ်ပဲလား"

“တကယ်ပြောတာပါဗျာ… ကျွန်တော်က ခင်ဗျားကို ညာပြောနေလို့ ဘာမှအကျိုးမရှိနိုင်ပါဘူး။ ညကရောက်လာတဲ့ လူတွေက အဲဒီရွာက ထွက်ပြေးလာကြတဲ့လူတွေပဲ၊ အဲဒီအထဲမှာ ဘုန်းကြီးတစ်ပါး ပါလာလို့တောင် ကျွန်တော် ရေတွေဘာတွေ ကပ်လိုက်သေးတယ်”

မောင်အောင်စိတ်ထဲမှာတော့ အကယ်၍ ထိုစကားသာ မှန်မည်ဆိုလျှင် ရွာဦးကျောင်းမှ ဆရာတော်ကြီး ဦးဇာဂရ ဖြစ်လိမ့်မည်ဟု ခန့်မှန်းတွေးတောကာ ဝမ်းသာအားတက်သွားလေသည်။

“နေစမ်းပါဦး… သူတို့က ကျွန်တော် ဒီတောထဲမှာ ရောက်နေတာ ဘယ်လိုသိလို့ ကျွန်တော့်အမည်ကို တကြော်ကြော် ခေါ်နေကြတာလဲ”

“အဲဒီအဖွဲ့ထဲမှာ မိန်းကလေးတစ်ယောက်လည်း ပါလာတယ်ဗျ။ ခင်ဗျား ဒီတောထဲမှာ ရှိတယ်ဆိုတာကတော့ ကျွန်တော်ကပဲ ပြောလိုက်တာပါ”

“ဟင်… ခင်ဗျားက ကျွန်တော့်ကို သိလို့လား”

“သိတာပေါ့”

“ဘယ်တုန်းက သိတာလဲ”

“မနေ့က သိကြတာလေ၊ မဟုတ်ဘူးလား”

မောင်အောင့်စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားသော်လည်း ထပ်မမေးတော့ပေ။





“ဒါထက် အခု သူတို့ ဘက်ရောက်သွားကြပြီလဲ”

“ကျွန်တော် လမ်းပြပေးလိုက်တာနဲ့ မြောက်ဦးဘက်ကို ဆင်းသွားကြပြီ”

“ဟင်… ခင်ဗျားကဗျာ… ကျွန်တော် ဒီတောထဲမှာ ရှိမှန်းသိလျက်နဲ့ ကျွန်တော့်ဆီကိုတော့ ဘာကြောင့် ခေါ်မလာရတာလဲ”

ဟု အပြစ်တင်သောလေသံဖြင့် ပြောလိုက်လေသည်။

“ခင်ဗျားက ဒီတောထဲမှာ လုပ်စရာတွေကျန်သေးတယ်၊ နောက်ပြီး ခင်ဗျား တွေ့ရမယ့်လူတွေလည်း ရှိသေးတယ်၊ အတွက် ထိုက်တန်တဲ့ပစ္စည်းတစ်ခုလည်း ရဖို့ကျန်သေးတယ်၊ ဒါကြောင့် တွေ့မပေးတာပါ…

“သူတို့နဲ့တွေ့ရင် ခင်ဗျား အဲဒါတွေကို ဘယ်နည်းနဲ့မှ လုပ်နိုင်တော့မှာမဟုတ်ဘူး။ ဒါကြောင့် တွေ့မပေးတာပါ”

ဟု ဆန်းကြယ်သောစကားကို ပြောလေသည်။

“ကဲ… ထားပါတော့ဗျာ… ခင်ဗျားက မြောက်ဦးဘက် သွားတဲ့လမ်းကို သိလျက်နဲ့ ကျွန်တော့်ကျတော့ ဘာ့ကြောင့် လမ်းပြမပေးတာလဲ”

“ကျွန်တော်တို့ လောကမှာလည်း စည်းဆိုတာရှိတယ်၊ ကိုယ်တာဝန်ကျတဲ့အလုပ်ကိုပဲ လုပ်ပေးရတယ်၊ ကိုယ့်တာဝန် မဟုတ်ရင် လုပ်ပေးခွင့်မရှိဘူး။ ဒါပေမယ့် သိပ်လည်း စိတ်မပူပါနဲ့ဗျာ၊ တစ်နေ့ကျရင် ခင်ဗျား သူတို့နဲ့ပြန်တွေ့ရမှာပါ”

ဟု ပြောဆိုကာ မောင်အောင်ကို နှုတ်ဆက်ပြီး တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

မောင်အောင် စိတ်ထဲမှာတော့...

"ထူးဆန်းပါပေ့ ကိုဇော်ဂျီရယ်..."

ဟု အကြိမ်ကြိမ် ရေရွတ်နေမိတော့သည်။

ထို့နောက်...

သူသည် သစ်ပင်ပေါ်မှ လှမ်းမြင်ရသော မီးခိုးငွေ့ရှိရာသို့ မှန်းကာ ဆင်းလာခဲ့လေတော့သည်။

တောင်စောင်းတစ်ခုမှ အောက်သို့ ဆင်းလိုက်သောအခါ တောအုပ်တစ်ခုအတွင်းသို့ ရောက်သွားလေသည်။

ထိုတောအုပ်တစ်နေရာမှာတော့ ဝါးနှင့် သက်ကယ်မျှစ်များဖြင့် ဖြစ်သလိုဆောက်ထားသော ဝါးတဲတစ်လုံးကို လှမ်းမြင်ရသဖြင့် မောင်အောင် ဝမ်းသာသွားသည်။

"အင်း... တဲရှိမှတော့ လူရှိမှာပဲ"

ဟု တွေးတောကာ အနီးသို့လျှောက်သွားသည်။

အနီးသို့ရောက်သော်လည်း တဲတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ထို့ကြောင့်...

ဓားအိမ်မှ ဓားကိုချွတ်လိုက်ပြီး ကိုင်ကာ သတိကြီးစွာဖြင့် အတွင်းသို့ လှမ်းဝင်လိုက်သည်။

တဲအတွင်း၌ မြင်ကွင်းက မကောင်းလှပေ။





အငွေ့ထွက်ရုံသာရှိသော မီးဖိုတစ်ဖိုဘေးရှိ ဝါးကွပ်ပျစ်ပေါ်မှာ ဝိန်ချုံးကျုံလှိုလှသော အဘိုးအိုတစ်ဦး လဲလျောင်းနေသည်ကို မြင်ရတော့မှ မိမိအတွက် အန္တရာယ်မရှိနိုင်မှန်းသိပြီး ဓားကို ဓားအိမ်ထဲ ပြန်ထည့်၍ အဘိုးအိုအနီးသို့ လျှောက်သွားသည်။

"အဘ... အဘ..."

ဟု အသံပြုလိုက်သောအခါ ဦးခေါင်းကို ငဲ့ကြည့်သည်။

"မောင်ရင်က ဗမာလူမျိုးလား"

ဟု အသံဝဲဝဲဖြင့် ပြန်မေးလေသည်။

"ဟုတ်ပါတယ် အဘ၊ ကျွန်တော် ဗမာလူမျိုးပါ"

ဟု ဝမ်းသာအားရ ပြောဆိုကာ ဝါးကွပ်ပျစ်အစွန်းတွင် ဝင်ထိုင်လိုက်လေသည်။

အဘိုးအိုမှာ အသက်အရွယ် သိပ်မကြီးရင့်လှသေးသော်လည်း ဝေဒနာတစ်ခုခုကြောင့် ထိုမျှ ဝိန်လှီညှိုးနွမ်းကာ ရှုပ်ရည်ကျဆင်းနေခြင်း_ဖြစ်ဟန်ရှိသည်။

"အဘ... နေမကောင်းဘူးလား"

ဟု မေးသောအခါ အဘိုးအိုက အားနည်းစွာ ခေါင်းညိတ်ပြသည်။

"မောင်ရင်က မင်းအမှုထမ်း တစ်ယောက်လား"

အဘိုးအိုက မောင်အောင် ကျောမှာလွယ်ထားသော ကျောက်စီဓားရိုးကို မြင်သဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် အဘ၊ ကျွန်တော်က ဗမာတော်လှန်ရေး တပ်သားတစ်ယောက်ပါ။ အင်္ဂလိပ်တွေနဲ့ တိုက်ရင်း အရေးနိမ့်လို့ ဒီဘက်ကို တိမ်းရှောင်လာတာပါ"

ဟု မောင်အောင်က အဖြစ်အပျက်များကို အကျဉ်းချုပ်၍ ပြောပြလိုက်သည်။

အဘိုးအိုက အရိုးပြိုင်းပြိုင်းထနေသော လက်တစ်ဖက်ဖြင့် မောင်အောင်၏ လက်မောင်းတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"အဘက... ဖျားတာလား"

"အဘမှာ ဒဏ်ရာတစ်ခု ရထားတယ်၊ ဒါကြောင့် မသွားနိုင်၊ မလာနိုင်ဖြစ်ပြီး အဖျားဝင်နေတာ"

ဟု တုန်တုန်ယင်ယင် ပြန်ပြောသည်။

"ဒဏ်ရာက ဘယ်နေရာမှာလဲ"

အဘိုးအိုက ခြေထောက်ကို လက်ဖြင့် ပြသဖြင့် မောင်အောင်က အုပ်ထားသော စောင်ပိုင်းကို ဖယ်ကြည့်သောအခါ ခြေထောက်တစ်ဖက်မှာ ဒဏ်ရာကြောင့် ယောင်ရမ်း ပုပ်ပွလျက်ရှိပြီး ပိုးလောက်အချို့ပင် တွယ်နေသည်။

စောင်ကို ဖယ်လိုက်တော့မှ အပုပ်နံ့ ထွက်လာသည်။

ထို့ကြောင့်... မောင်အောင်သည် မိမိ၌ပါလာသော ပစ္စည်းများကိုချပြီး အနီးပတ်ဝန်းကျင်မှ ရေကို ဝါးဆစ်ပိုင်းနှင့် ထည့်ယူလာသည်။ ဆေးပင် ဆေးမြစ်များအကြောင်းကို





သိရှိ နားလည်သူမို့ အနာနှင့်ပတ်သက်၍ နိုင်သောဆေးပင် ဆေးမြစ်များကို အလျင်အမြန်ရှာသည်။

ကံအားလျော်စွာ သစ်ခေါင်းများအုံ့ တစ်အုံတွေ့သဖြင့် မှုတ်ကာ ပျားသလက်ကို ဖဲ့ယူလာသည်။

တဲသို့ပြန်ရောက်သောအခါ မီးကို အရှိန်ရအောင်ပြုလုပ်ပြီး ဝါးဆစ်ပိုင်းနှင့် ရေနွေးဆူအောင်တည်သည်။

ထို့နောက်...

ရေနွေးနှင့် သက်ရင်းကြီးအရွက်အမြစ်၊ လင်းနေမြစ်များကိုပြုတ်ပြီး ၎င်းအရည်နှင့် အနာကို ဆေးကြောပေးသည်။

ဆေးပြီးသောအခါ ခန်းတောက်မြစ်ကို ပျားရည်နှင့် ကြိတ်ကာ အနာတစ်ဝိုက်ကိုအုံ၍ အဝတ်နှင့်ပတ်စည်းပေးလိုက်သည်။ အဘိုးအိုကိုလည်း ခန်းတောက်မြစ် ကျိုထားသောအရည်နှင့် ပျားရည် အနည်းငယ်တိုက်ပေးလိုက်သောအခါ ခဏချင်း အိပ်ပျော်သွားလေတော့သည်။

## အခန်း (၁၅)

## ကျောက်ချဉ်နက်ကိုရှာခြင်း

မောင်အောင်သည် နာမကျန်းဖြစ်နေသော အဘိုးအို ရှိရာသို့ ရောက်သွားပြီးနောက်တွင် မြောက်ဦးဘက်သို့ ခရီး ဆက်ရန် အစီအစဉ်ကိုဖျက်၍ အဘိုးအို၏ ကျန်းမာရေး ပြန်လည်ကောင်းမွန်စေရန် ဂရုတစိုက် ကုသပေးရလေသည်။

သူသည် သစ်မြစ်သစ်ဥများနှင့် ပတ်သက်၍ ကျွမ်းကျင် နားလည်သူဖြစ်သောကြောင့် အနာရောဂါ ပျောက်စေရန် သဘာဝ ဆေးပင်များကိုသာ အသုံးပြု၍ ကုသပေးသည်။

အဖျားရောဂါအတွက် ခန်းတောက်မြစ်ကို အရည်ကျ အောင် ကျို၍တိုက်ရုံနှင့် ပျောက်ကင်းစေသည်။





ခြေထောက်တွင် ရထားသော ဒဏ်ရာမှာ အတွင်း၌ အနာအောင်းနေသောကြောင့် စမ်းချောင်းထဲမှ မျှော့နက်ကြီး များကို ဖမ်း၍ အနာဝ,ကို ကပ်ပေးလိုက်သောအခါ ၎င်းတို့က စုပ်ယူသဖြင့် ပြည်နှင့် အညစ်အကြေး သွေးပုပ်များထွက်သွား တော့မှ ကျောက်လက်ဝါးကြီးကို အသုံးပြု၍ ကျိုးနေသော အရိုးများ ပြန်လည်ကောင်းမွန်စေရန် ကုသပေးသည်။

အနာ အမြန်ဆုံးကျက်စေရန်တော့ နနွင်းတက်နှင့် ပျားဖယောင်းကိုရော၍ အုံပေးခြင်းဖြင့် သက်သာသွားသည်။ နှစ်ရက် သုံးရက်ကြာသောအခါ အဘိုးအိုမှာ တစ်စ တစ်စ ပြန်လည် သက်သာလာတော့သည်။

"မောင်ရင်လေးကို ကျေးဇူးတင်ပါတယ်၊ ကျုပ်မှာ မောင်ရင်ပေးတဲ့ အသက်ပဲ ရှိပါတော့တယ်…

ကျုပ်နာမည်က ဦးသီလလို့ ခေါ်ပါတယ်၊ ကျုပ်လည်း တစ်ချိန်က မြန်မာဘုရင်မင်းမြတ်ရဲ့ အမှုထမ်းတစ်ဦးပါပဲ၊ သူတစ်ပါးလက်အောက်မှာ ကျွန်အဖြစ်နဲ့ မနေလိုတာနဲ့ ဒီဘက်ကိုရှောင်လာရင်းနဲ့ ဒီတောင်ပေါ် ရောက်ခဲ့တာပါ…

အခု တိုင်းပြည် အခြေအနေရော ဘယ်လိုရှိသလဲ မောင်ရင်လေး…"

"ကိုယ့်ရဲ့တိုင်းပြည်ကို သူတစ်ပါးလက်အောက်က လွတ် မြောက်ဖို့ တိုက်ပွဲဝင်နေကြတုန်းပဲ အဘ"

"ကံဇာတာ အခြေညှိုးလို့ ဒီလိုအဖြစ်ဆိုးတွေနဲ့ ကြုံရတာပါကွယ်၊ တစ်နေ့ကျရင်တော့ လွတ်မြောက်ရမှာပါ"

"ဒါထက် အဘက ဒီတောင်ပေါ် ရောက်နေတာ အတော်ကြာပြီလားဟင်"

"ကြာပြီဆိုပါတော့ကွယ်၊ နေရပ်ကိုလည်း မပြန်ချင်တော့တာနဲ့ နောက်ပြီး ကျုပ် ထူးဆန်းတဲ့နေရာ တစ်နေရာကို တွေ့ထားလို့ ဒီနေရာက မပြန်နိုင်အောင် ဖြစ်နေတာကွယ်"

"ဘယ်လိုထူးဆန်းတာလဲ အဘ"

"ကျုပ် ကျောက်ချဉ်နက်ရှိတဲ့ နေရာကို တွေ့ထားတယ်"

"ဟင်… ကျောက်ချဉ်နက် ဟုတ်လား"

"ဟုတ်တယ်၊ တစ်သက်တစ်ခါ တွေ့ရခဲတဲ့ အဖိုးတန်ကျောက်မျိုးပေါ့၊ အဲဒီနေရာက ဆင်တွေ အမြဲနေတာဆိုတော့ အန္တရာယ်တော့များတယ်၊ ကျုပ်တောင် စွန့်စွန့်စားစားနဲ့ ကျောက်ချဉ်နက် ယူဖို့ကြိုးစားရင်းနဲ့ ဆင်လိုက်ခံရလို့ ဒီဒဏ်ရာ ရခဲ့တာပေါ့"

"ကျောက်ချဉ်နက်ဆိုတာ ဘယ်လိုဟာမျိုးလဲ အဘ"

"မင်း လူတွေသုံးနေတဲ့ ကျောက်ချဉ်အဖြူရော သိလား"

"ကျောက်ချဉ်အဖြူကိုတော့ သိပါတယ်"

"အေး ကျောက်ချဉ်ရဲ့ သဘာဝက အဖြူရောင်၊ အရသာက ချဉ်တယ်၊ ရေထဲထည့်လိုက်ရင် ဘယ်လောက်





နောက်နေတဲ့ရေပဲဖြစ်ဖြစ် ချက်ချင်းကြည်လာတယ်၊ သဘောကတော့ မကောင်းတဲ့အညစ်အကြေးကို နိုင်တဲ့ သဘာဝသတ္တိရှိတယ်"

"ဟုတ်ကဲ့"

"မပုပ်မသိုးစေချင်တဲ့ အရာတွေထဲမှာ ကျောက်ချဉ်ကို ထည့်ထားရင် ရက်အကြာကြီးခံတယ်၊ ကျောက်ချဉ်နက်က သဘာဝကျောက်ချဉ် အဖြူနဲ့ ဆန့်ကျင်ဘက်ပဲ။ တစ်ခုလုံး မဟူရာရောင်တောက်ပြီး နက်မှောင်နေတယ်"

"သူက ဘယ်လိုစွမ်းသလဲ အဘ"

"သဘာဝကို ဆန့်ကျင်ပြီးဖြစ်နေတဲ့ ကျောက်ချဉ်နက်ရဲ့ အစွမ်းက အဖြူထက်ပိုပြီး စွမ်းတာပေါ့၊ အင်မတန်လည်း ရှားပြီး တွေ့ရခဲတယ်၊ သူ့ရဲ့ သဘာဝသတ္တိက ဘယ်လောက်ဖြူနေတဲ့ဆံပင်ပဲဖြစ်ဖြစ် ကျောက်ချဉ်နက်ကို သွေးပြီး အုန်းဆီ လိမ်းသလို လိမ်းရင် သဘာဝအတိုင်း ပြန်နက်သွားစေနိုင်တယ်"

"တယ်ဟုတ်ပါလား"

"ကျောက်ချဉ်နက် အမြဲစိမ်ထားတဲ့ရေကို သောက်ပေးရင် သွားမကျိုးဘူး။ အရိုးအဆစ်တွေ မကျိုးတော့ဘူး။ နောက်ပြီး ကျောက်ချဉ်နက်ရဲ့ သတ္တိက အနာမပေါက်ဘူး။ ပေါက်နေတဲ့အနာရှိရင်လည်း ကျောက်ချဉ်နက်ရေကို သောက်ရင် ချက်ချင်းပျောက်တယ်၊ အနာအဖုများရှိရင်လည်း ကျောက်ချဉ်

နက်ရေနဲ့ ကုရင် ပျောက်တယ်၊ ဉာဏ်ရှိသလို ချဲ့ထွင်သုံးရင် သုံးသလောက် အကျိုးရှိတဲ့ သဘာဝပစ္စည်းမျိုးပဲ"

"တယ်ဆန်းပါလား"

"ဒါတင်မကသေးဘူး။ သိဒ္ဓိပေါက်လိုင်းမှာလည်း ဉာဏ်ရှိသလို သုံးနိုင်သေးတယ်၊ အလွန်အစွမ်းထက်တဲ့ ပစ္စည်းမျိုးပေါ့ကွယ်၊ ငါလည်း တောထဲမှာလှည့်ရင်းနဲ့ အမှတ်မထင်တွေ့ခဲ့ရတာ၊ အဲဒါကို ယူဖို့ကြိုးစားရင်းနဲ့ ဆင်လိုက်ခံရလို့ အခုလိုဘဝ ရောက်ခဲ့ရတာပါပဲ၊ မောင်ရင်လေးနဲ့တွေ့လို့သာ ကံကောင်း ထောက်မလို့ အသက်ရှင်ခွင့်ရခဲ့တာ"

"ကျွန်တော်လည်း အခွင့်သာတုန်းမို့ အခုလို ကယ်ခွင့်ရတာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အဘပြောတဲ့ ကျောက်ချဉ်နက်ကို အတော်စိတ်ဝင်စားတယ်၊ အဲဒီနေရာကို အဘ မှတ်မိသေးလား"

"မှတ်မိပါတယ်ကွယ်၊ ဒီနေရာကနေ မဝေးလှပါဘူး။ ဒါပေမယ့် အန္တရာယ်ကတော့ သိပ်ကြီးများတယ်နော် မောင်ရင်။ ဆင်ရိုင်းတွေက အဲဒီကျောက်ချဉ်နက်နားမှာ အမြဲနေကြတာ"

"ဖြစ်ပါတယ် အဘ၊ ကျွန်တော် ရအောင်ကြိုးစားမယ်၊ အခုတော့တော့တယ်တော့ အဘနဲ့ကျွန်တော် တစ်ရွာရွာ ရှာလိုက်ဦးမယ်၊ ဒီနားတစ်ဝိုက်မှာ ရှိနိုင်မလဲ အဘ"





"ရှိပါတယ်၊ ဒီကနေ အရှေ့ဘက်ကို တစ်ခေါ်သာသာလောက် ဆင်းသွားရင် ဇင်ပြွန်းပင်ကြီးတစ်ပင် တွေ့လိမ့်မယ်၊ အဲဒီသစ်ပင်ကြီးရဲ့ သစ်ခေါင်းထဲမှာ ပျားအုံကြီးတစ်အုံရှိတယ်၊ ပျားရည်တွေလည်း အပြည့်ရှိတယ်၊ ပျားသလက်ကို ကိုယ်စားလောက်ရုံကလေး ဖဲ့ယူရင် ပျားတွေက ရန်မမူပါဘူး။ သူတို့အိမ်ကို ဖျက်ဆီးမှသာ ရန်မူတာပါ"

ဟု မှာလိုက်သဖြင့် မောင်အောင်တစ်ယောက်တည်း ထွက်ခဲ့သည်။ နေရာအတိအကျ မသိသောကြောင့် အတန်ကြာအောင်လိုက်ရှာမှ ဦးသီလပြောသည့် ဇင်ပြွန်းပင်ကြီးကို ရှာတွေ့သည်။

ပြောလိုက်သည့်အတိုင်းပင် ပျားအုံက လူတစ်ရပ်သာသာမြင့်သော သစ်ခေါင်းထဲမှာရှိသည်။

ပျားများကို စိတ်ထဲမှခွင့်တောင်း၍ အနားကပ်သွားတော့ 'ဝေါ်'ခနဲ တစ်ချက်ထ,ပျံသည်။

သို့သော်...

ရန် မမူကြပေ။

ပျားအုံမှာ ပျားများမရှိတော့သောအခါ အရည်များ စွမ်းအိနေသော ပျားသတ်နှင့် ပျားကောင်ငယ်ကလေးများနှင့် ပြည့်နေသော ပျားသလက်အိမ်ကို တွေ့ရသည်။

ပျားများက အပေါ်မှာ ဝဲပျံနေကြသည်။

သူသည် ပျားကောင်ငယ်ကလေးများရှိသော ပျားသလက်အိမ်ကို မထိအောင် ဂရုစိုက်ပြီး ပျားလဘို့အနည်းငယ် ဖဲ့ယူလိုက်သည်။ သူပြန်ထွက်တော့မှ ပျားများက အုံမှာ ပြန်နားကြသည်။

သူ့အတွက် တမင်ဖယ်ပေးသလားလို့တောင် စိတ်ထဲမှ ထင်လိုက်မိသည်။

ရရှိသောပျားလဘို့ကို ဝါးကျည်တောက်ထဲသို့ ထည့်ကာ ပြန်လာခဲ့လေသည်။

ရက်အနည်းငယ်ကြာသောအခါ အဘိုးအိုမှာ ပြန်လည်ကျန်းမာလာသော်လည်း ခြေထောက်ကတော့ ကောင်းစွာ မထောက်နိုင်သေးပေ။

သို့ကြောင့်...

မောင်အောင်မှာ မြေးတစ်ယောက်ပမာ အစားအစာများကို ရှာဖွေ ကျွေးမွေးရသည်။

တစ်နေ့တော့...

"ကိုင်း... ငါ့မြေး၊ အဘလည်း နေကောင်းလာပြီ၊ ငါ့မြေးလည်း ခရီးဆက်စရာရှိသေးတယ်၊ ဒီတော့ ကျောက်ချဉ်နက်ရှိတဲ့နေရာကို အဘ သေသေချာချာ လမ်းညွှန်ပြပေးလိုက်မယ်၊ ငါ့မြေး ကြိုးစားပြီး ရအောင်သွားယူပေတော့"

ဟု ပြောကာ သွားရမည့်လမ်းနှင့် ကျောက်ချဉ်နက်ရှိသောနေရာကို ညွှန်ပြပေးသည်။





တစ်ဆက်တည်း မြောက်ဦးသို့ ရောက်နိုင်ရန် အနီးဆုံးလမ်းကိုလည်း ညွှန်ပြပေးလေသည်။

"အဘက ကျွန်တော်နဲ့ တစ်ခါတည်းလိုက်မှာမဟုတ်ဘူးလား"

"မလိုက်တော့ပါဘူးကွယ်၊ အဘမှာ တွယ်တာစရာ သံယောဇဉ်လည်း မရှိတော့ပါဘူး။ နောက်ပြီး တစ်ပါးသူ လက်အောက်မှာ ကျွန်သဘောက်ဘဝနဲ့ နေရတာနဲ့စာရင် ဒီတောထဲမှာပဲ လွတ်လွတ်လပ်လပ် နေရတာက ပိုကောင်းပါတယ်။

အသက်အရွယ်လည်း ကြီးပြီဆိုတော့ တရားအားထုတ်ရင်းနဲ့ပဲ ဒီတောင်ပေါ်မှာ အရိုးထုတ်ပါတော့မယ်"

ဟု ပြောသဖြင့် မောင်အောင်လည်း အဘိုးအို ပြောပြသည့်လမ်းခရီးစဉ်များကို သေချာစွာမှတ်သား၍ အဘိုးအိုအား ကန်တော့ပြီး ခရီးဆက်ခဲ့လေသည်။

သူသည် အဘိုးဦးသီလ လမ်းညွှန်ပေးလိုက်သော လမ်းအတိုင်း ခရီးဆက်ခဲ့ရာ ညနေပိုင်းအချိန်လောက်တွင် ရေများ တသွင်သွင် စီးဆင်းကျလျက်ရှိသော တောင်ကျစမ်းချောင်းရှိရာ တောင်ကြားတစ်ခု ရှိရာသို့ ရောက်ခဲ့လေသည်။

ချောင်းကမ်းပါးနှစ်ဖက်ရှိ တောင်ကုန်းများက မြေသားများမဟုတ်ဘဲ ကျောက်တောင်ကုန်းများ ဖြစ်ကြလေသည်။

နေဝင်တော့မည်ဖို့ သားကောင်၊ တောကောင်ကြီးများ ရေသောက်မဆင်းလာပီ သူ့အတွက် ပုန်းအိုဖို့ နေရာတစ်ခု ရှာရန် အရေးကြီးသည်။

သူသည် ဝါးကျည်တောက်နှင့် စမ်းချောင်းအတွင်းမှ ရေကို ဖြည့်ပြီး ပတ်ဝန်းကျင်တစ်ဝိုက်ကိုကြည့်တော့ စမ်းချောင်း ထိပ်ဘက် တောင်ကုန်းတစ်ကုန်းပေါ်မှာ လုံးပတ်နှင့် အကိုင်းအခက်များ ကောင်းလှသော ပျဉ်းမပင်ကြီးတစ်ပင်ကို တွေ့ရသဖြင့် ထိုအပင်ရှိရာသို့ သွားကာ အပင်ပေါ်တက်၍ သူတစ်ယောက် ကောင်းစွာထိုင်နေနိုင်သော နေရာသို့ရောက်သောအခါမှ စိတ်ချလက်ချ နားရပေတော့သည်။

သူ့မှာ ပျားရည်ကျည်တောက်နှင့် ရေတစ်ကျည်တောက် ပါလာရာ ပျားရည်နှင့် ရေကို အဝသောက်လိုက်တော့မှ ဝမ်းအဆာပြေသွားတော့သည်။

အစာစားပြီးသောအခါ တစ်နေကုန် မောပန်းလာသော ကြောင့် ခေတ္တမှေးလိုက်ရာ ခဏချင်းမှာပင် စိတ်ချလက်ချ အိပ်ပျော်သွားလေတော့သည်။

ပင်ပန်းမှုဒဏ်ကြောင့် အချိန်မည်မျှကြာအောင် အိပ်မော ကျသွားသည် မသိပေ။

သူ တက်အိပ်နေသော သစ်ပင်ကြီးတစ်ခုလုံး သိမ့်သိမ့် တုန်ခါသွားမှုကြောင့် လန့်နိုးသွားသည်။

မျက်လုံးဖွင့်ကြည့်လိုက်တော့ မိုးစင်စင်လင်းနေပေပြီ။





သစ်ပင်အောက်ဘက်ရှိ စမ်းချောင်းဆီမှ ဆူဆူညံညံ အသံများကြောင့် ငုံ့ကြည့်လိုက်ရာ တောဆင်ရိုင်းများ ရေသောက်ဆင်းနေကြသည်ကို လှမ်းမြင်ရသည်။

ဆင်ရိုင်းများမှာ ၎င်းတို့ဘာသာဘာဝ အချင်းချင်း မွတ်သပ် ကြည်စယ်ခြင်း၊ နှာမောင်းဖြင့် ရေဖျန်းကစားခြင်းများ ပြုလုပ်နေကြသည်။

ရေချိုးပြီးသော အချို့ဆင်များက ကမ်းပေါ်တက်လာပြီး သူရောက်နေရာ သစ်ပင်ကြီးအောက်ဝင်၍ ကျောဖြင့်ပွတ် လိုက်၊ ဦးကင်းဖြင့်ပွတ်လိုက် ပြုလုပ်နေသောကြောင့် သစ်ပင် တစ်ပင်လုံး သိမ့်သိမ့်တုန်ခါနေခြင်း ဖြစ်သည်။ မောင်အောင် သည် များလှသောဆင်များကို ကြည့်နေရင်းမှ ချောင်းထဲမှ ဆင်အချို့၏ အပြုအမူကို သတိပြုမိသွားသည်။ စမ်းချောင်း တစ်ဖက်တစ်ချက်တွင်ရှိသော ကျောက်တုံးများမှာ အရွယ်တူ အရောင်အသွေးတူများ ဖြစ်ကြသည်။

ရာသီဥတုဒဏ်ကြောင့် စိမ်းပန့်ပန့် ညစ်နွမ်းနွမ်း ဖြစ်နေ ကြသည်။

ထိုကျောက်တုံးများကြားမှ အပြင်သို့ တိုးထွက်နေသော ကျောက်တုံးတစ်တုံးကတော့ ထူးခြားမှုရှိလေသည်။

၎င်း၏အရောင်မှာ သာမန်ကျောက်တုံးများနှင့်မတူဘဲ အရောင်တလက်လက် တောက်ပလျက်ရှိနေသည်။

အဘယ့်ကြောင့်ဆိုသော်-

ဆင်များက ချောင်းထဲမှရေကို နှာမောင်းဖြင့် စုပ်ယူလာပြီး ငှင်းကျောက်တုံးပေါ်သို့ ဖျန်းချလိုက်သည်။

ထို့နောက်–

ကျောက်တုံးပေါ်မှ ပြန်စီးကျလာသော ရေကို သောက်သည်။

ကျောက်တုံးကို လျှာဖြင့်လျက်ကြသည်။

အရပ်မမီသော ဆင်ပေါက်ကလေးများက အောက်သို့ကျလာသော ရေကို စောင့်ပြီးသောက်ကြရသည်။

ငှင်းကျောက်တုံး၏ အောက်ခြေတစ်ဝိုက်မှာ ဆင်များနင်းထားသည်များသဖြင့် ပြောင်ချောလျက်ရှိသည်။

ရေသောက်ဆင်းလာသော ဆင်အုပ်ကြီးမှာ တစ်ကောင်မကျန် ငှင်းကျောက်တုံးမှ ကျသောရေကိုသောက်၊ ကျောက်တုံးမှ ကျလာသောရေကို သောက်ပြီးမှ တောင်ပေါ်သို့ပြန်တက်သွားကြလေသည်။

ဆင်အုပ်စုများ တက်သွားသောအခါ ကျားများရောက်လာပြီး ရေစိုနေသော ကျောက်တုံးကို လျှာဖြင့်လျက်ကြပြန်သည်။ ကျားများ ပြန်တက်သွားပြန်တော့ အခြားသတ္တဝါများတစ်ကောင်ချင်းသော်လည်းကောင်း၊ အုပ်စုလိုက်သော် လည်းကောင်း ရောက်လာကာ ရေဖျန်းကြ၊ ရေသောက်ကြ၊ လျှာဖြင့်လျက်ကြပြန်လေရာ မွန်းတည့်ချိန်လောက်ရောက်မှ တိရစ္ဆာန်များ ရှင်းသွားလေတော့သည်။





"ဘာကျောက်တုံးမို့ ဒီလောက် မက်မက်မောမောလုပ်နေကြတာပါလိမ့်၊ အဘ ဦးသီလ လမ်းညွှန်ပေးလိုက်တာကတော့ ဒီနေရာတစ်ဝိုက်ပဲ၊ ဒီကျောက်တုံးဟာ အဘဦးသီလပြောတဲ့ ကျောက်ချဉ်နက် ဆိုတာများဖြစ်မလား၊ တိရစ္ဆာန်တွေရှင်းသွားတုန်း ဆင်းကြည့်ဦးမှပဲ"

ဟု တွေးကာ သစ်ပင်ပေါ်မှ အောက်သို့ဆင်းသည်။

ပြီးမှ အခြေအနေကို ခဏစောင့်ကြည့်ပြီး ကောင်းတော့မှ စမ်းချောင်းထဲသို့ ဆင်းသည်။

စမ်းချောင်းထဲသို့ ရောက်သောအခါ စောစောက တိရစ္ဆာန်ပေါင်းစုံ လျှာဖြင့်လျက်နေကြသော ကျောက်တုံးရှိရာသို့ သွားကြည့်လေသည်။

အဝေးမှလှမ်းကြည့်စဉ်က သာမန်အခြားကျောက်တုံးများဖြင့် အရောင်တူဟု ထင်ရသော်လည်း အနားကပ်ကြည့်သောအခါမှ ထိုကျောက်တုံး၏ အရောင်မှာ အခြားကျောက်တုံးများနှင့် အရောင်မတူဘဲ မည်းနက်လျက်ရှိကြောင်း တွေ့ရလေသည်။

တိရစ္ဆာန်ပေါင်းစုံတို့ ကြိမ်ဖန်များစွာ လျှာဖြင့်လျက်၊ ရေနှင့်ဖျန်းထားသောကြောင့် သာမန်အနက်ရောင်မျိုး မဟုတ်တော့ဘဲ မဟူရာရောင် တောက်ပနေတော့သည်။

ကျောက်စွန်းတစ်ခုလုံးမှာလည်း ပြောင်ချောလျက်ရှိနေတော့သည်။

ရွှေသမင်စာပေ

ဂ

"ဒီကျောက်တုံးက တခြားကျောက်တုံးတွေနဲ့ မတူပါလား။ အရောင်က မည်းနက်နေတာပဲ၊ အဘဦးသီလ လမ်းညွှန်လိုက်တဲ့ ကျောက်ချဉ်နက်ဆိုတာများလား"

ဟု စဉ်းစားကာ ကျောက်တုံးပေါ်မှ စီးကျနေသော ရေကို လက်ညှိုးဖြင့် တို့ယူ၍ လျှာပေါ်တင်ကြည့်လိုက်သည်။

ပါးစပ်ထဲမှာ စူးစူးဝါးဝါး ချဉ်လှသောအရသာ ရောက်လာတော့သည်။ ချဉ်လွန်းသောကြောင့် တံတွေးကိုပင် မြိုချ ပီလျက်သား ဖြစ်သွားရာ ခံတွင်းတစ်ခုလုံး ရှင်းလင်းသွားလေတော့သည်။

"အလိုလေး– အဘဦးသီလပြောလိုက်တဲ့ ကျောက်ချဉ်နက် ဆိုတာ တကယ်ရှိတာပါလား။ ဒါပေမယ့် ငါ ဘယ်လိုရအောင် ယူရပါ့မလဲ"

ကျောက်ချဉ်နက်မှာ သဘာဝကျောက်တောင်ကြီးမှ အပြင်သို့ ထိုးထွက်နေသော ကျောက်စွန်းတစ်ခုတွင် ရှိလေသည်။

မည်းနက်သော အရောင်မှာ ကြည်လင်လွန်းသောကြောင့် တစ်ဖက်နှင့်တစ်ဖက် မြင်ရလုမတတ် ရှိလေသည်။

"အင်း... ကျောက်ချဉ်နက်တော့ တွေ့ပြီ၊ ဒါပေမယ့် ဘယ်လိုရအောင်ယူရပါ့မလဲ၊ ဒီနေရာမှာ သိပ်ကြာကြာနေလို့လည်း မဖြစ်သေးဘူး။ ညနေဘက် တိရစ္ဆာန်တွေ ရေသောက်ဆင်းလာတာနဲ့တိုးရင် မလွယ်ဘူး။





ဒါပေမယ့် ဒီလောက်ရှားပါးတဲ့ ပစ္စည်းကိုတွေ့ပါလျက်နဲ့ ရအောင်မယူနိုင်ပြန်ရင်လည်း ငါ့လောက်ဖိုက်မဲတဲ့လူ ရှိမှာမဟုတ်တော့ဘူး။

ငါ... ဘယ်လိုလုပ်ရပါ့မလဲ"

ဟု အတန်ကြာအောင် စဉ်းစားပြီး ကြံရာမရတော့မှ ဓားကိုချွတ်၍ ခုတ်ကြည့်သည်။

ဓားမှာ ထက်ပိုင်းကျိုးကျသွားသည်။

ဓားနောင့်နှင့် ထုပြန်တော့ ထပ်ကျိုးပြန်သည်။

ဓားရိုးနှင့်ထုတော့ ဓားရိုးပါကျိုးသည်။

သူ့မှာ ထုစရာလက်နက်ပစ္စည်း မရှိတော့သောအခါ အနီးဝန်းကျင်မှ အရွယ်တော်ကျောက်တုံး ကျောက်ခဲများကို တစ်တုံးပြီးတစ်တုံး ကောက်ကာ ထုခွဲသည်။

အခြားကျောက်တုံးများသာ တစ်စစီကြေမွသွားသည်။

ကျောက်ချဉ်နက်တုံးကတော့ တုတ်တုတ်မျှမလှုပ်ပေ။

ကြာတော့ လက်တွေပေါက်၊ လူတစ်ကိုယ်လုံး မောဟိုက်လာလေတော့သည်။

"ဟင်း... ဘယ်လိုလုပ်လို့မှ မရပါလား။ ငါတော့ ဒီလောက်တန်ဖိုးရှိတဲ့ပစ္စည်းကို တွေ့ရပါလျက်နဲ့ ရအောင်မယူနိုင်တာနဲ့ ဒီအတိုင်း လက်လျှော့ပြန်ရတော့မယ် ထင်ပါရဲ့"

ဟု တွေးမိကာ စိတ်ပျက် အားလျော့မှု ဖြစ်မိလေသည်။

အတန်ကြာတော့မှ သူ့ကျောပိုးအိတ်ထဲမှာ ပါလာသော ကျောက်လက်ဝါးကြီးကို သတိရလေတော့သည်။

"အား... အခုမှ သတိရတယ်၊ ငါ့ဆီမှာ သိဒ္ဓိရှိတဲ့ ကျောက်လက်ဝါးကြီးနဲ့ ဖွဲကြည့်ရင် ရနိုင်မယ့်ထင်တယ်"

ဟု စိတ်ကူးပေါ်ကာ အိတ်အတွင်းမှ ကျောက်လက်ဝါးကြီးကို ထုတ်ယူလိုက်လေသည်။

ထို့နောက် ကျောက်ချဉ်နက်တုံးပေါ်သို့ ကျောက်လက်ဝါးကြီးကို အုပ်တင်လိုက်ရာ နှစ်ခုစလုံး သိမ့်သိမ့်တုန်လာလေတော့သည်။

ကျောက်လက်ဝါးကြီး တဆတ်ဆတ်တုန်နေပုံမှာ လူ၏ လက်တစ်ဖက် ဓာတ်လိုက်ခံနေရသည်နှင့်ပင် တူလေတော့သည်။ အတန်ကြာသောအခါ ကျောက်ချဉ်နက်တုံး၏ ထိပ်ပိုင်းမှာ ဖျပ်ခနဲ ကျိုးကျသွားလေတော့သည်။

ထိုအခါမှပင် စောစောက သံလိုက်တစ်ခုကဲ့သို့ ကပ်နေသော ကျောက်လက်ဝါးကြီး ကွာကျသွားလေတော့သည်။

"ဟား ငါလိုချင်တဲ့ ကျောက်ချဉ်နက်ကို ရပြီကွ"

ဟု ဝမ်းသာအားရ ရေရွတ်ကာ ကျောက်ချဉ်နက်ကို ကောက်ယူလိုက်သည်။

ကျောက်ချဉ်နက်တုံးမှာ လက်သီးဆုပ်ခန့်ရှိပြီး အရောင်မှာလည်း သလင်းကျောက်ကဲ့သို့ ကြည်လင်တောက်ပလှသည်။





သူသည် ရလာသော ကျောက်ချဉ်နက်တုံးကို ထပ်မံ၍ လှည့်ဖြင့်လျက်ကြည့်သောအခါ ချဉ်စူးလှသော အရသာကို ဦးစွာရရှိပြီး အတန်ကြာသောအခါမှ ချိုမြမြအရသာ ပြောင်းသွားသည်ကို သတိပြုမိလေသည်။

သူသည် ထိုအရသာကို ခံတွင်းတွေ့သွားပြီဖြစ်၍ ဘေးနားတွင်ကျနေသော အတုံးငယ်ကလေးတစ်ခုကို ပါးစပ်တွင်း ထည့်ပြီး ငုံထားသည်။

ထိုသို့ငုံလိုက်သောအခါ အာခံတွင်းနှင့် သွားများ ကျင်တက်သွားပြီး အတန်ကြာမှ ထုံဆေးနှင့် ထိလိုက်သလို ဖြစ်သွားသည်။

ခံတွင်းတစ်ခုလုံးလည်း ရှင်းသွားလေသည်။

လက်သန်းဖျားလောက်ရှိ ကျောက်ချဉ်နက်တုံးကလေးကို ပါးစပ်ထဲငုံထားရုံနှင့် အမောပြေခြင်း၊ ဆာလောင်မွတ်သိပ်မှုများ ပြေပျောက်သွားကာ ရင်ထဲမှာ ခွန်အားများတိုးပွားသလို ခံစားရလေသည်။

ထိုအချိန်မှာပင် ဆင်ရိုင်းများအော်သံ၊ တောတိုးလာသံများကို ကြားလိုက်ရသဖြင့် ကျောက်ချဉ်နက်တုံးကို အိတ်ထဲထည့်ကာ ထိုနေရာမှ အလျင်အမြန်ထွက်လာခဲ့လေသည်။

## အခန်း(၁၆)

## မောင်အောင်၏ လျှို့ဝှက်အကြံ

မောင်အောင်သည် ဦးသီလ ပြောပြလိုက်သော လမ်းအတိုင်း စွန်တောင်ပေါ်မှ အနောက်ဘက်သို့ ဆင်းသွားသောအခါ မြေပြန့်တစ်ခုသို့ ရောက်သွားသည်။

ထိုမြေပြန့်တစ်ဝိုက်မှာတော့ တောင်ယာစိုက်ပျိုးသောတဲအချို့ကိုတွေ့သဖြင့် အကျိုးအကြောင်းပြောပြ၍ အကူအညီတောင်းရာ အစားအသောက်ရရှိခြင်းနှင့် မြောက်ဦးသို့သွားသောလမ်းကို ညွှန်ပြပေးခြင်း အစရှိသော အကူအညီများကို ရရှိခဲ့သည်။





အချို့ရွာများ ရောက်သောအခါ နေမကောင်းဖြစ်နေသူများ၊ ထိခိုက်ဒဏ်ရာများ ရနေသူကိုတွေ့လျှင် ဆေးကုပေးသွားလေသည်။

ဤသို့ဖြင့် လေးမြို့မြစ်မှ ခွဲထွက်လာသော မြစ်များတစ်ခုကို ကျော်ပြီး ရက်အတန်ကြာ ခရီးဆက်သောအခါ မြောက်ဦးသို့ ရောက်လေတော့သည်။

မြောက်ဦးမှာ ရခိုင်ပြည်နယ်၏ ရှေးဟောင်းမြို့လည်းဖြစ်၊ သမိုင်းဝင်နေရာလည်း ဖြစ်သည်။

ရှစ်သောင်းဘုရား၊ ကိုးသောင်းဘုရားများအပြင် နောင်တစ်ခေတ်တွင် စန္ဒမုနိ ကြေးသွန်းဘုရားကြီး ပေါ်တော်မူလာသောအခါ ဘုရားဖူးများဖြင့် ပိုမိုစည်ကားလာတော့သည်။

မြောက်ဦးရောက်သောအခါ မိမိလူများ ရောက်၊ မရောက် လိုက်လံစုံစမ်းကြည့်သောအခါ တစ်လောက ရောက်လာသော ဘုန်းတော်ကြီးတစ်ပါး ပါသော လူတစ်စုတို့ ဇမ္ဗူလတောင်ကုန်းတစ်ဝိုက်တွင် တည်းခိုနေကြောင်း သိရသဖြင့် ထိုနေရာသို့ လိုက်လာခဲ့သည်။

ဇမ္ဗူလတောင်မှာ မမြင့်လှတဲ့ တောင်ကုန်းတစ်ခုသာဖြစ်ပြီး ထိုအမည်ကိုအစွဲပြု၍ ဇမ္ဗူလကျောင်း၊ ဇမ္ဗူလချောင်း အစရှိသော အမည်များဖြစ်ပေါ်ခဲ့သည်။

အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလက ဇမ္ဗူလကျောင်း မူလဆရာတော်ကြီးက ၎င်းကျောင်း၌ ကိုးကွယ်သော ကြေးသွန်း

ဘုရားကြီးတစ်ဆူကို မသမာသူများ ဖျက်ဆီးမည်စိုးသော ကြောင့် အင်္ဂတေအုတ်၍ မဲဘုရားပြုလုပ်ထားခဲ့သည်။

လွတ်လပ်ရေးရပြီး နှစ်ပေါင်းလေးဆယ်ကျော် ကြာသော အခါမှ အင်္ဂတေများကွာကျပြီး ပေါ်တော်မူ ကြေးသွန်းဘုရား ကြီးအဖြစ် ထင်ရှားလာခဲ့လေသည်။

ထိုအချိန်က ဗန္ဓုလတောင်ကုန်းပေါ်မှာ လူနေအိမ်ခြေ မရှိသေးဘဲ ဘုရားပြို ဘုရားပျက်များနှင့် တောအုပ်များသာ ရှိပေသည်။

သူရောက်သွားတော့ ဇရပ်ကြီးတစ်ဆောင်ပေါ်မှာ အုပ်စု ဖွဲ့ကာ တည်းခိုနေသော လူအချို့ကို တွေ့ရသည်။

ထိုအထဲမှာ ကျားဖြူတောင်ဘက်မှ စစ်ပြေးလာခဲ့ကြ သော ရွာသူရွာသား အတော်များများပါသည်။

ဆရာတော်ကြီး ဦးဇာဂရ

သူ၏မိဘနှစ်ပါးဖြစ်သော ဦးစိတ္တ၊ ဒေါ်မယ်ခ။

ဦးဒီပနှင့် ဒေါ်လှဆွယ်၊ ဦးဇော်ခွန်၊ ဒေါ်နန်းမေ တို့အပြင်၊ သူ့ချစ်သူ နန်းရွှေရည်ကိုပါ တွေ့ရသဖြင့် ရင်ထဲမှာ အတိုင်းထက်အလွန် ဝမ်းသာသွားလေသည်။

နန်းရွှေရည်ကလည်း သူ့ကိုမြင်သောအခါ ဝမ်းသာ အားရ ပြေးလာလေသည်။

"ဟယ်... ကိုအောင် ရောက်လာပြီ"

"ရွှေရည် ဘာမှ မဖြစ်ဘူးနော်"





"ရွှေရည် ဘာမှမဖြစ်ပါဘူး ကိုအောင်ရယ်"

"ရွာသူရွာသားတွေရော ဘာဖြစ်ကြသေးလဲ"

"မျက်နှာဖြူစစ်သားတွေ နှိပ်စက်လို့ သေတဲ့လူတွေ လည်း သေကုန်ကြတယ်၊ ကျွန်မတို့တစ်တွေကတော့ ဆရာ တော်ကြီးက ဒီဘက်ခေါ်လာလို့ အားလုံးလိုက်လာကြတာ"

"စိတ်မကောင်းစရာပါပဲ ရွှေရည်ရယ်"

"ကိုအောင်ကို အခုလိုပြန်တွေ့ရတာ ရွှေရည်တော့ သိပ်ပြီး အားရှိတာပဲ၊ ရွှေရည်တို့ ရွှံတောင်ပေါ် ညဘက်ကြီး ရောက်လာတော့ လူတစ်ယောက်နဲ့တွေ့တယ်၊ သူက ကိုအောင်နဲ့ သိတယ်လို့ ပြောတယ်"

"ဟင်..."

သူ့စိတ်ထဲမှာ ချက်ချင်း ကိုဇော်ဂျီဆိုသောလူကို သတိ ရလိုက်မိသည်။

"သူကပြောတာပဲ၊ ကိုအောင် ဒီတောထဲမှာ ရှိနေသေး တယ် ဆိုတာနဲ့ ရွှေရည် အော်ခေါ်ကြည့်သေးတယ်၊ ကိုအောင် ခေါ်သံ မကြားဘူးလား"

"ကြားတယ်... ဒါပေမယ့် ညအချိန်မတော်ကြီးဆိုတော့ မကောင်းဆိုးဝါးတွေ လှည့်စားတဲ့ အသံမှတ်လို့ ပြန်မထူးခဲ့ တာ"

"အို... ကိုအောင်ကလည်း ရွှေရည်တောင် မကောင်း ဆိုးဝါး ဖြစ်ရတော့မလိုဘဲ"

"ဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး ရွှေရည်ရယ်၊ တောထဲ တောင်ထဲမှာက အန္တရာယ်မာယာတွေက များလွန်းတာကြောင့် သတိထားရတယ်လို့ ပြောပြတာပါ၊ ကဲ... လူကြီးတွေဆီ သွားကြအောင်"

သူရောက်လာသည့်အတွက် အားလုံးက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

ဆရာတော် ဦးဇာဂရက...

"ငါ့တပည့်ကို ဒီမှာ ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ဒီနယ်မှာရှိတဲ့ ဗိုလ်တောဆိုတာ ဆရာတော်ရဲ့ တပည့်ပဲ၊ မင်းတို့ သူတို့နဲ့ဆက်သွယ်ပြီး တော်လှန်ရေးကိစ္စတွေ လုပ်ကြရမယ်"

ဟု မိန့်ကြားသည်။

"ဆရာတော်မိန့်ကြားတဲ့အတိုင်း တပည့်တော် ဆောင်ရွက်ပါ့မယ် ဘုရား"

ဟု ကတိပေးလိုက်သည်။ ထို့နောက်...

ကိုအောင်က ဦးဒီပနှင့် ဒေါ်လှဆွယ်တို့ကို ဇော်လှန်းကိစ္စနှင့်ပတ်သက်၍ တောင်းပန်ရလေသည်။

ထိုအခါ ဦးဒီပက...

"ဒီကိစ္စကို တို့အားလုံးသိခဲ့ပြီးပါပြီ၊ အခုလိုဖြစ်ရတာ မင်း မလွန်ပါဘူး။ သူ့မိုက်ပြစ် သူခံရတာပါပဲ၊ ဦးတို့က မင်းကို အပြစ်မတင်ပါဘူးကွယ်"





ဟု ခွင့်လွှတ်သောစကား ပြောကြားလေသည်။

နောက်ပိုင်းတွင် လူကြီးများက စီစဉ်ပေးကြသဖြင့် မောင်အောင်နှင့် နန်းရွှေရည်ကို လက်ထပ်ပေးလိုက်ကာ ထိုဒေသမှာပင် မထင်မရှားဘဝနှင့် ဇာတ်မြှုပ်ကာ နေထိုင်ကြလေသည်။

တစ်နေ့သောအခါ မြောက်ဦးမြို့ဆိပ်ကမ်းသို့ အင်္ဂလိပ်သင်္ဘောတစ်စင်း ဆိုက်ကပ်လာလေသည်။

ထိုသင်္ဘောပေါ်မှာ မျက်နှာဖြူအရာရှိ လေးယောက်၊ စကားပြန်များနှင့် အင်္ဂလိပ်စစ်သားများ ပါလာကြသည်။

မြောက်ဦးမြို့ သူကြီးက အကျိုးအကြောင်း မေးကြည့်သောအခါ စကားပြန်က...

"ဒီမြို့မှာ ကျောက်ချဉ်နက်ရှိတဲ့ နေရာကို သိတဲ့လူရှိတယ်လို့ သတင်းကြားတယ်၊ သူ့ကိုခေါ်ပေးပါ၊ ကျောက်ချဉ်နက် ရှိတဲ့နေရာကို လမ်းပြပေးရင် ဆုတော်ငွေ အများကြီးရမယ်၊ သခင်ကြီးတွေက ရာထူးလည်း ပေးမယ်လို့ပြောတယ် သူကြီး"

ဟု ပြောသဖြင့် မြောက်ဦးသူကြီးက ကျောက်ချဉ်နက်ရှိတဲ့နေရာကို လမ်းပြပေးနိုင်သူအား စုံစမ်းရှာဖွေရလေတော့သည်။ ထိုသတင်းကို ကြားသောအခါ မောင်အောင်က ဦးဇော်ခွန်တို့၊ ဦးဒီပတို့နှင့် တိုင်ပင်ကာ အစီအစဉ်များပြုလုပ်ပြီး သူကြီးနောက်သို့ လိုက်သွားလေသည်။

မျက်နှာဖြူ အရာရှိကြီးများနှင့် တွေ့သောအခါ–

"မင်း ကျောက်ချဉ်နက်ရှိတဲ့ နေရာကို တွေ့သလား"

ဟု မေးသည်။

"တွေ့တယ်"

"လမ်း မှတ်မိသလား၊ လမ်းပြပေးနိုင်သလား"

"ပြပေးနိုင်တယ်"

"ဒီလိုဆိုရင် လမ်းပြခအတွက် ဆုတော်ငွေယူပြီး ကျွန်ုပ်တို့ကို လမ်းပြပေးပါ"

ဟုပြောကာ ဒင်္ဂါးအိတ်ကိုပေးသဖြင့် မောင်အောင်က ယူပြီး လမ်းပြပေးရန် သဘောတူလိုက်လေသည်။

နန်းရွှေရည်ကတော့ မောင်အောင့်အတွက် စိတ်ပူနေလေသည်။

"စိတ်မပူပါနဲ့ ရွှေရည်ရယ်… ကိုယ်တို့မှာ အကြံအစည်ရှိလို့ လိုက်ပို့တာပါ၊ ကိုယ် ဘာမှ မဖြစ်စေရပါဘူး"

ဟု နှစ်သိမ့်ကာ နောက်တစ်နေ့ နံနက်စောစောမှာ ခရီးစတင်ထွက်ကြလေသည်။

သူတို့အဖွဲ့၌ မျက်နှာဖြူအရာရှိလေးယောက်၊ စကားပြန်နှစ်ယောက်နှင့် မျက်နှာဖြူစစ်သား ၁၅ ယောက် လိုက်လာကြသည်။

စစ်သားများမှာ သေနတ်နှင့် လက်နက် ရိက္ခာများ အပြည့်အစုံ ပါရှိလာကြသည်။





ခွန်တောင်ရောက်အောင် လှည်းတစ်တန်၊ လှေတစ်တန်နှင့် သွားကြရသည်။ တောင်ပေါ်ရောက်သောအခါ နံနက်ပိုင်းဆင်များ ရေသောက်ဆင်းချိန်ကို တမင်ရှောင်၍ ကျောက်ချဉ်နက်ရှိရာကို လမ်းပြပေးလိုက်သည်။

မောင်အောင်ကတော့ ဘေးလွတ်ကင်းရာ သစ်ပင်တစ်ပင်ပေါ်သို့ တက်ကာ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

မျက်နှာဖြူအရာရှိများနှင့် စစ်သားများမှာ အငမ်းမရယင်နည်းအမျိုးမျိုးနှင့် ဖွဲ့ယူရန်ကြိုးစားကြလေတော့သည်။

ကျောက်ချဉ်နက်တုံးကတော့ တုတ်တုတ်မျှမလှုပ်ကြပေ။

နောက်ဆုံး ကြံရာမရသောအခါ သေနတ်များဖြင့် တဒိုင်းဒိုင်းပစ်လေရာ တောတစ်တောလုံး သေနတ်သံများဖြင့် ဆူညံနေလေတော့သည်။

ထိုအသံများကြောင့် လေးဖက်လေးတန်မှ တောဆင်ရိုင်းအုပ်များ ဆင်းလာသံများကို မကြားနိုင်ကြတော့ပေ။

အချိန်အနည်းငယ်အတွင်းမှာ တောင်ကုန်းများပေါ်မှာ တောဆင်ရိုင်းများ ရောက်လာပြီး ကျောက်ချဉ်နက်ရှိရာမှာ လူများရောက်နေသည်ကို တွေ့သောအခါ ဒေါသတကြီး အော်ဟစ်ကာ ပြေးဆင်းလာပြီး လူများကို တရကြမ်း ဝင်ရောက် တိုက်ခိုက်ကြလေတော့သည်။

ဆင်များ အနားရောက်လာကာမှ စစ်သားများက သေနတ်များဖြင့် ပစ်ခတ်ကြသော်လည်း ဘယ်လိုမှ မတားဆီးနိုင်တော့ဘဲ အင်္ဂလိပ်မျက်နှာဖြူလေးယောက်နှင့် နောက်လိုက်နောက်ပါတို့မှာ ပေသံပါအောင် ကြောက်လန့်တကြား အော်ဟစ်ရင်းနှင့် တောဆင်ရိုင်းများ ခြေထောက်များအောက်၌ အသက်ပျောက်သွားကြလေတော့သည်။

သစ်ပင်ပေါ်မှ တိုမြင်ကွင်းကိုကြည့်နေသော မောင်အောင်စိတ်ထဲမှာတော့–

"တို့တိုင်းပြည်ကို မတရားကျူးကျော်ပြီး တို့မြေပေါ်က အဖိုးတန်ပစ္စည်းတွေကို လိုချင်တဲ့ မင်းတို့အတွက်ကတော့ ဒီလိုဆုလာဘ်မျိုးနဲ့သာ အထိုက်တန်ဆုံးပါပဲကွာ"

ဟု အားရကျေနပ်စွာ ရေရွတ်လိုက်လေတော့သည်။

✽✽✽





## အခန်း (၁၇)

## ကျောက်အမြှုတေနိဂုံး

ကျွန်ုပ်သည် အဘဦးအောင်ကိုယ်တိုင် ရေးသားထားသော မှတ်တမ်းကြီးကို အစ,အဆုံး ဖတ်ကြည့်ပြီးသောအခါ ထူးဆန်းလှသော အကြောင်းအရာများကို တွေ့ရသဖြင့် များစွာအံ့သြမှုဖြစ်မိလေသည်။

ကျွန်ုပ်သည် ပေစာချပ်များကို အစ,မှ အဆုံးတိုင်အောင် ပြန်တပ်လိုက်သည်။

"ငါ့မြေးသိချင်တာတွေ ရှိသေးလား"

"အဘ ကျောက်ချဉ်နက် ရလာပြီးတဲ့နောက်ပိုင်း အဖြစ်အပျက်ကလေးတွေကို နည်းနည်းလောက် သိချင်ပါတယ် အဘ"

"အဘ တောရွက်လှိုင်ချက်ကြီးတွေရောက်လိုက်လို့ ရ ကျွန်တော ရောက်ခဲ့တဲ့ ကာလတောင်တွေလွှင်းလိုက် ထိုပါလေက ရပ်တွေရဲ့ အနာအရောက်တွေကို ကုသလာခဲ့တယ်။

ဝိဥ္စာ ကံရုရဲ့ ရေရောက်လာခဲ့တဲ့ လုပ်ငန်းကြီး အမောင်လှမ်းလှမ်းရဲ့ အသက်ကို ကယ်တင်နိုင်ခဲ့တယ်"

"ဟုတ်ကဲ့ အဘ"

"တောထဲမှာ မြစ်ချောင်းတွေ စီးဆင်းလာတဲ့ သစ်ပင်တွေ ဆိုတာ အမြစ်စိုက်ကြီးထွားလာတာ အဘရဲ့ အမေ အဖေ တွေ အဘရဲ့ဘဝကြောင်းက နှမ်းချွေရင်းပဲ ရေထဲကို ဘဝပြောင်းသွားကြပြီ အဘလည်း ဒီကျွန် တောင်ပေါ် တစ်ယောက်တည်း ကျန်ခဲ့ တဲ့ အလွမ်းကိုပဲ ထုပ်ရခဲ့တာပါပဲ"

"အဘ ဒီကျွန်းမြေတောင် အဘကိုမှာလှည့်ရတဲ့ ကျွန်းမြေကြီးက ဘယ်အချိန်ကတည်းက ရှိနေတာလဲဟင်"

"အဘ ဒီတောင်ပေါ်ရောက်ခါက ဒီတောင်ပေါ်မှာ ကျွန်းမြေကြီးတစ်ကောင် ရှိတယ်၊ သူနေတာက အဘ အရင်ကတဲ့ ဂူထဲမှာပဲ ဒီကျွန်းမြေကြီးက သူတော်ကောင်း ကျွန်းစိုးရင်တည်း မှားသေး"

တခြားတော်ရွှေနန်းတွေကို အသေးအသားနဲ့ ပတ်သက်တဲ့ အကားအတော်ကို ထုံးဝေးလားအေး အဘရောက်လာတော့ သူက ချိန်တွေတဲ့အပြင် အဘအတွက်ပါ စေ့ရေးပေးခဲ့တယ် အဘက





သူ့ကို တောရွက်လှိုင်ရေ ရေကိုင်း တိုက်ကာပေါ် သူ့တောသူ တုံ့အပေါ်မှာတော့ အရက်ကာလနေရာရဲ့ အကက်ပိုင်တိုင် ဒီကျွန်းမြေကြီးကို ထုတ်ပေးလာတော့"

ဟု မိန့်ကြားလေသည်။

"အဘရဲ့တဲ့ တောရွက်အမြုတ်ရောက်ရော အခါကို အစ်ကုန်ရှိုက်ကသေး အဘ"

"ဗိုလ်မြန့်ကိုတုက်လာတော့ တောင်ပေါ်ကနေ တစ်နေရာ မှာ ဆေးဝါးလေ့လာရင်းနဲ့ ရှင်ကြီးနေတယ် မောင့်ကလေး ဒီတောင့်ပေါ်မှာ သားနဲ့လူတွေရဲ့ ပေါင်းပြီးနဲ့ အေး တည်းတော့ ဖွဲ့နေတာတည်းလိုက်တယ် ဗိုလ်မြန့်"

"ကြော်..."

"အဘရဲ့တဲ့ တောရွက်သောက်ခါးကြီးမှာပဲတော့ ရေနံသ ကောင်းသော့ ဗိုလ်မြန့်ကို ပို့ပေးခဲ့တာ ရှာသင်းပေးလိုက်သော"

"ဟုတ်ကဲ့ ရပါတယ်အဘ ဒါနဲ့တောရွက်သောက်ခါးကြီး ရောင့် ကျွန်တော် ဒီကိုလိုက်လာခဲ့တာပါ၊ ဒါတော့ အဘရဲ့ တဲ့ တောရွက်လှိုင်ချက်ကရော အဘ ဘယ်နေရာမှာ သုံးလိုက် သလဲဟင်"

"ဟို သောက်ရေတွင်းထဲမှာ အမြဲတည်ထားတယ် ဗိုလ်မြန့်ကို ဝင်လာခါက သောက်ခဲ့ရတယ် မဟုတ်လား"

"ဟုတ်ကဲ့ သောက်ခဲ့ရပါတယ် အဘ။ ဒါကြောင့် အရသာက တစ်မျိုးကြီးဖြစ်နေတာလိုလို့ ထင်ခဲ့တာ"

"ကျောက်ချဉ်နက်ရေဆိုတာ သဘာဝဆေးရည်ပဲကွယ်၊ ဒါကို သောက်ရတဲ့အတွက် ငါ့မြေးတို့ သက်ရှည်ကျန်းမာတဲ့ အကျိုးတရားတွေ ရပါလိမ့်မယ်"

"ဟုတ်ကဲ့အဘ၊ ဒါထက် အဘရဲ့ မှတ်တမ်းထဲမှာ ကိုဇော်ကျိုဆိုတဲ့ လူနဲ့တွေ့ခဲ့တဲ့ မှတ်တမ်းတွေကို ဖတ်ရပါတယ်၊ သူက အချိန်တန်ရင် ထပ်တွေ့ကြမယ်လို့ ပြောသွားတော့ သူနဲ့ရော ထပ်တွေ့သေးသလားဟင်"

အဘိုးအိုက ပြုံး၍

"သူက အဘဆီကို အမြဲလာလေ့ရှိပါတယ်၊ အဘနဲ့ တရားထိုင်ဖော် ထိုင်ဖက်တွေပါပဲ"

"အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ် . အဘ၊ ဒီမှတ်တမ်းတွေကိုလည်း ယူသွားခွင့်ပြုပါ"

"ယူသွားပါ၊ ငါ့မြေး အလိုဆန္ဒ ရှိသလိုသာ အသုံးပြုပေတော့"

ဟု ခွင့်ပေးလေသည်။

ကျွန်ုပ်တို့လည်း အဘိုးအိုအား ရှိသေစွာကန်တော့လိုက်ကြသည်။

"သာဓုကွယ် သာဓု သာဓု၊ ငါ့မြေးတို့ကို အဘမှာချင်တာကတော့ ကိုယ်ကျင့်တရား လုံခြုံအောင် ထိန်းကြ၊ ဘယ်အလုပ်မဆို ကိုယ်ချင်းစာတရားထားပြီး လုပ်ကြ၊ မေတ္တာတရားကို များများပွား၊ သစ္စာတရားကို ယုံကြည် အားကို





ကြ၊ ဘုရား တရား သံဃာနဲ့ အနန္တောအနန္တ ငါးပါးကို မမေ့ကြနဲ့၊ ဒါဆိုရင် ငါ့မြေးတို့အတွက် ဒီဘဝလည်း ကောင်းမယ်၊ နောင်ဘဝအတွက်လည်း စိတ်အေးကြရလိမ့်မယ်"

ဟု သွန်သင်မှာကြားလိုက်လေသည်။

ကျွန်ုပ်တို့နှစ်ယောက်လည်း ကျောက်ချဉ်နက် စိမ့်ထားသော ရေကို တစ်ခွက်စီသောက်ပြီး အဘိုးအိုအား နှုတ်ဆက်ကာ ကျားဖြူတောင်ပေါ်မှ ပြန်ဆင်းခဲ့ကြလေသည်။

လမ်းရောက်တော့ ဇမုန်းထန်ဆီမှ အံ့သြဖွယ်ကောင်းသော စကားကို ကြားရလေသည်။

"ကျုပ်တော့ အဘပြောလိုက်တဲ့ ဘယ်အလုပ်မဆို ကိုယ်ချင်းစာတရားထားပြီး လုပ်ကြဆိုတဲ့ စကားကြားရတာ စိတ်ထဲမှာ တစ်မျိုးကြီးပဲဗျာ၊ ကျုပ် တိရစ္ဆာန်လေးတွေကို လိုက်သတ်နေတာ တိရစ္ဆာန်တွေက အသတ်ခံချင်ကြမှာ မဟုတ်ဘူး၊ ကျုပ်အသက်ကို သတ်ဖို့ကြံရင်လည်း ကျုပ်အနေနဲ့ သေရမှာကို ကြောက်မှာပဲဗျ။

ဒါကြောင့် ဒီကနေ့ကစပြီး တခြား အသက်မွေးဝမ်းကျောင်း အလုပ်ပဲ လုပ်တော့မယ်။

အမဲလိုက်တဲ့အလုပ်ကို မလုပ်တော့ဘူးဗျာ"

ဟု ယတိပြတ် ပြောဆိုကာ ၎င်းယူဆောင်လာသော ဒူးလေးနှင့်မြားဘူးကို တောင်အောက်သို့ ပစ်ချလိုက်ရာ

ကျွန်ုပ်လည်း အံ့ဩဝမ်းသာစိတ်နှင့် စိတ်ထဲမှ သာဓုခေါ်လိုက်မိလေသည်။

ကျွန်ုပ်တို့နှစ်ယောက် ကျားဖြူတောင်အောက်သို့ ရောက်လာကြပြီး တောင်ပေါ်သို့ မော့ကြည့်လိုက်သောအခါ တောင်စောင်းတစ်နေရာတွင်ရပ်၍ ကျွန်ုပ်တို့ကို လက်ပြနှုတ်ဆက်နေသော အဘိုးအို (သို့မဟုတ်) အဘအောင်ကို တွေ့ရလိုက်သည်တွင် ကျွန်ုပ်ရေးသားသော ကျောက်လက်ဝါးအမြုတေအမည်ရှိ ဂန္ထိရဆန်းကြယ် ဇာတ်လမ်းမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနိစ္စဿ ဟောတု သုခီ အတ္တာနံ ပရိဟာရတု။

တြိစက္က

တင်ပြီးချိန် @ ၂၀၀၉-ခုနှစ်၊ ဇွန်လ (၂)ရက်၊
ကြာသပတေးနေ့ ညနေ (၃)နာရီ။